တပေါ စ တော မင်္ဂလ မုတ္တမံ၊ မြိုးမြိုးစွာ ကျင့်သုံးနေထိုင်ခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ နယုန်လဆန်း၄ရက်၊ ၂၀၀၆ ခုနှစ်၊ မေ ၂၂ ရက်၊ စနေနေ့၊ အတွဲ(၆၁)၊ အမှတ်(၂၃၂)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာ နှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ် နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မား ရေးနှင့်ယဉ်ကျေးမှုအမွေအနှစ် များ၊အမျိုးသားရေး လက္ခဏာ များ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

တရားသူကြီးများတရားစီရင်ဆုံးဖြတ်ရာ၌ ဆင်းရဲချမ်းသာမရွေး၊ ရာထူးနိမ့်မြင့်မရွေး၊ လူတန်းစားမရွေး နိုင်ငံအတွင်းမှီတင်းနေထိုင်ကြသူများအတွက် တရားဥပဒေတစ်မျိုးတစ်စားတည်းသာထားရှိစီရင်ဆုံးဖြတ် နိုင်ငံတစ်ဝန်းလုံးမှလွှတ်တော်ကိုယ်စားလှယ်များပါဝင်သည့် ပြည်ထောင်စုလွှတ်တော်ကိုဥပဒေပြုခွင့်အာဏာအပ်နှင်းသင့် ပြည်ထောင်စုလွှတ်တော်ကပြဋ္ဌာန်းသမျှဥပဒေများ ပြည်ထောင်စုနယ်မြေများအပေါ်အာဏာသက်ရောက်မည်

သင့်တင့်လျောက်ပတ်သည့်ဘဏ္ဍာရေးဆိုင်ရာအခွင့်အာဏာများ ပြည်ထောင်စုသို့အပ်နှင်းရန်လိုအပ်



ရန်ကုန်   မေ   ၂၁

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပသော အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုး၏ "တရားစီရင်ရေးကဏ္ဍ" ရှင်းလင်းတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်။

သဘာပတိကြီးခင်ဗျား–

ကျွန်တော်ဆက်လက်ပြီး ရှင်းလင်းတင်ပြမှာကတော့ တရားစီရင်ရေးကဏ္ဍဆိုင်ရာ အကြောင်းအရာများနဲ့စပ်လျဉ်းတဲ့ကိစ္စရပ်များဖြစ်ပါတယ်။ အမျိုးသားညီလာခံက ချမှတ်ထားရှိပြီးဖြစ်တဲ့ အခြေခံမူများအနက် နိုင်ငံတော်ရဲ့ ဦးတည်ချက်နဲ့စပ်လျဉ်းပြီး **"နိုင်ငံတော်၌ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ပိုမိုထွန်းကားရေး"**လို့ အခြေခံမူတစ်ရပ် ချမှတ်ထားပါတယ်။ အဲဒီအခြေခံမူဟာဆိုရင် နိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြတဲ့ နိုင်ငံသားအားလုံးအတွက် အထူးလိုအပ်တဲ့ အခွင့်အရေးတစ်ရပ်ကို အခြေခံမူအဖြစ်

စာမျက်နှာ ၇ ကော်လံ ၁ ■

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပစဉ်။ (အပေါ်ပုံ)

(သတင်းစဉ်)

အမျိုးသားညီလာခံသည် ကျွန်ုပ်တို့ တိုင်းရင်းသားအားလုံး၏ အရေးကိစ္စ ဖြစ်သည်။

မြန်မာ့အလင်း အယ်ဒီတာ့ အာဘော်
(၂၀၀၄ ခုနှစ်၊ မေလ ၂၂ ရက်)

နိုင်ငံတော်၏ ဒို့တာဝန်အရေးသုံးပါး ဦးထိပ်ထား ရှုထောင့်မျိုးစုံကသုံးသပ်ညှိနှိုင်းဆွေးနွေး

အမျိုးသားညီလာခံစုံညီအစည်းအဝေးကို မေလ ၂၀ရက်နေ့ နံနက်ပိုင်းက ရန်ကုန်တိုင်းမှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပရာ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှု အပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီက လူမှုရေးကဏ္ဍနှင့် စီမံခန့်ခွဲရေးကဏ္ဍတို့ကို ရှင်းလင်း တင်ပြသည်။

အမျိုးသားညီလာခံက ချမှတ်လိုက်သည့် အခြေခံမူများနှင့် အသေးစိတ် အခြေခံရမည့် မူများ အပေါ်မူတည်ပြီး ရေးဆွဲပြဋ္ဌာန်းမည့် ဖွဲ့စည်းပုံအခြေခံဥပဒေသည် လက်ရှိပြည်သူများသာမက နောင်သားစဉ်မြေးဆက်လိုက်နာကျင့်သုံးသွားနိုင်မည့် ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေမျိုးဖြစ်ရန် လိုအပ်ပေသည်။

လူမှုရေးကဏ္ဍတွင် ပညာရေးဆိုင်ရာလုပ်ငန်းများ၊ ကျန်းမာရေးဆိုင်ရာလုပ်ငန်းများ၊ လူမှုရေးဆိုင်ရာလုပ်ငန်းများနှင့် အလုပ်သမားရေးဆိုင်ရာလုပ်ငန်းများ စသည်တို့ အကျုံးဝင်ပေသည်။

လူမှုရေးဆိုင်ရာ လုပ်ငန်းများသည် အလွန်မြားမြောင်ကျယ်ပြန့်သည့် လုပ်ငန်းရပ်များဖြစ်ပြီး ထိုလုပ်ငန်းများထဲတွင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးဆိုင်ရာကိစ္စများ၊ ကြက်ခြေနီလုပ်ငန်းဆိုင်ရာကိစ္စများ၊ လူမှုဝန်ထမ်းဆိုင်ရာလုပ်ငန်းများ၊ ကလေးသူငယ်များ၊ လူငယ်များ၊ အမျိုးသမီးများ၊ မသန်မစွမ်းသူများ၊ သက်ကြီးရွယ်အိုများ၊ အခြေအနေမဲ့များအား စောင့်ရှောက်ရေးဆိုင်ရာကိစ္စများ၊ ကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးဆိုင်ရာကိစ္စများ၊ မီးသတ်တပ်ဖွဲ့နှင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးဆိုင်ရာကိစ္စများ စသည်တို့ဖြစ်သည်။

စီမံခန့်ခွဲရေးကဏ္ဍတွင် အထွေထွေအုပ်ချုပ်ရေးဆိုင်ရာကိစ္စများ၊ ရွာမြေ၊ မြို့မြေ စီမံခန့်ခွဲရေးဆိုင်ရာကိစ္စများ၊ အိမ်ငှား၊မြေငှားဆိုင်ရာကိစ္စများ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးဆိုင်ရာကိစ္စများ၊ နိုင်ငံတော်လျှို့ဝှက်ချက်များ ထိန်းသိမ်းရေးဆိုင်ရာကိစ္စများ၊ အသင်းအဖွဲ့များ ဆိုင်ရာကိစ္စများ၊ အကျဉ်းထောင်ဆိုင်ရာကိစ္စများ၊ နယ်စပ်ဒေသဆိုင်ရာကိစ္စများ၊ နိုင်ငံသားဖြစ်ခြင်း၊ နိုင်ငံသားပြုခြင်း၊ နိုင်ငံသားအဖြစ်မှရပ်စဲခြင်း၊ ရုပ်သိမ်းခြင်းဆိုင်ရာကိစ္စများ၊ နိုင်ငံသားစိစစ်ရေးနှင့် မှတ်ပုံတင်လုပ်ငန်းဆိုင်ရာကိစ္စများ၊ ဘွဲ့ထူး၊ ဂုဏ်ထူးနှင့် ဆုတံဆိပ်ဆိုင်ရာကိစ္စများ၊ စည်ပင်သာယာရေး ဆိုင်ရာကိစ္စများ၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စများနှင့် မြို့ပြစီမံကိန်းဆိုင်ရာကိစ္စ များပင် ဖြစ်သည်။

နိုင်ငံတော်၏ ပညာရေးလုပ်ငန်းများသည် ပြည်သူပြည်သားအားလုံးနှင့် တိုက်ရိုက်သက်ဆိုင်သော လုပ်ငန်းဖြစ်သည်။ နိုင်ငံတော်က ဘက်စုံဖွံ့ဖြိုးတိုးတက်သည့် အဆင့်မြင့် ပညာရေးစနစ် တစ်ပြိုင်တည်း ပေါ်ထွန်းလာရေး ဆောင်ရွက်လျက်ရှိသည်။

ကျန်းမာရေးကိစ္စများ ဆောင်ရွက်ရာတွင် ပြည်သူ့အကျိုးကိုရှေးရှုပြီး နိုင်ငံတစ်ဝန်း တူညီသော သတ်မှတ်ချက်ထားရှိရန် လိုအပ်ပေသည်။ တစ်မျိုးသားလုံး ပညာရည်မြင့်မားပြီး ကျန်းမာကြံ့ခိုင်မှသာ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကို အရှိန်အဟုန်ဖြင့် တည်ဆောက်နိုင်မည်ဖြစ်သည်။

ခေတ်မီနိုင်ငံတည်ဆောက်ရာတွင်အုပ်ချုပ်ရေးယန္တရားခိုင်မာပြီး စနစ်တကျ လည်ပတ်ရန် လိုပေသည်။ နိုင်ငံတော်အုပ်ချုပ်ရေးယန္တရား စနစ်တကျလည်ပတ်နိုင်ရေး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်ပေးသင့်ပေသည်။

ပြည်ထောင်စုဥပဒေပြုအဖွဲ့အစည်းနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုအဖွဲ့အစည်းများက ဥပဒေပြုအာဏာ ခွဲဝေကျင့်သုံးကြရာတွင် လူမှုရေးကဏ္ဍနှင့် စီမံခန့်ခွဲရေးကဏ္ဍတို့နှင့် စပ်လျဉ်းသည့် ဥပဒေပြုခွင့် အာဏာများအနက် မည်သည့်အကြောင်းအရာများနှင့် စပ်လျဉ်းသည့် ဥပဒေပြုခွင့်အာဏာများကို ပြည်ထောင်စု ဥပဒေပြုအဖွဲ့အစည်းများအား ခွဲဝေပေးပြီး မည်သည့်အကြောင်းအရာများနှင့် စပ်လျဉ်းသည့် ဥပဒေပြုခွင့်အာဏာများကို တိုင်းဒေသကြီး၊ သို့မဟုတ် ပြည်နယ်ဥပဒေပြုအဖွဲ့အစည်းများအား ခွဲဝေပေးရေးအတွက် အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီက လေ့လာတွေ့ရှိချက်များကို တင်ပြသွားခဲ့သည်။

သို့ဖြစ်ရာ အမျိုးသားညီလာခံ ကိုယ်စားလှယ်များက ညှိနှိုင်းဆွေးနွေးကြရာတွင် နိုင်ငံတော်၏ ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး နိုင်ငံတော်၏ ကာကွယ်ရေး၊ လုံခြုံရေး၊ စီးပွားရေး၊ လူမှုရေး၊ တိုင်းရင်းသားများ၏ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းများ၊ နိုင်ငံတကာဆက်ဆံရေး စသည့် အခြေအနေ အရပ်ရပ်ကိုမျက်ခြည်ပြတ်မခံဘဲ ရှုထောင့်မျိုးစုံက သုံးသပ်ပြီး ညှိနှိုင်းဆွေးနွေးသွားကြမည်ဟု ယုံကြည်ပါသည်။ ။

ကြည့်ရှုစစ်ဆေး

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန်းဆွေ မေ ၁၃ရက်က မိုင်းပတ်-ပန်ဆန်း ကားလမ်း အဆင့်မြှင့် ကတ္တရာခင်းခြင်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။
(က-ပ)

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဆက်ကပ်

စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် လွန်းသီ၏ဇနီး ဒေါ်ခင်မာအေးက နာယကချုပ် ဆရာတော်အား လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းစဉ်။
(စွမ်းအင်)

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်မှသံဃာတော်များ စွမ်းအင်ဝန်ကြီးဌာန ဝန်ထမ်းမိသားစု ဆွမ်းဆက်ကပ်

ရန်ကုန် မေ ၂၁

နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)မှ နာယကချုပ်ဆရာတော်အမှူးပြုသော သံဃာတော်များအား စွမ်းအင်ဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက ဆွမ်းဆက်ကပ်လှူဒါန်းသည့် အခမ်းအနားကို မေ ၁၈ရက် နံနက် ၁၀ နာရီက ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ မိုးကုတ်ဆွမ်းစားဆောင်၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး ပရိသတ်တို့က ရန်ကုန်မြို့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် နာယကချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပဏ္ဏိတာဘိဝံသထံမှ ရှစ်ပါးသီလခံယူဆောက်တည်ကြသည်။ ထို့နောက် စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၏ ဇနီး ဒေါ်ခင်မာအေးက နာယကချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပဏ္ဏိတာဘိဝံသအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ ဆက်လက်၍ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)ရှိ နာယကချုပ်ဆရာတော်နှင့် သင်ကြားစီမံ ဆရာတော်အပါအဝင် သံဃာတော်များအတွက် စွမ်းအင်ဝန်ကြီးဌာန၏ တစ်နေ့တာ ဆွမ်းအလှူတော်ငွေကျပ်နှစ်သိန်းကို ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးက ပေးအပ်လှူဒါန်းသည်။

ယင်းနောက် စွမ်းအင်ဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက ဆရာတော်၊ သံဃာတော်များအား စိန်ဘရားသားဆွမ်းစားဆောင်၌ နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရွှေနောင်ရိုး အထွေထွေစီးပွားရေးလုပ်ငန်းသမလီမိတက်ဖွဲ့စည်း

ရန်ကုန် မေ ၂၁

ရန်ကုန်တိုင်း ကျောက်တံတားမြို့နယ် ရွှေနောင်ရိုး အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းလီမိတက် ဖွဲ့စည်းရေး အခမ်းအနားကို မေ၁၉ရက် နံနက် ၁၀ နာရီက ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သမဝါယမဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစီအစဉ်အရ သဘာပတိ ရန်ကုန်တိုင်း ဖွဲ့စည်းရေးကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ရန်ကုန်တိုင်း သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစိန်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး အသင်းဖွဲ့စည်းရန်နှင့် အသင်းစည်းမျဉ်းစည်းကမ်းများ အတည်ပြုရန်အဆိုကို အသင်းသား ဦးစိန်ထွန်းက အဆိုပြု၍ အသင်းသူ ဒေါ်အေးအေးယုက ထောက်ခံကာ သဘာပတိက အတည်ပြုသည်။

ထို့နောက် အသင်း၏ဒါရိုက်တာအဖွဲ့နှင့် အသင်းသားစာရင်းစစ်များရွေးချယ်ရာ အဖွဲ့ဥက္ကဋ္ဌ ဦးခွန်ထီး(ခ) ဦးဝင်းဆွေနှင့် အဖွဲ့ဝင်ငါးဦး၊ စာရင်းစစ်နှစ်ဦးတို့ကို ရွေးချယ်ကြသည်။ ထို့နောက် ဒါရိုက်တာအဖွဲ့ဝင်များနှင့် အသင်းသား စာရင်းစစ်များ သဘာပတိရှေ့မှောက်တွင် ကတိသစ္စာခံယူကြသည်။ **(အပေါ်ပုံ)**

(သတင်းစဉ်)



နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ ကဝမြို့ သက္ကလစံပြကျေးရွာအနီး သက္ကလ–အုန်းနဲ့အပိုင်း တူးမြောင်း လုပ်ငန်းကို စက်ယန္တရားများဖြင့် တူးဖော်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

■ *နိုင်ငံတော်မှ*

အကြီးအကဲများနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ တပ်မတော် ရဟတ်ယာဉ်ဖြင့် ထွက်ခွာကြပြီး ရှေးဦးစွာ ရန်ကုန်တိုင်း ခရမ်းမြို့နယ်နှင့် ပဲခူးတိုင်း ကဝမြို့နယ်များအတွင်း မိုးစပါး စတင်စိုက်ပျိုးနေမှုကိုကြည့်ရှုကြသည်။ နံနက် ၈နာရီ ၂၀မိနစ်တွင် ပဲခူးတိုင်း ကဝမြို့နယ် သက္ကလစံပြကျေးဇော်က ရန်ကုန်မြို့တော် မိုင် ၃၀ ပတ်ဝန်းကျင် (အရှေ့ခြမ်း) စိမ်းလန်းစိုပြည်ရေး လုပ်ငန်း စီမံကိန်း အစီအစဉ်အရ ရေအရင်းအမြစ် ရရှိရေး၊ လိုအပ်သည့် နေရာသို့ စိုက်ပျိုးရေ သွယ်ယူရေး၊ မိုးရာသီတွင် ရေငန်တားရန်နှင့် နွေရာသီတွင် ရေချိုထိန်းရန် ရေထိန်းတံခါးများ တည်ဆောက်ထားမှု အခြေအနေများကို ပဏာမ ရှင်းလင်းတင်ပြသည်။

မြို့နယ်အတွင်း လယ်မြေဧက ၁၀၀၀၀ နှင့် ရန်ကုန်တိုင်း၊ ခရမ်း၊ သုံးခွ၊ သန်လျင်မြို့နယ်များမှ လယ်မြေဧက ၅၅၀၀၀ ခန့်ကို နွေရာသီ ရေပေးနိုင်ရန် မိုးယွန်းကြီးအင်းမှ ရေကို ဇွဲဘတ် ရေထိန်းတံခါးမှတစ်ဆင့် ပဲခူး–စစ်တောင်းတူးမြောင်းအတွင်းသို့ လွှဲယူပြီး ပုဂံညောင်ပင် ရေလွှဲပေါက်မှ တစ်ဆင့် အုန်းနဲ့ချောင်းသို့ ရေသွယ်ယူရန် စီစဉ်ထားပြီး တဖန် အုန်းနဲ့ချောင်းမှ ရေကို သနပ်ပင်–သုံးခွ စိုက်ပျိုးရေရရှိရေး စီမံကိန်းလုပ်ငန်းများနှင့် တိုးချဲ့စိုက်ပျိုးသွားမည့် အစီအမံများကို အစီအမံအတိုင်း မပြတ် ညှိနှိုင်း ဆောင်ရွက်သွားကြရန် မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ၂၈မိုင်ကျော်ရှည်သည့် ပုဂံညောင်ပင်–အုန်းနဲ့–သက္ကလ–ခရမ်းချောင်းတူးမြောင်း တူးဖော်ခြင်းလုပ်ငန်းတွင် သက္ကလ–အုန်းနဲ့အပိုင်း တူးမြောင်း လုပ်ငန်းကို

ရှေးဦးစွာ ကဝမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်ညိုက ကဝမြို့နယ် သက္ကလစံပြကျေးရွာ တည်နေရာနှင့် အကျယ်အဝန်း၊ အိမ်ခြေ၊ အိမ်ထောင်စုနှင့်လူဦးရေ၊ မိုးစပါးစိုက်ဧက၊ မတ်ပဲ၊ ပဲစင်းငုံ၊ ပဲတီစိမ်း၊ နေကြာ ပတ်လည်၌ စပါး နှင့်အခြားသီးနှံများ ရာသီမပြတ် စိုက်ပျိုးဖြစ်ထွန်းစေရန် အဓိကလိုအပ်ချက် ဖြစ်သည့် စိုက်ပျိုးရေ ရရှိရေးအတွက် ပဲခူးရိုးမမှ စီးဆင်းလာသည့်ရေကို ဆည်မြောင်းတာတမံများဖြင့်စုဆောင်းပြီး ရန်ကုန်မြို့တော်မိုင် ၃၀ ပတ်လည် အရှေ့

နိုင်ငံတော်ကပြည်သူအားလုံးလူနေမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအမြဲကြိုးဆ ဆောင်ရွက်လျက်ရှိ ပြည်သူအပိုင်းကလည်းမိမိတို့အကျိုးစီးပွားနှင့်ဒေသဖွံ့ဖြိုးရေး ဝီရိယစိုက်ထုတ်အလုပ်လုပ်

ရွာအနီး ဆည်မြောင်းဦးစီးဌာန၏ ပုဂံညောင်ပင်–အုန်းနဲ့–သက္ကလ၊ ခရမ်းချောင်းတူးမြောင်း ဖောက်လုပ်ရေး စီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိကြသည်။

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် အဖွဲ့ဝင်များအား ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တောင်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊တိုင်း၊ ခရိုင်၊မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့်ဒေသခံပြည်သူများက ကြိုဆိုကြသည်။

ရှေးဦးစွာ လုပ်ငန်းခွင် ရှင်းလင်းဆောင်၌ ဆည်မြောင်း ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်

မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ကျောက်တန်းမြို့နယ် မင်္ဂလွန်းစံပြကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းအတွက် ရုပ်မြင်သံကြားစက်၊ဗီဒီယိုပြစက်တို့ကို ကျောင်းအုပ်ဆရာမကြီးနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌတို့အား ပေးအပ်စဉ်။ (သတင်းစဉ်)

ရှင်းလင်းတင်ပြ

ဆက်လက်၍ ပထမဆင့်တွင် ရေအရင်းအမြစ် ရရှိရေးအတွက် မိုးယွန်းကြီးအင်းမှ စိုက်ပျိုးရေ ဧကပေ ၁၄၀၀၀၀ ရရှိနိုင်မှု အခြေအနေ၊ မိုးယွန်းကြီးအင်းသို့ ဘိုင်းဒါးရေလှောင်တမံ၊ ကောလိယရေလှောင်တမံ၊ ဘောနီရေလှောင်တမံနှင့် ဇောင်းတူရေလွှဲဆည်တို့မှ ရေဖြည့်ဆည်းပေးနိုင်မှု၊ စလူချောင်း၊ ရွှေလောင်းချောင်းနှင့် ကိုလူကွဲချောင်းများ၌ ရေလှောင်တမံများ တည်ဆောက်ခြင်းဖြင့် ရေအရင်းအမြစ်များရနိုင်မှုနှင့် စိုက်ပျိုးရေရရှိရေးအတွက် ဆောင်ရွက်နေမှု အစီအမံများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဆင့်တွင် ရေအရင်းအမြစ်များကို လိုအပ်မည့်နေရာသို့ သွယ်ယူရာတွင် ပဲခူးတိုင်း ကဝကားလမ်းနံဘေးအတိုင်း တူးမြောင်းစနစ်ဖြင့် သွယ်ယူ၍ ခရမ်း–သုံးခွဒေသတဝိုက် စိုက်ပျိုးရေပေးရန် စီစဉ်ထားမှု၊ ၂၈ မိုင်ကျော်ရှည်သည့် ပုဂံညောင်ပင်–အုန်းနဲ့–သက္ကလ–ခရမ်းချောင်း တူးမြောင်း တူးဖော်နေမှု အခြေအနေ၊ ပိုင်ကျုံ၊ ရွှေလှေ ရေထိန်းတံခါးများ တည်ဆောက်ပြီးစီးနေမှုနှင့် ခရမ်း ရေထိန်းတံခါး တည်ဆောက်နေမှု အခြေအနေနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရန်ကုန်တိုင်း အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက ရန်ကုန်မြို့တော်ဝန်းကျင်မိုင်၃၀ပတ်လည် အတွင်း ၁၂လရာသီ စပါးနှင့် အခြားသီးနှံများ စိုက်ပျိုးရေး၊ စိမ်းလန်းစိုပြည်ရေး၊ စိုက်ပျိုးမြေဧက၁၃သိန်းကျော်၌ မိုးစပါး၊ နွေစပါး၊ ဆောင်းသီးနှံနှင့် အခြားသီးနှံများ တိုးမြှင့် စိုက်ပျိုးနိုင်ရန်အတွက် ဆောင်ရွက်ထားမှု၊ နွေရာသီတွင် ရေမရသဖြင့် စိုက်ပျိုးခြင်းမရှိသည့် နေရာများ၌ တစ်နှစ်ပတ်လုံး စိုက်ပျိုးနိုင်ရန် ရေသွင်းရေထုတ်မြောင်းများ၊ ချောင်းများ၊ ဆည်မြောင်းတာတမံများ၊ မြစ်ရေတင်လုပ်ငန်းများ၊ ရေထိန်းတံခါးများ မွမ်းမံတည်ဆောက်မှု လုပ်ငန်းဆောင်ရွက်နေမှုနှင့် ပတ်သက်၍ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ကိုကိုက မိုးယွန်းကြီးအင်းရေဖြင့်စိုက်ပျိုးရေး လုပ်ငန်းဆောင်ရွက်မည့်အစီအမံကြောင့် ကဝမြို့နယ်၌ စိုက်ဧက ၁၀၀၀၀ ပေါ်ထွက်လာမည့် အခြေအနေနှင့် ဆက်လက်ပြီး ပြွန်တန်ဆာလွင်ပြင်၌ စိုက်ပျိုးမြေ ဖော်ထုတ်နိုင်မည့် အစီအမံများကို ရှင်းလင်းတင်ပြသည်။

ညှိနှိုင်းဆောင်ရွက်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဒေသဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုမည့်

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သက္ကလစံပြကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်ကို ကျောင်းအုပ်ဆရာမကြီး ဒေါ်ထားထားရွှေအား ပေးအပ်စဉ်။ (သတင်းစဉ်)

ယန္တရားများဖြင့် လုပ်ကိုင်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့်နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည်သက္ကလစံပြကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းသို့ရောက်ရှိကြရာ ကျောင်းအကျိုးတော်ဆောင်အဖွဲ့များ၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်ထားထားရွှေနှင့်ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ၊ ဒေသခံပြည်သူများက ကြိုဆိုကြသည်။

ရပ်မိရပ်ဖများတွေ့ဆုံ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ကျောင်းခန်းမ၌ ကဝမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံသည်။

နှင့်မြေပဲစိုက်ပျိုးနိုင်မှု၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများဆောင်ရွက်နေမှု၊ နိုင်ငံတော်ဝန်ကြီးချုပ်၏ ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီ ၂၈ရက်နှင့်ဧပြီ ၂၉ ရက် ကဝမြို့နယ် ခရီးစဉ်တွင် လမ်းတံတားလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်း၊ ပညာရေး၊ ကျန်းမာရေး လုပ်ငန်းများ အပါအဝင်ဒေသဖွံ့ဖြိုးရေးအတွက် လမ်းညွှန်မှာကြားချက်များ အပေါ် အကောင်အထည်ဖော်ဆောင်ရွက်ထားမှုနှင့်ပတ်သက်၍ရှင်းလင်းတင်ပြသည်။

ဖြည့်ဆည်းရန်ရောက်ရှိ

ထို့နောက်နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က မြို့နယ်မှ ထပ်မံတင်ပြသည့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းလိုအပ်ချက်များကိုဖြည့်ဆည်းဆောင်ရွက်ပေးပြီးအမှာစကားပြောကြားရာတွင် ယနေ့ မိမိတို့အဖွဲ့ ရန်ကုန်မြို့တော် ပတ်ဝန်းကျင်မိုင် ၃၀

ခြမ်းမြို့နယ်များဖြစ်သည့် ကဝ မြို့နယ်၊ ခရမ်းမြို့နယ်၊ သုံးခွမြို့နယ်နှင့် ကျောက်တန်းမြို့နယ်များရှိ လယ်မြေများတွင် နွေစပါးနှင့်ဆောင်းသီးနှံများ စိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးရေရရှိရန်ဆောင်ရွက်နေသည့် လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီးကျေးလက်နေပြည်သူများ၏ စီးပွားရေးနှင့်လူနေမှုအဆင့်အတန်းတိုးတက်မြင့်မားရေးကို အထောက်အကူဖြစ်စေမည့် လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် လာရောက်ကြခြင်းဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရက ကျေးလက်နေပြည်သူများ၏ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေးတိုးတက်ဖြစ်ထွန်းမှုများ အထောက်အကူဖြစ်စေမည့် အခြေခံလိုအပ်ချက်များကို စီမံဖြည့်ဆည်းပေးလျက်ရှိကြောင်း။

စာမျက်နှာ ၅ ကော်လံ ၁

ယနေ့ထုတ်စောင်ရေ ၂၀၀၁၃၈

အီရတ်အုပ်ချုပ်မှုကောင်စီဥက္ကဋ္ဌ ကားဗုံးခွဲခံရပြီးသေဆုံးမှု တုန်လှုပ်ချောက်ချားမှုဖြစ်ရကြောင်း ကိုဖီအာနန်ပြောကြား

ကုလသမဂ္ဂ မေ ၁၉

အီရတ်အုပ်ချုပ်မှုကောင်စီဥက္ကဋ္ဌအသတ်ခံရသည့်အတွက် တုန်လှုပ်ချောက်ချားမှု ဖြစ်ရကြောင်း၊ အကြမ်းဖက်မှုများလျော့သွားရန် မျှော်လင့်ကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ကိုဖီအာနန်က တနင်္လာနေ့၌ ပြောကြားလိုက်သည်။

ဇွန် ၃၀ ရက်၌အီရတ်တို့ကို အချုပ် အခြာအာဏာတရားဝင် လွှဲပြောင်းပေးသောအခါ အမေရိကန် ဦးဆောင်သော အပေါင်းပါတပ်များကို တိုက်ခိုက်နေသူ အချို့သည် ၎င်းတို့၏ရည်မှန်းချက် အောင်မြင်မှုရမည်ဖြစ်သော်လည်း အီရတ်၌ နောက်ဆုံး နိုင်ငံခြားတပ်ဖွဲ့ဝင်ကျန်သည်အထိ အခြားသူများက တိုက်ခိုက်နေဦးမည်ဖြစ်ကြောင်း သတင်းထောက်များကို ၎င်းက ပြောကြားသည်။

ပြောကြား

ဇွန်၃၀ ရက်၌အုပ်ချုပ်ရေးလွှဲပြောင်း ပေးပြီးနောက် တရားဥပဒေ စိုးမိုးမှုကို ကူညီထိန်းသိမ်းပေးရန် အီရတ်နိုင်ငံ၌ အမေရိကန်တပ်များ ရှိနေဦးမည်ဖြစ်သည်။ အီရတ်နိုင်ငံမှနေ၍ နိုင်ငံခြားတပ်ဖွဲ့ဝင်များအားလုံး ထွက်သွားလျှင်သော်မှ နိုင်ငံရေးလုပ်ငန်းစဉ်တစ်ခု လုံးကို ဆန့်ကျင်ခဲ့ ကြသော စစ်သွေးကြွအချို့သည် ပြည်တွင်းစစ်ကိုဆင်နွှဲဖွယ်ရှိကြောင်း အာနန်က ပြောကြားသည်။

တုန်လှုပ်

အီရတ်အုပ်ချုပ်မှုကောင်စီ ဥက္ကဋ္ဌ မစ္စတာဆလင်မ်ကို လုပ်ကြံသတ်ဖြတ်ခဲ့သည့်ရာဇဝတ်မှုကြောင့် မိမိ အမှန်တကယ် တုန်လှုပ်မိကြောင်း သတင်းထောက်များကို အာနန်ကပြောကြားသည်။

ဘဂ္ဂဒက်မြို့လယ်ရှိ အစိမ်းရောင်ဒေသအဝင်စစ်ဆေးရေးစခန်း၌ ကားဗုံးပေါက်ကွဲချိန်တွင် အဇ်ဇီဒင်ဆလင်မ်သည် ၎င်း၏ယာဉ်တန်းဖြင့် အစိမ်းရောင်ဒေသထဲဝင်ရန် စောင့်ဆိုင်းနေချိန်ဖြစ်သည်။ ဆလင်မ် အပြင် ခြောက်ဦးထက်မနည်း သေဆုံးခဲ့ရသည်။

အမ်အင်အေ၊ရိုက်တာ

စစ်ရေးမဟုတ်ဘဲ နိုင်ငံရေးအရဖြေရှင်းရန်လိုအပ် အီရတ်စစ်ပွဲကိုဆန့်ကျင်သူ ပြင်သစ်သမ္မတပြောကြား

ဗီလီယားစ်လီဘဲလ် (ပြင်သစ်) မေ ၁၉

အီရတ်အုပ်ချုပ်ရေးကောင်စီအ ကြီးအကဲအား အသေခံဗုံးဖောက်ခွဲပြီး လုပ်ကြံသတ်ဖြတ်ခြင်းကြောင့် မိမိကို တုန်လှုပ်ချောက်ချားစေကြောင်း ပြင်သစ်သမ္မတ ဂျက်ရှီရတ်က တနင်္လာနေ့၌ ပြောကြားလိုက်သည်။

အီရတ်တွင်ဖြစ်ပျက်ခဲ့သော အဖြစ်ဆိုးများကြောင့်မိမိတုန်လှုပ်ချောက်ချားစေကြောင်း၊ အီရတ်၌ စစ်ရေးအရ ဖြေရှင်းချက်မရှိဘဲ နိုင်ငံရေးအရ ဖြေရှင်းရန် လိုအပ်သည်ဟု မိမိ သဘောပေါက် နားလည်ကြောင်း ရှီရတ်က ပြောကြားသည်။

ပြောဆို

စစ်မှန်သောအီရတ်အစိုးရသို့ အချုပ်အခြာအာဏာနှင့် အုပ်ချုပ်ရေး လွှဲပေးခြင်းဖြင့် အဖြေရှာတွေ့မည်ဟု မိမိမျှော်လင့်ကြောင်း ရှီရတ်က ပြောဆိုသည်။

အီရတ်အသွင် ကူးပြောင်းရေးကို အစိုးရအဖွဲ့အုပ်ချုပ်သည့်အခါ အမေရိကန် ဦးဆောင်သော နိုင်ငံစုံတပ်ဖွဲ့ကို ကုလသမဂ္ဂက ထောက်ခံ ချက်ပေးရမည်ဖြစ်သည်ကို ပြင်သစ်နိုင်ငံက သဘောတူသော်လည်း ယင်းနောက်ပိုင်း၌ ဇန်နဝါရီလတွင် အီရတ်အစိုးရကို ပြင်သစ်နိုင်ငံက ရွေးချယ်စေလိုသည်။ **အမ်အင်အေ၊ရိုက်တာ**

တွန်းလှန်တိုက်ခိုက်

ဘဂ္ဂဒက်တောင်ဘက်ရှိ ကာဘာလာမြို့တွင် အမေရိကန်နှင့်အပေါင်းပါတပ်များကို တွန်းလှန်တိုက်ခိုက်နေသော အယ်လ်ဆာဒါ၏ သစ္စာခံသူ အီရတ် ပြောက်ကျားများအား မေ ၁၈ ရက်ကတွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်အကျဉ်းသားများကို မတရားနှိပ်စက်မှု ဥရောပသမဂ္ဂနိုင်ငံခြားရေးဝန်ကြီးများရှုတ်ချ

ဘရပ်ဆဲလ် မေ ၁၉

အီရတ်အကျဉ်းသားများကို မတရားညှဉ်းပန်းနှိပ်စက်ခြင်းကို ဥရောပသမဂ္ဂ နိုင်ငံခြားရေးဝန်ကြီးများက တနင်္လာနေ့၌ ပြစ်တင်ရှုတ်ချလိုက်ကြပြီး ယင်းလုပ်ရပ်သည် နိုင်ငံတကာဆိုင်ရာ ဥပဒေကို ချိုးဖောက်ခြင်းဖြစ်သည်ဟု ပြောဆိုလိုက်သည်။

ထို့ပြင်အသေခံကားဗုံးဖောက်ခွဲခံရပြီး အီရတ်အုပ်ချုပ်မှုကောင်စီအကြီး အကဲသေဆုံးခဲ့ရခြင်းကိုလည်း ၎င်းတို့က ဝမ်းနည်းကြောင်း ပြောဆိုကြပြီး အီရတ်ရှိ အကျဉ်းသားများအားလုံးကို ချက်ချင်းလွှတ်ပေးရန် တောင်းဆိုလိုက်သည်။

ဖော်ပြ

နိုင်ငံတကာဆိုင်ရာ ဥပဒေနှင့်ဆန့်ကျင်သော တစ်စုံတစ်ရာ မတရား ညှဉ်းပန်းနှိပ်စက်မှု၊ အရှက်ရစေမှုများကို ကောင်စီကပြစ်တင်ရှုတ်ချကြောင်း ၂၅ နိုင်ငံအုပ်စု၏ ဝန်ကြီးများထုတ်ပြန်သည့်ကြေညာချက်၌ ဖော်ပြထားသည်။

လက်မခံ

ထိုကဲ့သို့ အီရတ်အကျဉ်းသားများကို မတရားညှဉ်းပန်းနှိပ်စက်မှုသည် လုံးဝလက်ခံနိုင်စရာမရှိသော အလွန်ရိုင်းစိုင်းမှုဖြစ်ကြောင်း အီရတ်စစ်ပွဲတွင် အမေရိကန်၏ အရင်းနှီးဆုံး အပေါင်းပါနိုင်ငံဖြစ်သော ဗြိတိန်နိုင်ငံ၏နိုင်ငံခြားရေးဝန်ကြီး ဂျက်စထရောက ပြောဆိုသည်။ **အမ်အင်အေ၊ရိုက်တာ**

ဆာဒါ၏သစ္စာခံများနှင့် ကန်တပ်ဖွဲ့ဝင်များ ကာဘာလာမြို့တွင် တိုက်ပွဲများထပ်မံဖြစ်ပွား

ကာဘာလာ မေ ၁၇

အီရတ်ခေါင်းဆောင် အယ်လ်ဆာဒါကိုသစ္စာခံသော ပြောက်ကျားများနှင့် အမေရိကန်တပ်ဖွဲ့ဝင်များ ကာဘာလာမြို့တွင်း၌ တနင်္ဂနွေနေ့ကတိုက်ပွဲထပ်မံဖြစ်ပွားခဲ့ကြသည်။

မြို့လယ်ကောင်၌နေရာယူထားသော အမေရိကန်တင့်ကား ၁၀ စီးချဉ်းကပ်လာရာတွင် မီဒီတပ်ဖွဲ့မှတိုက်ခိုက်ရေးသမားများကစိန်ပြောင်းများ၊ ဒုံးပစ်လောင်ချာများဖြင့် ပြန်လှန်ပစ်ခတ် တိုက်ခိုက်ခဲ့ကြသည်။

အရုဏ်တက်ပြီးနောက် နံနက် ၇နာရီ၌ဖြစ်ပွားသော ယင်းတိုက်ပွဲအတွင်း သေဆုံးခဲ့သော တိုက်ခိုက်ရေးသမားတစ်ဦး ဒဏ်ရာရသူသုံးဦးဆေးရုံသို့ရောက်လာကြောင်း ကာဘာလာဆေးရုံ၏ ညွှန်ကြားရေးမှူးက ပြောကြားသည်။

အီရတ်နိုင်ငံတောင်ဘက်နာဂျက်ဖ်မြို့မှာငြိမ်သက်နေပြီး နာဆီရီယာ၌ အီတလီတပ်များနှင့် မီဒီတပ်ဖွဲ့ဝင်များ ညဘက်၌ခေတ္တခဏတိုက်ပွဲဖြစ်ခဲ့သည်။ အရပ်ဘက်ယာဉ်တန်းတစ်ခုနာဆီရီယာအနီး၌ အတိုက်ခံရသဖြင့်ယာဉ်တစ်စီးပျက်စီးပြီး ယာဉ်မောင်းဒဏ်ရာရခဲ့သည်။

နာဂျက်ဖ်မြို့တွင် သောကြာနေ့၌တင့်ကားများသည်ရှေးသချိုင်းအတွင်းသို့ဝင်ရောက်လာခဲ့ကြပြီး ကာဘာလာအနီး၌ တိုက်ပွဲများဖြစ်ပွားခဲ့သည်။

အမ်အင်အေ၊ ရိုက်တာ

အီရတ်တည်ဆောက်ရေး အလှူရှင်များကူညီမည်

ပင်လယ်သေကမ်းခြေ (ဂျော်ဒန်) မေ ၁၆

ကမ္ဘာ့အလှူရှင်များသည် ကုလသမဂ္ဂနှင့် ကမ္ဘာ့ဘဏ်တို့၏ ယုံကြည်မှုရန်ပုံငွေထဲသို့ အီရတ်ပြန်လည် တည်ဆောက်ရေးအတွက်အကူအညီပေးရန် လျာထားသော အမေရိကန် ဒေါ်လာ ၃၃ ဘီလီယံအနက် အမေရိကန်ဒေါ်လာ တစ်ဘီလီယံခန့်ကို ဖြည့်သွင်းရန် ကတိပေးခဲ့ကြောင်း ဂျော်ဒန်နိုင်ငံ၏ စီမံကိန်းဌာနဝန်ကြီးက စနေနေ့တွင် ပြောကြားသည်။

အလှူရှင်များသည် ဒိုဟာ၌ မေ ၂၅ရက်နှင့် ၂၆ရက်တို့တွင်ကျင်းပမည့် တွေ့ဆုံဆွေးနွေးပွဲတွင်ကတိပိုမိုပေးပြီး အကူအညီများ ပေးမည်ဖြစ်ကြောင်း ဂျော်ဒန်၌ တွေ့ဆုံဆွေးနွေးသော ကမ္ဘာ့စီးပွားရေး ဖိုရမ်ကို ဦးဆောင်သည့် မီဒီအယ်လ် ဟာဖီဒါက သတင်းထောက်များအား ပြောကြားသည်။

မိမိတို့သည် ယခုအခါ အမေရိကန်ဒေါ်လာတစ်ဘီလီယံထက် ပိုမိုရရှိခဲ့ပြီး ထပ်မံ၍ပိုမိုရရှိရန်မျှော်လင့်ထားကြောင်း ဤသည်မှာ ယုံကြည်မှုရန်ပုံငွေတွင် အာမခံငွေထားခြင်းဖြစ်ကြောင်း ဟာဖီဒါက ပြောသည်။

အမ်အင်အေ၊ရိုက်တာ

အဘူဂါရိပ် အကျဉ်းထောင်အတွင်းရှိ ဆွေမျိုးသားချင်းများအားတွေ့ခွင့်ရရန် မေ ၁၈ ရက်က အကျဉ်းထောင်အပြင်ဘက်၌စောင့်ဆိုင်းနေကြသော အီရတ်တို့အား အမေရိကန်တပ်ဖွဲ့ဝင် တစ်ဦးက လုံခြုံရေး စစ်ဆေးနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ရမ်းစဖဲလ်နုတ်ထွက်ပေးရန် အီရတ်သတင်းစာကြီးတစ်စောင်ကတောင်းဆို

ဘဂ္ဂဒက် မေ ၁၇

အမေရိကန်တပ်ဖွဲ့ဝင်များက အီရတ်အကျဉ်းသားများကို မတရားညှဉ်းပန်းနှိပ်စက်မှုနှင့်စပ်လျဉ်း၍ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ရမ်းစဖဲလ် ရာထူးမှနုတ်ထွက်ရန် အီရတ်နိုင်ငံ၏ စောင်ရေအများဆုံးထုတ်ဝေသော သတင်းစာကြီးတစ်စောင်က တောင်းဆိုလိုက်သည်။

အဘူဂါရိပ်အကျဉ်းထောင်သို့ ရမ်းစဖဲလ်သွားရောက်ခဲ့ပြီး နောက်နှစ်ရက်အကြာ၌ အက်ဇ်ဇာမန်းသတင်းစာကြီးက ထိုသို့ ရေးသားဖော်ပြခဲ့ခြင်းဖြစ်သည်။ အီရတ်စစ်တပ်ကို သိမ်ငယ်စေခဲ့ပြီး အီရတ်ပြည်သူများ၏ သမိုင်းကြောင်းနှင့် ဂုဏ်သိက္ခာကိုဖျက်ဆီးခဲ့သော ရမ်းစဖဲလ်သည် အဘူဂါရိပ်အကျဉ်းထောင်၌ အီရတ်နိုင်ငံသားများကို အမေရိကန်တပ်ဖွဲ့ဝင်များ ကျူးလွန်သည့်အပြစ်ကို မေ့နေကြောင်း သတင်းစာက ရေးသားသည်။

ဖိနှိပ်ခံရသော အီရတ်ပြည်သူများကျေနပ်မှုရစေရန်အတွက် ရာထူးမှနုတ် ထွက်ကြောင်းကို ဘဂ္ဂဒက်မှနေ၍ ကြေညာသင့်ကြောင်းလည်း သတင်းစာက ဆက်လက်ရေးသားဖော်ပြသည်။ အမေရိကန်တပ်ဖွဲ့ဝင်များ၏ လုပ်ဆောင်ချက်များနှင့် ပတ်သက်၍ ရာထူးမှ နုတ်ထွက်ပေးရန် အမေရိကန်ပြည်တွင်း၌ တောင်းဆိုမှုများကို ရမ်းစဖဲလ်က အတိုက်အခံပြုထားသည်။

အမ်အင်အေ၊ရိုက်တာ

စာမျက်နှာ ၃ မှ

ယခု ကဝမြို့နယ် သက္ကလကျေးရွာအနီးဆောင်ရွက်နေသည့်တူးမြောင်းလုပ်ငန်းများပြီးစီးပါက ကဝ၊ ခရမ်း၊ သုံးခွနှင့်ကျောက်တန်းမြို့နယ်များ၌ နွေစပါးကိုပါ တိုးချဲ့စိုက်ပျိုးလာနိုင်မှာဖြစ်ကြောင်း။

ထို့ကြောင့် ဤမြို့နယ်များရှိ ဌာနဆိုင်ရာများနှင့် ဒေသနေပြည်သူများအပိုင်းကလည်း ရရှိလာမည့် အခွင့်အလမ်းများကို ပြည့်ပြည့်ဝဝအသုံးချနိုင်အောင် ကြိုတင် စီစဉ်ထားရန် လိုအပ်သည်များကို စီမံဆောင်ရွက်ထားကြရေး မှာကြားသည်။

ယင်းနောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က သက္ကလစံပြကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းအတွက် ရုပ်မြင်သံကြားစက်နှင့် ဗီဒီယိုပြစက်တို့ကို ကျောင်းအုပ်ဆရာမကြီး ဒေါ်ထားထားရွှေအား ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် သက္ကလစံပြကျေးရွာ တိုက်နယ်ဆေးရုံသို့ သွား ရောက်၍ ခွဲစိတ်ခန်း၊ လူနာဆောင်နှင့် ဆေးနှင့်ဆေးပစ္စည်း သိုလှောင်ခန်းတို့ကို ကြည့်ရှု စစ်ဆေးရာ ဆေးရုံအုပ်ဒေါက်တာသန်းလွင်နှင့် တာဝန်ရှိသူတို့က လိုက်လံပြသ ရှင်းလင်းသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် တိုက်နယ်ဆေးရုံ အဆောက်အအုံပြုပြင်မွမ်းမံရေး၊ ဓာတ်မှန်ခန်း အဆောက်အအုံ တည်ဆောက်ရေး တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ရန်ကုန်တိုင်း ကျောက်တန်းမြို့နယ် တံတားမြို့သို့ ရောက်ရှိကြရာ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊လူမှုရေးအသင်းအဖွဲ့များ၊ဆရာ ဆရာမများ၊ကျောင်းသားကျောင်းသူများနှင့် ဒေသခံပြည်သူများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ကျောက်တန်းမြို့နယ် တံတားမြို့အခြေခံပညာအထက်တန်းကျောင်း သီရိရတနာခန်းမ၌ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ ကျောက်တန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်ဇော်က တံတားမြို့၏ တည်နေရာနှင့် အကျယ်အဝန်း၊ အိမ်ထောင်စု၊ လူဦးရေ၊ စိုက်ပျိုးရေး၊ လမ်းတံတားလုပ်ငန်း၊ ပညာရေး၊ ကျန်းမာရေး၊ မြို့အကွက်ချပုံစံ၊ မြို့အင်္ဂါရပ်နှင့်အညီ ဖြစ်ထွန်းလာရန် ဆောင်ရွက်မည့်လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ခံအင်ဂျင်နီယာ ဦးမြသက်အောင်က ကျောက်တန်းမြို့နယ်အတွင်းနှင့် အခြား မြို့နယ်များသို့ဆက်သွယ်သည့် လမ်းတံတားများ၏ အခြေအနေနှင့် အဆင့်မြှင့်မွမ်းမံ တည်ဆောက်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းစည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူး ဦးကျော်ကျော်ထွန်းက တံတားမြို့ မြို့ပြစီမံကိန်း၊ မြို့ရေပေးဝေရေး၊ စိမ်းလန်းစိုပြည်ရေး၊ မြို့တွင်းလမ်းများ တည်ဆောက်ရေးအပါအဝင် မြို့ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ပူးပေါင်းဆောင်ရွက်

ထို့နောက် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်က ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပုံနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တံတားမြို့ အခြေခံပညာအထက်တန်းကျောင်းအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်တို့ကို ကျောင်းအုပ်ဆရာကြီး ဦးလှဝင်းအား ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် တင်ပြသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် ယနေ့ မိမိနှင့်အဖွဲ့ ရန်ကုန်မြို့တော် မိုင် ၃၀ ပတ်လည်အတွင်း စိုက်ပျိုးရေးသီးနှံများဖြင့် အမြဲတမ်း စိုပြည်စိမ်းလန်းရေးအတွက် နွေရာသီတွင် စိုက်ပျိုးရေ ရရှိစေရန် ဆောင်ရွက်လျက်ရှိသည့် တူးမြောင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် လာရောက်ခဲ့ကြခြင်း ဖြစ်ကြောင်း။

ကျောက်တန်းမြို့နယ်အတွင်းရှိ တံတားမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများမှာ ပင်လယ်ပြင်နှင့် ဆက်စပ်လျက်ရှိနေသည့် ဒေသတစ်ခုဖြစ်သည်နှင့်အညီ ထိုဒေသဖွံ့ဖြိုးရေး အထောက်အကူဖြစ်စေရန်လိုအပ်မှုများကို စီစဉ်ဖြည့်ဆည်းပေးခဲ့ပြီး ဖြစ်ကြောင်း။

စီမံကိန်းများချမှတ်

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်နယ်နှင့်တိုင်းများအလိုက် ဒေသဖွံ့ဖြိုးရေးကို အထောက်အကူဖြစ်စေမည့် တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနေသကဲ့သို့ တစ်နိုင်ငံလုံးနှင့် သက်ဆိုင်သည့် စီမံကိန်းများကိုလည်း အစီအမံများချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိနေကြောင်း။

ယခင်က ကဝ၊ခရမ်း၊သုံးခွနှင့် ကျောက်တန်းမြို့နယ်များ၌ မိုးစပါးနှင့် ဆောင်းသီးနှံသာ စိုက်ပျိုးနိုင်ခဲ့ပြီး နွေရာသီတွင် စိုက်ပျိုးရေ မရသဖြင့် နွေစပါးနှင့် အခြားသီးနှံများ စိုက်ပျိုးနိုင်ခြင်းမရှိခဲ့ကြောင်း၊ထို့ကြောင့် နိုင်ငံတော်က ရန်ကုန်မြို့တော်ဝန်းကျင်မိုင် ၃၀ ပတ်လည် စိမ်းလန်းစိုပြည်ရေးနှင့် နွေ၊မိုး၊ဆောင်း စိုက်ပျိုးနိုင်ကြရေး စီမံချက်ချမှတ်ပြီး အဓိကစိုက်ပျိုးရေရရှိရေး စီမံဆောင်ရွက်လျက်ရှိကြောင်း။

အလားတူပင် နိုင်ငံအတွင်း ယခင်က ရေမရသဖြင့် စိုက်ပျိုးနိုင်ခြင်း မရှိသည့် အပူပိုင်းဇုန်ဒေသများတွင်လည်း စိုက်ပျိုးရေရရှိနိုင်အောင် မြစ်ရေတင်စီမံကိန်းများ၊ ဆည်မြောင်းတာတမံ စီမံကိန်းများဖြင့် စိုက်ပျိုးရေရရှိရေးကို စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ပံ့ပိုးဖြည့်ဆည်း

နိုင်ငံတော်အစိုးရက တိုင်းရင်းသားပြည်သူအားလုံး လူနေမှုဘဝမြင့်မားရေး၊ စီးပွားရေးတိုးတက်ဖွံ့ဖြိုးရေးတို့အတွက် အမြဲမပြတ် နည်းလမ်း ကြံဆဆောင်ရွက်ပေးလျက်ရှိသည်နှင့်အညီ မြို့နယ်ဌာနဆိုင်ရာများကလည်း မိမိဒေသဖွံ့ဖြိုးရေးအတွက် မှန်ကန်သော ဦးဆောင်မှုဖြင့် ဝီရိယနှင့် စေတနာအရင်းခံလျက် အနီးကပ်ပံ့ပိုးဖြည့်ဆည်း ဆောင်ရွက်ပေးကြရန် မှာကြားလိုကြောင်း။

ပြည်သူများအပိုင်းကလည်း ရရှိဖြစ်ထွန်းလာသည့် အခြေအနေများကို ထိထိရောက်ရောက် အသုံးချပြီး မိမိတို့၏ အကျိုးစီးပွားနှင့် လူနေမှုဘဝမြင့်မားရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝီရိယစိုက်ထုတ် အလုပ်လုပ်ကြရန် မှာကြားလိုကြောင်းဖြင့် မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် တံတားမြို့ သုံးလောကထွဋ်ခေါင် မာရ်အောင်ရတနာဘုရားကြီးသို့ ရောက်ရှိကြပြီး ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအားဖူးမြော်ကြည်ညိုကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် အလယ်ကျောင်းဆရာတော် ဘဒ္ဒန္တဝဏ္ဏသာမိအား ပူဇော်ကန်တော့ကြပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ကျောက်တန်းမြို့နယ် မင်္ဂလွန်းစံပြကျေးရွာသို့ ရောက်ရှိကြရာ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များက ကြိုဆိုကြသည်။

ဖူးမြော်ကြည်ညို

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မင်္ဂလွန်းစံပြကျေးရွာ မဟာအတုလဦးသျှောင် ကိုးထပ်ကြီး ရုပ်ပွားတော်မြတ်အား သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည်မင်္ဂလွန်းအရှေ့ကျောင်းဆရာတော် ဘဒ္ဒန္တ ဣန္ဒာစာရနှင့် မင်္ဂလာကန်ဦးကျောင်းဆရာတော် ဘဒ္ဒန္တ နန္ဒမာလာတို့အား ပူဇော်ကန်တော့ကြပြီး လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မဟာအတုလဦးသျှောင် ကိုးထပ်ကြီးရုပ်ပွားတော် ဂန္ဓကုဋိတိုက်တော်ဘက်စုံ ပြုပြင်ရန်တာဝန်ရှိသူများအားမှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံသည်။

အစီအစဉ်အရ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းရွှေက ကျေးရွာဖွံ့ဖြိုးရေးအတွက်လိုအပ်ချက်များကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များကို မှာကြားဖြည့်ဆည်းပေးသည်။

ယင်းနောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က မင်္ဂလွန်း အခြေခံပညာ အထက်တန်းကျောင်းအတွက် ရုပ်မြင်သံကြားစက်နှင့် ဗီဒီယိုပြစက်တို့ကို ကျောင်းအုပ်ဆရာမကြီးနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌတို့အား ပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ကျောက်တန်းမြို့နယ် ခနောင်စံပြကျေးရွာသို့ ရောက်ရှိကြရာ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ခနောင်စံပြကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ရပ်မိရပ်ဖများအား တွေ့ဆုံသည်။

အစီအစဉ်အရ ခနောင်စံပြကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ဆွေက စံပြကျေးရွာ၏ အိမ်ထောင်စု၊ လူဦးရေ၊ စိုက်ပျိုးရေးဆောင်ရွက်နေမှု၊ပညာရေး၊ ကျန်းမာရေးလုပ်ငန်များ အခြေအနေနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ မြန်မာနိုင်ငံပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ခနောင်စံပြကျေးရွာ အခြေခံပညာအထက်တန်းကျောင်းအတွက် ရုပ်မြင်သံကြားစက်နှင့် ဗီဒီယိုပြစက်တို့ကို ကျောင်းအုပ်ကြီးအား ပေးအပ်သည်။

သတ်မှတ်ချိန်စောပြီးရေး

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် သန်လျင်မြို့နယ် ခရမ်းရေထိန်းတံခါး စီမံကိန်းလုပ်ငန်းခွင်သို့ရောက်ရှိကြရာ လုပ်ငန်းခွင်ရှင်းလင်းဆောင်၌ ဆည်မြောင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်ဇော်က ခရမ်းရေထိန်းတံခါး စီမံကိန်းဆိုင်ရာ အချက်အလက်များတည်ဆောက်ရေးလုပ်ငန်းများဖြစ်သည့် အုတ်မြစ်မြေကြီးလုပ်ငန်း ပိုင်ရိုက်ခြင်းလုပ်ငန်း၊ ကွန်ကရစ်လောင်းခြင်းလုပ်ငန်း၊ ရေခေါ်မြောင်းနှင့် ရေနုတ်မြောင်းတူးခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေ၊ ခရမ်းရေထိန်းတံခါးမှာ ၆ ပေ X ၁၆ ပေ အရွယ်တံခါးပေါက် ၄၀ ပါရှိမှာဖြစ်ပြီး ဧရိယာဧက ၃၀၀၀၀ ကို အကျိုးပြုမည့် အခြေအနေနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က စီမံကိန်းလုပ်ငန်းများ သတ်မှတ်ချိန်ထက်စောပြီးစီးအောင် ဆောင်ရွက်ရေးမှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ခရမ်းရေထိန်းတံခါး တည်ဆောက်ရေးလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တံတားမြို့ ရွာလယ်ကျောင်း ဆရာတော် ဘဒ္ဒန္တ ဝဏ္ဏသာမိအား ပူဇော်ကန်တော့ပြီး လှူဖွယ်ပစ္စည်း၊ သင်္ကန်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ကျောက်တန်းမြို့နယ် တံတားမြို့ အခြေခံပညာအထက်တန်းကျောင်း သီရိရတနာခန်းမ၌ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံအမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံ စုံညီ အစည်းအဝေးကို ရန်ကုန်တိုင်း မှော်ဘီ မြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပရာ အခမ်းအနားမှူး အဖြစ် အမျိုးသားညီလာခံကျင်းပရေး ကော်မရှင် အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ဆောင်ရွက်စဉ်။ (သတင်းစဉ်)

☆ *ကျော်ဖုံးမှ*

တက်ရောက်

ယနေ့ကျင်းပသည့် အမျိုးသားညီလာခံစုံညီအစည်းအဝေးသို့အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ်ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှုကော်မတီဝင်များ၊ နိုင်ငံရေးပါတီများဖြစ်ကြသည့် ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ပြည်ထောင်စုကရင်အမျိုးသားအဖွဲ့ချုပ်၊ ပြည်ထောင်စု ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်၊ မြို(ခ)ခမီအမျိုးသားညီညွတ်ရေးအဖွဲ့၊ လားဟူ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ ‘ဝ’အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီတို့မှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ၊မြို(ခ)ခမီ အမျိုးသားညီညွတ်ရေးအဖွဲ့၊ တစ်သီးပုဂ္ဂလတို့မှ ရွေးချယ်ခြင်းခံရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းတို့မှ တိုင်းရင်းသားကိုယ်စားလှယ်များ၊ တောင်သူလယ်သမား ကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းတို့မှ တောင်သူလယ်သမားကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ၊ အလုပ်သမား ကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းတို့မှ အလုပ်သမား ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များဖြစ်ကြသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ နိုင်ငံတော်သမ္မတရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အစိုးရအဖွဲ့ရုံး၊ တရားရုံးချုပ်၊ ရှေ့နေချုပ်ရုံး၊ စာရင်းစစ်ချုပ်ရုံး၊ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကျင်းပရေးကော်မရှင်ရုံး၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံး၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီနှင့် ဝန်ကြီးဌာနအသီးသီးမှ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ၊ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များတွင် တစ်ဦးချင်းဖိတ်ကြားထားသူများနှင့် ငြိမ်းချမ်းရေးရယူထားသော အဖွဲ့အစည်းများဖြစ်ကြသည့် ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ(၁)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ (၂)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ(၃)၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) အထူးဒေသ(၄)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ (၅)(KDA)၊ ရှမ်းပြည်နယ် (တောင်ပိုင်း) အထူးဒေသ (၆)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ(၇)၊ ကချင်ပြည်နယ် အထူးဒေသ(၁)၊ ကချင်ပြည်နယ်အထူးဒေသ(၂)၊ ကယားပြည်နယ် အထူးဒေသ(၁)၊ ကယားပြည်နယ် အထူးဒေသ(၂)၊ ကယားပြည်နယ် အထူးဒေသ(၃)၊ ကရင်နီအမျိုးသား တိုးတက်ရေးပါတီ (KNDP) နဂါးအဖွဲ့၊ ကရင်နီအမျိုးသား တိုးတက်ရေးပါတီ (KNPP) ခွဲထွက် (ဟိုယာ)၊ ကရင်နီ အမျိုးသားစည်းလုံးညီညွတ်ရေးအဖွဲ့(ကမစည)၊ ရှမ်းပြည်နယ် လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးအဖွဲ့(ရလလဖ)၊မွန်ပြည်သစ်ပါတီ၊ တိုးတက်သော ဗုဒ္ဓဘာသာ ကရင် အမျိုးသားအစည်းအရုံး(DKBA)၊ ဟောင်သရော အထူးဒေသအဖွဲ့၊ ဘုရားကုန်း အထူးဒေသအဖွဲ့၊ ရှမ်းပြည်နယ် အမျိုးသားတပ်မတော်၊ ဗမာပြည်ကွန်မြူနစ်ပါတီ(ရခိုင်အဖွဲ့)၊ ဟိုမိန်းဒေသ သက်သာချောင်ချိရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့၊ ရွှေပြည်အေး(MTA) အလင်းဝင်အဖွဲ့၊ မန်ပန်ဌာနေ ပြည်သူ့စစ်အဖွဲ့၊ မွန်လက်နက်ကိုင် ငြိမ်းချမ်းရေးအဖွဲ့ (ချောင်ချိဒေသ)၊ မွန်(ခွဲထွက်)နိုင်စိုက်ချမ်းအဖွဲ့၊ ရခိုင်တပ်မတော် (အေအေ)အဖွဲ့တို့မှ ညီလာခံကိုယ်စားလှယ်များတက်ရောက်ကြသည်။

မှတ်တမ်းလက်မှတ်ရေးထိုး

အမျိုးသားညီလာခံစုံညီ အစည်းအဝေး မစတင်မီ ညီလာခံကိုယ်စားလှယ်များသည် စုံညီအစည်းအဝေးတက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ မှတ်တမ်းတင်လက်မှတ်ရေးထိုးကြသည်။

ယနေ့ကျင်းပသည့် အမျိုးသားညီလာခံစုံညီ အစည်းအဝေးတွင် သဘာပတိအဖြစ် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ဆောင်ရွက်၍ အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေးကော်မရှင် အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ဆောင်ရွက်သည်။

စတင်ဖွင့်လှစ်

ရှေးဦးစွာ အခမ်းအနားမှူးက ယနေ့ ကျင်းပသည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၁၀၈၈ဦးရှိသည့်အနက် ညီလာခံကိုယ်စားလှယ် ၁၀၇၃ဦးတက်ရောက်သည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၈ ဒသမ၆၂ရာခိုင်နှုန်းရှိသဖြင့် စုံညီအစည်းအဝေးအထမြောက်ကြောင်းနှင့် သဘာပတိကြီး၏ ခွင့်ပြုချက်အရ အမျိုးသားညီလာခံ စုံညီအစည်းအဝေး စတင်ဖွင့်လှစ်ကြောင်း ကြေညာသည်။

ရှင်းလင်းတင်ပြ

အစီအစဉ်အရ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှု အပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့် မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီက ကဏ္ဍအလိုက် ဆက်လက်ရှင်းလင်းတင်ပြရာတွင် ရှေးဦးစွာ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးက **“တရားစီရင်ရေးကဏ္ဍ”**ကိုသော်လည်းကောင်း၊ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဝင် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်က **“ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စု ဦးစီးအဖွဲ့များ၏ ဥပဒေပြုခွင့်အာဏာ”၊“ပြည်ထောင်စု၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့ဥပဒေပြုစာရင်းများတွင် ဖော်ပြမထားသော အခြားကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဥပဒေပြုအာဏာခွဲဝေအပ်နှင်းရေး”၊ “ပြည်ထောင်စုနယ်မြေများအတွက် ဥပဒေပြုခွင့်အာဏာ”နှင့် “လွှတ်တော်အဆင့်ဆင့်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုဦးစီးအဖွဲ့များက ပြဋ္ဌာန်းသည့် ဥပဒေများ၏ အကျိုးသက်ရောက်မှု”** တို့ကို လည်းကောင်း၊ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌရှေ့နေချုပ် ဦးအေးမောင်က **“နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဘဏ္ဍာရေးကော်မရှင်ဖွဲ့စည်းခြင်း၊ ပြည်ထောင်စုနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များအကြား အခွန်တော်ကောက်ခံခြင်းနှင့် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲခြင်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမယ့် မူများ”**နှင့်စပ်လျဉ်း၍ ပထမပိုင်းကို လည်းကောင်း ရှင်းလင်းတင်ပြပြီး စုံညီအစည်းအဝေးကို ခေတ္တရပ်နားသည်။

အမျိုးသား ညီလာခံ စုံညီအစည်းအဝေးကို နံနက်၁၀နာရီမိနစ်၂၀ တွင် ပြန်လည်ကျင်းပရာ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူး ဦးသောင်းညွန့်က နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဘဏ္ဍာရေးကော်မရှင်ဖွဲ့စည်းခြင်း၊ ပြည်ထောင်စုနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များအကြား အခွန်တော်ကောက်ခံခြင်းနှင့် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲခြင်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့် မူများနှင့် စပ်လျဉ်း၍ ဒုတိယပိုင်းကို ဆက်လက်ရှင်းလင်းတင်ပြပြီး ယနေ့ (၂၁-၅-၂၀၀၄ရက်)တွင်ကျင်းပသည့်အမျိုးသားညီလာခံစုံညီအစည်းအဝေးကို ရပ်နားလိုက်သည်။

[အမျိုးသား ညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီ၏ ကဏ္ဍအလိုက် ရှင်းလင်းတင်ပြချက်များကို သီးခြား ဖော်ပြထားပါသည်။]

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှု အပိုင်းနှင့် စပ်လျဉ်းပြီး အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ၏ ကဏ္ဍအလိုက် ရှင်းလင်းတင်ပြချက်များသည် ယနေ့တွင် ရှင်းလင်းတင်ပြပြီးဖြစ်၍ အမျိုးသားညီလာခံကိုယ်စားလှယ်များ၏ အကြံပြုချက်စာတမ်းများ ပြုစုရန် အစုအဖွဲ့လိုက်ဆွေးနွေးပွဲများကို မေ၂၂ရက်(စနေနေ့) နံနက် ၉နာရီတွင် သတ်မှတ်ထားသည့် အစုအဖွဲ့ ဆွေးနွေးပွဲ ခန်းမများ၌ ကျင်းပမည်ဖြစ်သည်။ **(သတင်းစဉ်)**

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပရာ အမျိုးသားညီလာခံ ကိုယ်စားလှယ်များ တက်ရောက်ကြစဉ်။ (သတင်းစဉ်)

ညီလာခံကိုယ်စားလှယ်များသို့

❑ ညီနောင်တွေ အိမ်သစ်ဆောက်
ဖြစ်မြောက်ဖို့ ကြိုးပမ်းနေ၊
လှပစွာ ဆောင်ဆောင်ခန့်နဲ့
ခိုင်ခံ့ဖို့ ဆွေးနွေးနေ။
❑ ရေ မြေ ခြား
တခြားကလူ
ဘယ်သူမှ နေမှာမဟုတ်၊
သူတို့တွေ ဝင်ကာရှုပ်ပေမယ့်
ကိုယ်သည်သာ နေမှာဟုတ်သမို့
ညီနောင်တွေ ကြံညဏ်ထုတ်လို့
အရှုပ်တွေ ဖယ်ကာရှဲ
ရဲရဲပုံထုတ်။ ။

ပျံလွှား

မြန်မာ့ရုပ်မြင်သံကြား

၂၂-၅-၂၀၀၄ (စနေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ ကျေးဇူးရှင် မင်းကွန်းဆရာတော်ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇း၅၅ ၅။ စားကြမယ်ဟေ့ ကောင်းကောင်း
၈း၀၅ ၆။ အဆိုပြိုင်ပွဲ
၈း၁၅ ၇။ ဗိုလ်မြတ်ထွန်းတံတား
၈း၃၀ ၈။ International News
၈း၄၅ ၉။ Happy and Educational English Summer Course. MRTV

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ စစ်သည်တေး
၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
၁၁း၃၀ ၃။ ပြည်တွင်းသတင်း
၁၁း၄၀ ၄။ ချစ်စရာ့အရွယ် ကစားကြမယ်
၁၂း၀၅ ၅။ တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၂း၅၀ ၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **“နက်ရှိုင်းမေတ္တာ”** (အပိုင်း-၄၃)
၁၃း၂၅ ၇။ ဂမုန်းရေလှောင်တမံ
၁၃း၄၀ ၈။ **“ပိုင်နိုင်ခိုင်မြဲအောင်”** (အကယ်ဒမီထွန်းထွန်းဝင်း၊ ခန့်စည်သူ၊ မျိုးစန္ဒီကျော်၊ ခင်မို့မို့အေး၊ ထင်ပေါ်၊ သူသူဟံသာ၊ ငွေစင်သွန်း) (ဒါရိုက်တာ-သက်တင်)
၁၄း၂၀ ၉။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၄း၃၅ ၁၀။ **“ရှင်နှောင်းကျောင်းရောက်ပြီ”** (ကြည်စိုး၊ ထူးသာ၊ ချောနဝင်း) ဒါရိုက်တာ-ခင်ဇော်(ကေသီပန်)
၁၄း၄၅ ၁၁။ International News
၁၅း၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၁၆း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀ ၃။ English for Everyday Use
၁၆း၄၅ ၄။ တေးဂီတအစီအစဉ်
၁၇း၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ်(သိပ္ပံ အထူးပြုအားလုံး) (သိပ္ပံ)
၁၇း၁၅ ၆။ အကပဒေသာ
၁၇း၃၀ ၇။ လက်ဆင့်ကမ်းပေး ဂီတတေး
၁၇း၅၀ ၈။ ကရင်တို့ နေထိုင်ရာ တိုင်းရင်းသားကျေးရွာ
၁၇း၅၀ ၉။ တေးဂီတအစီအစဉ်
၁၈း၀၀ ၁၀။ ဖွံ့ဖြိုးမှုဝေ မနောမြေ (အပိုင်း-၂)
၁၈း၁၅ ၁၁။ စားကြမယ်ဟေ့ ကောင်းကောင်း
၁၈း၃၀ ၁၂။ ညနေခင်းသတင်း
၁၉း၀၀ ၁၃။ မိုးလေဝသအခြေအနေ
၁၉း၀၅ ၁၄။ Discovery
၁၉း၂၀ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **“နှင်းပွင့်”** (အပိုင်း-၁၃)
၁၉း၄၅ ၁၆။ ကျေးလက်ဒေသတစ်ခွင် အလှဆင်
၂၀း၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ မြန်မာဗီဒီယိုဇာတ်လမ်း **“အက်ဆစ်တစ်စက် ဝိုင်တစ်ခွက်”** (အပိုင်း-၁) (လွှင်မိုး၊ ပြေတီဦး၊ နန္ဒာလှိုင်၊ မြသဥ္ဇာလီ) (ဒါရိုက်တာ-မောင်မျိုးမင်း)

■ **ရှေ့ဖုံးမှ**

ချမှတ်ထားခြင်းဖြစ်ပါတယ်။ အဲဒီ အခွင့်အရေးတွေကို ကျွန်တော်တို့ နိုင်ငံသားတွေ နစ်နာဆုံးရှုံးမှုမရှိအောင် အဆင့်ဆင့်သော တရားရုံးများနဲ့ တရားသူကြီးများက အဓိကအားဖြင့် တာဝန်ယူဆောင်ရွက်ပေးကြရမှာ ဖြစ်ပါတယ်။ ဒါ့အပြင် တရားစီရင်ရေးဆိုင်ရာမူများအဖြစ် **“ဥပဒေနဲ့အညီ လွတ်လပ်စွာ တရားစီရင်ရေး၊ ဥပဒေအရ ကန့်သတ်ချက်များမှအပ ပြည်သူ့ ရှေ့မှောက်တွင် တရားစီရင်ရေး၊ အမှုများတွင် ဥပဒေအရ ခုခံချေပခွင့်နှင့် အယူခံပိုင်ခွင့်ရရှိစေရေး”** စတဲ့ အခြေခံမူများကိုလည်း ချမှတ်ထားပါတယ်။ အမျိုးသားညီလာခံက ချမှတ်ပြီးဖြစ်တဲ့ အခြေခံမူများအရ အဆင့်ဆင့်သော တရားရုံးများမှာ တာဝန်ထမ်းဆောင်ကြရတဲ့ တရားသူကြီးများအနေနဲ့ တရားစီရင် ဆုံးဖြတ်ကြရာမှာ ဆင်းရဲချမ်းသာမရွေး၊ ရာထူးနိမ့်မြင့်မရွေး၊ လူတန်းစားမရွေး နိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသူများအတွက် တရားဥပဒေ တစ်မျိုးတစ်စားတည်းသာထားရှိပြီး တရားစီရင်ဆုံးဖြတ်ကြရမှာ ဖြစ်ပါတယ်။ တရားစီရင်ရေးအာဏာကို မိမိကိုယ်ပိုင်အာဏာသဖွယ် ကိုင်တွယ် ဆောင်ရွက်ခွင့်ရှိကြမည်မဟုတ်ပါ။ တရားစီရင်ရေးယန္တရားကြီးကို ကျွမ်းကျင်စွာ မောင်းနှင်လည်ပတ်နိုင်ဖို့ တရားသူကြီးတွေအနေနဲ့ တရားဥပဒေအရာမှာ အရည်အချင်း ပြည့်ပြည့်ဝဝရှိဖို့ လိုအပ်တဲ့အပြင် အကျင့်သိက္ခာ၊ သီလ၊ သမာဓိ၊ ကောင်းမွန်ကြဖို့နဲ့ အဂတိတရားလေးပါး၊ တံစိုးသုံးပါးကင်းရှင်းပြီး မှန်တာကိုဆုံးဖြတ်ရဲကြဖို့လည်းလိုအပ်ပါတယ်။ အဲဒီလို အဘက်ဘက်က အရည်အချင်းများနဲ့ ပြည့်စုံတဲ့ တရားသူကြီးတွေက တရားစီရင်ရေးဆိုင်ရာယန္တရားကြီးကို မောင်းနှင်ပေးခြင်းအားဖြင့် တရားရုံးနဲ့ တရားသူကြီးတွေအပေါ် အများပြည်သူတွေရဲ့ ယုံကြည်ကိုးစားမှုများ ပိုမို၍ တိုးပွားလာမှာဖြစ်ပါတယ်။

ယခုကျွန်တော် ရှင်းလင်းတင်ပြခဲ့တဲ့ တရားစီရင်ရေးဆိုင်ရာကိစ္စများနဲ့ စပ်လျဉ်းပြီး ဥပဒေပြုဖို့ လိုအပ်လာရင် ဥပဒေပြဌာန်းပေးနိုင်ရေးအတွက် ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြသင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

အမျိုးသားညီလာခံမှသည် နိုင်ငံတော်သစ်ဆီသို့

❀ ပါလီမန် ဒီမိုကရေစီ
ပါတီစုံ ဟိုတစ်ခေတ်၊
တို့ပြည်သူ အတိတ်လမ်းမှာ
ဖြတ်သန်း ကျန်ရစ်။

❀ ထိုမှတစ်ဆင့် ဆက်ခဲ့သည်
တစ်ပါတီ ဆိုရှယ်လစ်၊
တို့ပြည်သူ အတိတ်လမ်းမှာ
ဖြတ်သန်း ကျန်ရစ်။

❀ ပါတီရောင် ပါတီအသွေး
ကင်းဝေးတဲ့ တပ်မတော်၊
အမျိုးသား နိုင်ငံရေးကိုမှ
ရှေးရှုပုံဖော်။

❀ ယနေ့ခေတ် ရှုမြင်သော်
တပ်မတော် အစိုးရခေတ်၊
တစ်ပြည်လုံး သာယာရေးအတွက်ကယ်ဖြင့်
ကျန်းမာရေး ပညာရေးတို့အပြင်
စိုက်ပျိုးရေးအခြေခံ
လူမှုရေး အခြေခံနဲ့
ကျေးလက်မကျန် ဘက်စုံတိုး
ဖွံ့ဖြိုးတဲ့ခေတ်။

❀ နိုင်ငံတော်ဟူသည်မှာ၊
“လူဦးရေ” သင့်တင့်မျှ
“နယ်နိမိတ်” အချိုးကျ
ရှိရမည်သာ။

❀ “အစိုးရ” နှင့် “အချုပ်အခြာအာဏာ”
လေးအင်္ဂါပြည့်စုံရ၊
ဒို့နိုင်ငံ ရွှေပြည်သစ်အတွက်
ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်
ရင်းမြစ်မူလ။

❀ ခေတ်မျိုးစုံ ဖြတ်ကျော်လွှားခဲ့တဲ့
တိုင်းရင်းသား ပြည်သူတွေ၊
အမျိုးသား ညီလာခံမှ
နိုင်ငံတော်သစ်ဆီသို့
ချီတက်ရန် ပေါင်းစုဝေး
ဆွေးနွေးကြပေ။

❀ ညီနောင်ထုတို့ရဲ့
ပြည်ထောင်စု ခိုင်မာစေ
ရေရှည်ကို မျှော်တွေး၊
အခြေခံ အဆင့်ဆင့်မှာဖြင့်
ရေကန်အသင့် ကြာအသင့်ပါပဲ
တပ်မတော်နှင့် အတူလက်တွဲပါလို့
အခက်အခဲမှန် ဖြတ်ကျော်လွှားမယ်
အားသစ်စို့လေး။ ။

ခွန်ရဲသွေး (အေးသာယာ)

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ရန်ကုန် တိုင်းမှော်ဘီ မြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စု ခန်းမ၌ ဆက်လက်ကျင်းပရာ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးအောင်တိုးက “တရားစီရင်ရေးကဏ္ဍ”ကို ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

သဘာပတိကြီးခင်ဗျား–

တရားစီရင်ရေးကဏ္ဍမှာ အကျုံးဝင်တဲ့ အခြားအကြောင်းအရာတွေကတော့ ရှေ့နေရှေ့ရပ်ဆိုင်ရာကိစ္စရပ်များ၊ ပြစ်မှုဆိုင်ရာမှုခင်းများနဲ့ ပြစ်မှုဆိုင်ရာမှုခင်းများကို ကြားနာစစ်ဆေးတဲ့အခါမှာ လိုက်နာကြရမယ့် ပြစ်မှုဆိုင်ရာကျင့်ထုံးများ၊ တရားမကြောင်းဆိုင်ရာမှုခင်းများနဲ့ အဲဒီတရားမကြောင်းဆိုင်ရာမှုခင်းများ ကြားနာစစ်ဆေးတဲ့အခါမှာ လိုက်နာကြရမယ့် တရားမမှုဆိုင်ရာ ကျင့်ထုံးများ၊ ပြစ်မှုဆိုင်ရာအမှုများနဲ့ တရားမဆိုင်ရာအမှုများကို ကြားနာစစ်ဆေးတဲ့အခါမှာ လိုက်နာ ကြရမယ့် သက်သေခံဥပဒေ စတာတွေဖြစ်ပါတယ်။ ဒါ့အပြင် တရားမမှုများကို ကြားနာစစ်ဆေးတဲ့အခါမှာ စွဲဆိုလာတဲ့အမှုများရဲ့ အနေအထားအရ လိုက်နာဖို့ လိုအပ်တဲ့ ပြဋ္ဌာန်းချက်များလည်းရှိပါတယ်။ အဲဒါတွေကတော့ ပဋိညာဉ်ဆိုင်ရာ ကိစ္စ၊ အနုညာတစီရင်ဆုံးဖြတ်ရေးကိစ္စ၊ တရားစွဲဆိုပိုင်ခွင့်ရှိသော နစ်နာချက်များ ကိစ္စ၊ လူမွဲအဖြစ်ခံယူခြင်းဆိုင်ရာကိစ္စ၊ ယုံမှတ်အပ်နှံခြင်းနှင့် ယုံမှတ်အပ်နှံ ထားသဖြင့် စီမံပိုင်ခွင့်ရှိသူများဆိုင်ရာကိစ္စ၊ အမွေထိန်းနှင့်ပစ္စည်းထိန်းဆိုင်ရာကိစ္စ၊ အမွေဆက်ခံရေးဆိုင်ရာကိစ္စ၊ မိသားစုဆိုင်ရာကိစ္စ၊ပစ္စည်းလွှဲပြောင်းခြင်းဆိုင်ရာကိစ္စ၊ အုပ်ထိန်းသူများနှင့် အုပ်ထိန်းခံရသူများဆိုင်ရာကိစ္စ၊ သီးခြားသက်သာခွင့်ဆိုင်ရာကိစ္စ စတာတွေ ဖြစ်ပါတယ်။

တရားရုံးတွေမှာ တရားမကြောင်းအရ အမှုများစွဲဆိုတဲ့အခါ တရားရုံးရဲ့ စီရင်ပိုင်ခွင့်အာဏာအလို့ငှာ အမှုတန်ဖိုးသတ်မှတ်ထားရှိရပါတယ်။ အဲဒီ သတ်မှတ်ထားရှိတဲ့ အမှုတန်ဖိုးအလိုက်သက်ဆိုင်ရာအမှုသည်များက ရုံးခွန်တော်တံဆိပ်ခေါင်း ထမ်းဆောင်ကြရပါတယ်။ ဒါ့အပြင် သက်ဆိုင်ရာတရားရုံးများမှာ ပြစ်မှုဆိုင်ရာမူလအမှုများ စွဲဆိုခြင်းနဲ့စပ်လျဉ်းပြီး ကာလစည်းကမ်းသတ်မှတ်ချက် မရှိသော်လည်း တရားမမူလမှုစွဲဆိုတဲ့အခါ ကာလစည်းကမ်းသတ်မှတ်ထားရှိပါတယ်။ တရားမအယူခံမှု၊ ပြင်ဆင်မှုနဲ့ပြစ်မှုဆိုင်ရာအယူခံမှုများနဲ့ ပြင်ဆင်မှုများ တင်သွင်းတဲ့အခါမှာလည်း သတ်မှတ်ထားတဲ့ ကာလစည်းကမ်းသတ်မှတ်ချက်အတွင်းမှာ တင်သွင်းကြရပါတယ်။ အဲဒီလို သတ်မှတ်ထားတဲ့ ကာလစည်းကမ်းသတ်မှတ်ချက်က ကျော်လွန်သွားရင် သာမန်အားဖြင့် အမှုစွဲဆိုခွင့်၊ အယူခံပိုင်ခွင့်၊ ပြင်ဆင်ပိုင်ခွင့်များ ဆုံးရှုံးမှာဖြစ်ပါတယ်။

ကျွန်တော် အထက်ကရှင်းလင်းတင်ပြသွားတဲ့ တရားဥပဒေရေးရာကိစ္စရပ်များနဲ့ စပ်လျဉ်းပြီး ဆောင်ရွက်တဲ့အခါ အဆင့်ဆင့်သော တရားရုံးများအနေနဲ့ဖြစ်စေ၊ တရားသူကြီးများအနေနဲ့ဖြစ်စေ မိမိတို့အားအပ်နှင်းထားတဲ့ စီရင်ပိုင်ခွင့်အာဏာများအရ နိုင်ငံတော်တစ်ဝန်းလုံးမှာ တစ်ပြေးညီ လိုက်နာဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ အကယ်၍ ဖော်ပြခဲ့တဲ့ ကိစ္စများနဲ့စပ်လျဉ်းလို့သော်လည်းကောင်း၊ ကိစ္စတစ်ရပ်ရပ်နဲ့စပ်လျဉ်းလို့သော်လည်းကောင်း နိုင်ငံတော်အတွင်းရှိ ဒေသတစ်ခုခုအတွက် အခြေအနေနဲ့အချိန်အခါအရ ခြွင်းချက်ထားရှိဖို့ လိုအပ်မယ်ဆိုရင် ဥပဒေပြဋ္ဌာန်းတဲ့အခါ အဲဒီဒေသအတွက် လိုအပ်တဲ့ခြွင်းချက်များကို ထည့်သွင်းပြဋ္ဌာန်းပေးရမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဒီကိစ္စတွေနဲ့စပ်လျဉ်းပြီးဆောင်ရွက်တဲ့အခါ ဥပဒေပြုဖို့လိုအပ်လာရင် ဥပဒေပြဋ္ဌာန်းပေးနိုင်ဖို့ ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြသင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

တရားစီရင်ရေးကဏ္ဍနဲ့ အကျုံးဝင်တဲ့ကိစ္စများဖြစ်တဲ့ နိုင်ငံခြားစီရင်ပိုင်ခွင့် ဆိုင်ရာကိစ္စ၊ ပင်လယ်ရေကြောင်း စီရင်ပိုင်ခွင့်ဆိုင်ရာကိစ္စ၊ ပင်လယ်ဓားပြမှုများဆိုင်ရာကိစ္စ၊ နိုင်ငံတကာပင်လယ်ပြင် သို့မဟုတ် ကောင်းကင်ယံ၌ ကျူးလွန်သော ပြစ်မှုများဆိုင်ရာကိစ္စ၊ အပြည်ပြည်ဆိုင်ရာဥပဒေကို ဖောက်ဖျက်၍ မြေပြင်သို့မဟုတ် နိုင်ငံတကာပင်လယ်ပြင် သို့မဟုတ်ကောင်းကင်ယံ၌ ကျူးလွန်သော ပြစ်မှုများဆိုင်ရာကိစ္စ အစရှိတာတွေဖြစ်ပါတယ်။ ဒီလိုကိစ္စရပ်များနဲ့စပ်လျဉ်းပြီး ဥပဒေပြုခွင့်အာဏာကို ဗဟိုအဆင့် ဥပဒေပြုအဖွဲ့အစည်းများကို အပ်နှင်းထားရှိကြောင်း အချို့နိုင်ငံများရဲ့ အခြေခံဥပဒေများမှာ လေ့လာတွေ့ရှိရပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေမှာလည်း ယခုလိုကိစ္စများနဲ့ စပ်လျဉ်းပြီး ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြထားရှိကြောင်း လေ့လာတွေ့ရှိရပါတယ်။ ဒီလို မှုခင်းကိစ္စများဟာ တိုင်းတစ်ပါးများနဲ့လည်း ပတ်သက်အကျုံးဝင်နိုင်ဖွယ်ရာလည်း ရှိပါတယ်။ ဒါကြောင့် ဒီကိစ္စများနဲ့ စပ်လျဉ်းပြီးဆောင်ရွက်ရာမှာ ဥပဒေပြုဖို့လိုအပ်လာရင် ဥပဒေပြဋ္ဌာန်းပေးနိုင်ရန် ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြသင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

နိုင်ငံတော်အတွင်းမှာ ဖွဲ့စည်းတည်ထောင်ထားတဲ့ တရားရုံးတွေက ပြစ်မှုဆိုင်ရာ အမှုများကိုသော်လည်းကောင်း၊ တရားမကြောင်းဆိုင်ရာ အမှုများကိုသော်လည်းကောင်း ကြားနာစစ်ဆေးတဲ့အခါမှာ သက်ဆိုင်ရာအမှုသည်များအနေနဲ့ဥပဒေတတ်ကျွမ်းနားလည်တဲ့ ရှေ့နေရှေ့ရပ်များကို ငှားရမ်းဆောင်ရွက်ခွင့်ရှိကြပါတယ်။ အဲဒီရှေ့နေရှေ့ရပ်များဟာ မိမိတို့ လိုက်နာစောင့်စည်းရမယ့် ကျင့်ဝတ်သိက္ခာတွေ၊ လိုက်နာရမယ့်စည်းကမ်းတွေကို တိတိကျကျလိုက်နာပြီး အမှုတွေမှာ ဆောင်ရွက်ပေးကြဖို့ လိုအပ်ပါတယ်။ ရှေ့နေရှေ့ရပ်များဟာ အမှန်တရားကို စိစစ်ဖော်ထုတ်ရာမှာ တရားရုံးများကို အထောက်အကူပြုပေးကြဖို့ တာဝန်ရှိတဲ့ပုဂ္ဂိုလ်များဖြစ်ပါတယ်။ ရှေ့နေရှေ့ရပ်များ လိုက်နာစောင့်ထိန်းရမယ့် ကျင့်ဝတ်သိက္ခာများကို ဖောက်ဖျက်မယ်ဆိုရင် အဲဒီဖောက်ဖျက်တဲ့ ရှေ့နေရှေ့ရပ်များကို လိုအပ်တဲ့အရေးယူမှုတွေပြုဖို့နဲ့ အဆင့်ဆင့်သော တရားရုံးတွေမှာ ရှေ့နေအဖြစ် လိုက်ပါဆောင်ရွက်ခွင့်ရှိဖို့ အစရှိတဲ့ ရှေ့နေရှေ့ရပ်လုပ်ငန်းဆိုင်ရာကိစ္စရပ်များဟာဆိုရင် နိုင်ငံတော်အတွင်း ဒေသအားလုံးအတွက် တစ်ပြေးညီ ရှိစေသင့်ပါတယ်။ ဒါကြောင့် ရှေ့နေရှေ့ရပ်ဆိုင်ရာ ကိစ္စများနဲ့ စပ်လျဉ်းပြီး ဥပဒေပြုဖို့ လိုအပ်လာရင် ဥပဒေပြဋ္ဌာန်းပေးနိုင်ဖို့ ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြသင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

သဘာပတိကြီးခင်ဗျား–

ကျွန်တော် ယခုရှင်းလင်းတင်ပြသွားတဲ့ တရားဥပဒေကဏ္ဍမှာ အကျုံးဝင်တဲ့ အောက်ပါအကြောင်းအရာများနဲ့ စပ်လျဉ်းပြီး ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြရန် အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်သင့် မသင့် ဆွေးနွေးအကြံပြုကြဖို့ ဖြစ်ပါတယ်။

၁။ တရားစီရင်ရေး၊
၂။ ရှေ့နေများ၊
၃။ ပြစ်မှုဆိုင်ရာဥပဒေများ၊ ကျင့်ထုံးများ၊
၄။ တရားမဥပဒေများ၊ ကျင့်ထုံးများအပါအဝင်ပဋိညာဉ်၊ အနုညာတစီရင်ဆုံးဖြတ်ရေး၊ တရားစွဲဆိုပိုင်ခွင့်ရှိသောနစ်နာချက်များ၊ လူမွဲအဖြစ်ခံယူခြင်း၊ ယုံမှတ်အပ်နှံခြင်းနှင့် ယုံမှတ်အပ်နှံထားသဖြင့် စီမံ ပိုင်ခွင့်ရှိသူများ၊ အမွေထိန်းနှင့် ပစ္စည်းထိန်း၊ မိသားစုဆိုင်ရာဥပဒေများ၊ အုပ်ထိန်းသူများနှင့် အုပ်ထိန်းခံရသူများ၊ ပစ္စည်းလွှဲပြောင်းခြင်း၊ အမွေဆက်ခံရေး၊
၅။ သက်သေခံ ဥပဒေ၊
၆။ ကာလစည်းကမ်းသတ်၊
၇။ အမှုတန်ဖိုးသတ်မှတ်ခြင်း၊
၈။ သီးခြားသက်သာခွင့်၊
၉။ နိုင်ငံခြားစီရင်ပိုင်ခွင့်အာဏာ၊
၁၀။ ပင်လယ်ရေကြောင်းစီရင်ပိုင်ခွင့်၊
၁၁။ ပင်လယ်ဓားပြမှုများ၊ နိုင်ငံတကာပင်လယ်ပြင် သို့မဟုတ် ကောင်းကင်ယံ၌ ကျူးလွန်သောပြစ်မှုများ၊ အပြည်ပြည်ဆိုင်ရာဥပဒေကို ဖောက်ဖျက်၍ မြေပြင်သို့မဟုတ် နိုင်ငံတကာပင်လယ်ပြင် သို့မဟုတ် ကောင်းကင်ယံ၌ ကျူးလွန်သော ပြစ်မှုများ

ဖြစ်ပါတယ်။ ။

အမျိုးသားညီလာခံကိုယ်စားလှယ်များအား မြန်မာရုပ်ရှင်ဇာတ်ကားများဖြင့် ဖျော်ဖြေတင်ဆက်

ရန်ကုန် မေ ၂၁

အမျိုးသားညီလာခံသို့ တက်ရောက်လျက်ရှိသော ညီလာခံကိုယ်စားလှယ်များ ပျော်ရွှင်ချမ်းမြေ့စွာဖြင့် စိတ်အပန်းဖြေနိုင်ရေးအတွက် အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲရေးကော်မတီ ဖျော်ဖြေရေးနှင့် သက်သာချောင်ချိရေး ဆပ်ကော်မတီက မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ မိုးလုံလေလုံအားကစားခန်းမအတွင်း၌ နေ့စဉ် ည ၇ နာရီမှစတင်၍ မော်ကွန်းရုပ်ရှင် သတင်းကားများ၊ ရုပ်ရှင်ထူးချွန်ဆုရ မြန်မာရုပ်ရှင်ဇာတ်ကားများဖြင့် ဖျော်ဖြေတင်ဆက်လျက်ရှိရာ ညီလာခံကိုယ်စားလှယ်များ လာရောက်ကြည့်ရှုအားပေးလျက်ရှိကြသည်။

ဖျော်ဖြေတင်ဆက်

ယနေ့ညတွင် ဒါရိုက်တာကြည်ဖြူသျှင်ရိုက်ကူး၍ လွင်မိုး၊ ထက်ထက်မိုးဦး၊ လူမင်း၊ လှအဥ္ဇလီတင့်တို့ပါဝင်သရုပ်ဆောင်ထားသော ‘ပန်းတစ်ပွင့်ဖန်ဆင်းခြင်း’ဇာတ်ကားနှင့် မော်ကွန်းရုပ်ရှင်မှ သတင်းမှတ်တမ်းကားများဖြင့် တင်ဆက်ဖျော်ဖြေသည်။ ယမန်နေ့ညတွင် ဒါရိုက်တာကြည်စိုးထွန်းရိုက်ကူး၍ လွင်မိုး၊ ညွန့်ဝင်း၊ ဝိုင်း၊ ခိုင်နှင်းဝေ၊ မြင့်မြင့်ခိုင်နှင့် စမ်းစမ်းအေးတို့ပါဝင်သရုပ်ဆောင်ထားသော ‘ဆန်ရေ’ ဇာတ်ကားဖြင့် ဖျော်ဖြေတင်ဆက်ကြောင်း သိရသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၂၂-၅-၂၀၀၉ (စနေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၀	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅	၇။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၉။	ဆရာတော်ဦးဃောသိတ တရားတော် **“ဘဒ္ဒေကရတ္တသုတ်”**

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	လက်စွမ်းပြပဟန်ဂီတသံ
၄း၁၅	၄။	ချစ်သူစုံတွဲတူယှဉ်နွဲ
၄း၂၅	၅။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၄း၃၅	၆။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၄၀	၇။	မြန်မာသံစဉ်ချိုနားဝင်
၄း၅၀	၈။	မျိုးချစ်တပ်မတော်
၅း၀၀	၉။	အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Hypothesis Testing II (စီးပွားရေး၊ စီးပွားစီမံ)
၅း၃၀	၁၀။	ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
၅း၄၅	၁၁။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၂။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၃။	နိုင်ငံတကာသတင်း
၆း၂၀	၁၄။	မိုးလေဝသသတင်း
၆း၂၅	၁၅။	မြန်မာ့ရှုခင်း
၆း၄၀	၁၆။	လျှပ်တစ်ပြက်
၇း၀၀	၁၇။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“ဉာဏ်ကျယ်လေး”** (အပိုင်း–၂၃)
၈း၀၀	၁၈။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၉။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၂၀။	လျှပ်တစ်ပြက်
	၂၁။	တိုင်းကျိုးပြည်ပြုတည်ထောင်မှု
	၂၂။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“ပြည်သူ့တရားရှင်” သိုင်းညီနောင်ငါးဖော်** (အပိုင်း–၂)

ဒေသခံပြည်သူများဖွံ့ဖြိုးတိုးတက်ရေး ဒေသအခြေအနေပေါ်မူတည်စီမံဆောင်ရွက်ပေး
ပြည်ထောင်စုနယ်မြေများအတွင်းဥပဒေပြုရန်လိုအပ်လျှင် ပြည်ထောင်စုလွှတ်တော်အားအပ်နှင်းသင့်

ရန်ကုန် မေ ၂၁

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပသော အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်း ကော်မတီဝင် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌဒေါက်တာသန်းညွန့်၏ "ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စု ဦးစီးအဖွဲ့များ၏ ဥပဒေပြုခွင့်အာဏာ"၊ "ပြည်ထောင်စု၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့ ဥပဒေပြုစာရင်းများတွင် ဖော်ပြမထားသော အခြားကိစ္စရပ်များနှင့်စပ်လျဉ်း၍ဥပဒေပြုအာဏာ ခွဲဝေအပ်နှင်းရေး"၊ " ပြည်ထောင်စုနယ်မြေများအတွက် ဥပဒေပြုခွင့်အာဏာ"နှင့် "လွှတ်တော်အဆင့်ဆင့်နှင့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စု ဦးစီးအဖွဲ့များက ပြဋ္ဌာန်းသည့် ဥပဒေများ၏အကျိုးသက်ရောက်မှု" ရှင်းလင်းတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်။

အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဝင် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်က "ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စု ဦးစီးအဖွဲ့များ၏ ဥပဒေပြုခွင့်အာဏာ"၊ "ပြည်ထောင်စု၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့ ဥပဒေပြုစာရင်းများတွင် ဖော်ပြမထားသော အခြားကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဥပဒေပြုအာဏာခွဲဝေအပ်နှင်းရေး"၊ " ပြည်ထောင်စုနယ်မြေများအတွက် ဥပဒေပြုခွင့်အာဏာ"နှင့် "လွှတ်တော်အဆင့်ဆင့်နှင့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုဦးစီးအဖွဲ့များက ပြဋ္ဌာန်းသည့် ဥပဒေများ၏အကျိုးသက်ရောက်မှု" တို့ကို ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုဦးစီးအဖွဲ့များ၏ ဥပဒေပြုခွင့်အာဏာ

သဘာပတိကြီးခင်ဗျား–

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများအား နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေက သတ်မှတ်သော ဥပဒေပြုရေးအာဏာကို ခွဲဝေအပ်နှင်းရေးနဲ့စပ်လျဉ်းပြီး ဆက်လက်တင်ပြမှာဖြစ်ပါတယ်။

ချမှတ်ထားတဲ့ အခြေခံရမယ့်မူတွေနဲ့အညီ အမျိုးသားညီလာခံက ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတစ်ခုနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသငါးခုတို့ကို သတ်မှတ်ပေးခဲ့ပြီးဖြစ်ပါတယ်။

အဲဒီကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုတွေအတွက် ဥပဒေပြုရေးနဲ့ စပ်လျဉ်းပြီး **"နိုင်ငံတော်၏ ဥပဒေပြုရေးအာဏာကို ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်နှင့် ပြည်နယ်လွှတ်တော်များအား ခွဲဝေအပ်နှင်းသည်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများအား နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေက သတ်မှတ်သော ဥပဒေပြုရေးအာဏာကို ခွဲဝေအပ်နှင်းမည်"** လို့ အခြေခံရမယ့်မူ ချမှတ်ထားပါတယ်။ အဲဒီ အခြေခံရမယ့်မူအပေါ်မူတည်ပြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများကို ခွဲဝေအပ်နှင်းတဲ့ ဥပဒေပြုရေးအာဏာကို ကျင့်သုံးရမယ့် အဖွဲ့အစည်းများနဲ့ စပ်လျဉ်း၍ **"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့များအသီးသီး ဖွဲ့စည်းထားရှိပြီး ယင်းဦးစီးအဖွဲ့များသည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ခွဲဝေအပ်နှင်းသည့် ဥပဒေပြုရေးအာဏာကိုလည်း ကျင့်သုံးသည်"** လို့ အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်ထားပါတယ်။

ဖော်ပြပါ ချမှတ်ထားတဲ့ အသေးစိတ်အခြေခံရမယ့်မူတွေအရ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများအား ဘယ်လိုဥပဒေပြုရေးအာဏာများ ခွဲဝေအပ်နှင်းမယ်ဆိုတာကို ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ထည့်သွင်းပြဋ္ဌာန်းပေးဖို့ ရှိလာပါတယ်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများအား ခွဲဝေအပ်နှင်းသင့်တဲ့ ဥပဒေပြုရေးအာဏာများကို လေ့လာတဲ့အခါ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများရဲ့ ဥပဒေပြုအဖွဲ့အစည်းများဖြစ်တဲ့ ဦးစီးအဖွဲ့တွေအတွက် တစ်ပိုင်တစ်နိုင်ဆောင်ရွက်နိုင်တဲ့ ဥပဒေပြုရေးအာဏာများဖြစ်ဖို့ အရေးကြီးပါတယ်။

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများထဲမှာ တိုင်းရင်းသားလူမျိုး တစ်မျိုးတည်းသာ နေထိုင်ခြင်းမဟုတ်ဘဲ တိုင်းရင်းသားအများအတူတကွ စုပေါင်းနေထိုင်ကြတာ တွေ့ရမှာဖြစ်ပါတယ်။ မိမိတို့ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုအတွက် ဥပဒေများကိုပြဋ္ဌာန်းတဲ့အခါ မိမိတို့ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုအတွင်း မှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသားလူမျိုးများအားလုံးပါဝင်တဲ့ ပြည်သူများအကျိုးကို ရှေးရှုပြဋ္ဌာန်းကြရမှာဖြစ်ပါတယ်။

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များဟာ မိမိတို့ တိုင်း သို့မဟုတ် ဒေသဖွံ့ဖြိုးရေးအတွက် အဓိကတာဝန်ယူ အကောင်အထည်ဖော်ရမယ့် အဖွဲ့အစည်းများဖြစ်ပါတယ်။ မိမိတို့တိုင်း သို့မဟုတ် ဒေသအတွင်းနေထိုင်ကြသောပြည်သူများရဲ့ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်မှုလွယ်ကူစေရေး၊ ပညာရည်မြင့်မားရေး၊ စားဝတ်နေမှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့တိုင်း သို့မဟုတ် ဒေသအခြေအနေများအပေါ်မူတည်ပြီး စီမံဆောင်ရွက်ပေးကြရမှာဖြစ်ပါတယ်။ အဲဒီလို စီမံဆောင်ရွက်နိုင်အောင်လည်း သင့်တော်တဲ့ဥပဒေပြုအာဏာများကို ခွဲဝေအပ်နှင်းပေးဖို့ လိုအပ်မှာဖြစ်ပါတယ်။

ဒါကြောင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများအား ဥပဒေပြုခွင့်အာဏာ ခွဲဝေအပ်နှင်းရေးနဲ့ စပ်လျဉ်းပြီး–

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့များအား မိမိတို့ တိုင်း သို့မဟုတ် ဒေသအတွက် အောက်ပါကိစ္စရပ်များနှင့် စပ်လျဉ်းသည့် ဥပဒေပြုခွင့်အာဏာများကို ခွဲဝေအပ်နှင်းသည်–

- **(က) မြို့ပြနှင့် ကျေးရွာစီမံကိန်းများ(Town and Village Plan)**
- **(ခ) လမ်းများဖောက်လုပ်ပြုပြင်ထိန်းသိမ်းရေး၊**
- **(ဂ) ပြည်သူ့ကျန်းမာရေး၊**
- **(ဃ) စည်ပင်သာယာရေးလုပ်ငန်း၊**
- **(င) မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး၊**
- **(စ) စားကျက်မြေများထိန်းသိမ်းရေး၊**
- **(ဆ) သစ်တောများကာကွယ်ထိန်းသိမ်းရေး၊**
- **(ဇ) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊**
- **(ဈ) မြို့နှင့် ကျေးရွာများအတွင်း ရေနှင့်လျှပ်စစ်မီးဆိုင်ရာကိစ္စ၊**
- **(ည) မြို့များနှင့် ကျေးရွာများ၏ ဈေးများဆိုင်ရာကိစ္စ**

လို့ အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်သင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

အထက်ဖော်ပြပါကိစ္စရပ်များနဲ့စပ်လျဉ်းတဲ့ ဥပဒေပြဋ္ဌာန်းပိုင်ခွင့်များကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့များသို့ အပ်နှင်းနိုင်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ဖော်ပြရန် အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်သင့် မသင့် အမျိုးသားညီလာခံကိုယ်စားလှယ်များက ဆွေးနွေးအကြံပြုကြဖို့ ဖြစ်ပါတယ်။

ပြည်ထောင်စု၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥပဒေပြုစာရင်းများတွင်ဖော်ပြမထားသော အခြားကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဥပဒေပြုအာဏာ ခွဲဝေအပ်နှင်းရေး

သဘာပတိကြီးခင်ဗျား–

ပြည်ထောင်စုလွှတ်တော်သို့ အပ်နှင်းသင့်တဲ့ဥပဒေပြုခွင့်အာဏာများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များသို့ အပ်နှင်းသင့်တဲ့ ဥပဒေပြုခွင့်အာဏာများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့များသို့ အပ်နှင်းသင့်တဲ့ဥပဒေပြုခွင့်အာဏာများနဲ့ စပ်လျဉ်းလို့ ရှင်းလင်းတင်ပြပြီးဖြစ်ပါတယ်။

ယနေ့ကမ္ဘာကြီးဟာ အဘက်ဘက်က နေ့စဉ်တိုးတက် ပြောင်းလဲနေတာနဲ့အညီ မိမိတို့နိုင်ငံအနေနဲ့လည်း အခြားနိုင်ငံများနည်းတူ တိုးတက်အောင်ဆောင်ရွက်ဖို့လိုအပ်ပါတယ်။ အဲဒီလို တိုးတက်အောင်ဆောင်ရွက်နိုင်ဖို့အတွက် ဖော်ပြပါ လွှတ်တော်အသီးသီးနဲ့ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့တွေကို အပ်နှင်းထားတဲ့ ဥပဒေပြုခွင့် အာဏာတွေအပြင် နောက်ထပ်မမျှော်မှန်းနိုင်တဲ့ ကိစ္စရပ်များအတွက် ဥပဒေပြုဖို့လိုအပ်ကောင်း လိုအပ်မှာဖြစ်ပါတယ်။ အဲဒီအခြေအနေမျိုး ပေါက်ပေါက်လာခဲ့ရင် ဥပဒေပြဋ္ဌာန်းပေးနိုင်ရေးအတွက် နိုင်ငံတစ်ဝန်းလုံးမှလွှတ်တော်ကိုယ်စားလှယ်များပါဝင်တဲ့ ပြည်ထောင်စုလွှတ်တော်ကို ဥပဒေပြုခွင့်အာဏာအပ်နှင်းသင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

ဒါကြောင့် **"ပြည်ထောင်စု၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥပဒေပြုစာရင်းများတွင် ဖော်ပြမထားသော အခြားကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဥပဒေပြုပိုင်ခွင့်အာဏာကို ပြည်ထောင်စုလွှတ်တော်သို့ အပ်နှင်းသည်"** လို့ အသေးစိတ် အခြေခံရမယ့်မူ ချမှတ်သင့် မသင့် အမျိုးသားညီလာခံကိုယ်စားလှယ်များက ဆွေးနွေးအကြံပြုကြဖို့ ဖြစ်ပါတယ်။

ပြည်ထောင်စုနယ်မြေများအတွက် ဥပဒေပြုခွင့်အာဏာ

သဘာပတိကြီးခင်ဗျား–

ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပရာ အမျိုးသားညီလာခံ ကိုယ်စားလှယ်များ စုံညီအစည်းအဝေး တက်ရောက်ကြောင်း မှတ်တမ်းတင် လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

ခွင့်ရဒေသဦးစီးအဖွဲ့များကိုခွဲဝေအပ်နှင်းသင့်တဲ့ဥပဒေပြုခွင့်အာဏာများနဲ့စပ်လျဉ်းပြီး အသေးစိတ် အခြေခံသင့်တဲ့မူများကို ရှင်းလင်းတင်ပြပြီးဖြစ်ပါတယ်။

ယခုကျွန်တော်ဆက်လက်ရှင်းလင်းတင်ပြမှာကတော့ ပြည်ထောင်စုနယ်မြေများအတွက် ဥပဒေပြုခွင့်အာဏာ ခွဲဝေအပ်နှင်းပေးရေးကိစ္စများနဲ့ စပ်လျဉ်းပြီး အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီရဲ့ လေ့လာတွေ့ရှိချက်များကို တင်ပြမှာဖြစ်ပါတယ်။

အမျိုးသားညီလာခံက ချမှတ်ထားပြီးဖြစ်တဲ့ **“နိုင်ငံတော်အဖွဲ့အစည်းတည်ဆောက်ပုံအခန်း”** အတွက်ချမှတ်ခဲ့တဲ့ အသေးစိတ်အခြေခံရမယ့်မူများထဲမှ **“နိုင်ငံတော်ကို ပြည်ထောင်စုစနစ်ဖြင့်ဖွဲ့စည်းတည်ဆောက်သည်”** ဟုလည်းကောင်း၊ **“နိုင်ငံတော်ကို တိုင်းဒေသကြီးခုနစ်ခု၊ ပြည်နယ် ခုနစ်ပြည်နယ်နှင့် ပြည်ထောင်စုနယ်မြေများဖြင့် ပိုင်းခြားသတ်မှတ်သည့်”**ဟုလည်းကောင်း အသေးစိတ် အခြေခံရမယ့်မူများ ချမှတ်ထားပြီးဖြစ်ပါတယ်။

ဒါ့အပြင် ပြည်ထောင်စုနယ်မြေများ သတ်မှတ်ခြင်းနဲ့စပ်လျဉ်းပြီး–

(က) နိုင်ငံတော်၏မြို့တော်ဖြစ်သည့် ရန်ကုန်မြို့တော်ကို နိုင်ငံတော်သမ္မတ၏တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင်ထားရှိသည့်ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်သည်။

(ခ) ထူးခြားသောအခြေအနေရှိသည့် ကိုကိုးကျွန်းမြို့နယ်ကို နိုင်ငံတော်သမ္မတ၏တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင်ထားရှိသည့်ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်သည်။

ပြည်ထောင်စုနယ်မြေရဲ့ အုပ်ချုပ်မှုအာဏာနဲ့စပ်လျဉ်းပြီး ထူးခြားတဲ့အခြေအနေအရ တိုင်းဒေသကြီးတစ်ခု သို့မဟုတ် ပြည်နယ်ရဲ့ အုပ်ချုပ်မှုအောက်မှာမထားရှိဘဲ နိုင်ငံတော်သမ္မတရဲ့ တိုက်ရိုက်အုပ်ချုပ်မှုအောက်မှာ ထားရှိမှာဖြစ်ပါတယ်။

အဲဒီလိုထူးခြားတဲ့ အခြေအနေအရပ်ရပ်ကြောင့် ပြည်ထောင်စု နယ်မြေများကို နိုင်ငံတော်သမ္မတက တိုက်ရိုက်အုပ်ချုပ်မှာ ဖြစ်သော်လည်း ပြည်ထောင်စုနယ်မြေအဖြစ်သတ်မှတ်ထားတဲ့ နယ်မြေများဟာ ပြည်ထောင်စု အတွင်းမှာပဲ တည်ရှိနေတဲ့အတွက် ပြည်ထောင်စုလွှတ်တော်ကို ဥပဒေပြုခွင့်အာဏာ ခွဲဝေပေးတဲ့ကိစ္စများနဲ့စပ်လျဉ်းပြီး ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းသမျှသော ဥပဒေများဟာ ပြည်ထောင်စုနယ်မြေများအပေါ်မှာလည်း အာဏာသက်ရောက်မှာဖြစ်ပါတယ်။

အမျိုးသားညီလာခံကချမှတ်ပြီးဖြစ်တဲ့ အသေးစိတ်အခြေခံရမယ့် မူတွေအရ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်များမှာ ပြည်ထောင်စုနယ်မြေမှ လွှတ်တော်ကိုယ်စားလှယ်များပါဝင်ခြင်းမရှိဘဲ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်နှစ်ရပ်ဖြင့် ဖွဲ့စည်းတဲ့ နိုင်ငံတော်ရဲ့အမြင့်ဆုံးဥပဒေပြုအဖွဲ့အစည်းဖြစ်တဲ့ ပြည်ထောင်စုလွှတ်တော်မှာသာ ပြည်ထောင်စုနယ်မြေမှ လွှတ်တော်ကိုယ်စားလှယ်များ ပါဝင်တဲ့အတွက်ကြောင့် တိုင်း ဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုဖြစ်စေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့ကိုဖြစ်စေ ဥပဒေပြဋ္ဌာန်းခွင့်ပေးထားတဲ့ ကိစ္စများနဲ့စပ်လျဉ်းပြီး ပြည်ထောင်စုနယ်မြေမဟုတ်တဲ့အပြင် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကိုလည်း အနည်းနဲ့အများ ထိခိုက်နိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် ဒီ့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး ဥပဒေများပြဋ္ဌာန်းကြတဲ့အခါမှာ ပြဋ္ဌာန်းလိုက်တဲ့ဥပဒေတွေဟာ အဆင့်မြင့်ဥပဒေပြုအဖွဲ့အစည်းတွေက ပြဋ္ဌာန်းတဲ့ ဥပဒေတွေနဲ့ဆန့်ကျင်မှုရှိရင် အဆင့်မြင့်ဥပဒေပြုအဖွဲ့အစည်းတွေက ပြဋ္ဌာန်းတဲ့ ဥပဒေပါအတိုင်း လိုက်နာကျင့်သုံးဖို့ လိုအပ်မှာ ဖြစ်ပါတယ်။

ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းလိုက်တဲ့ဥပဒေဟာ သာမန်အားဖြင့် နိုင်ငံတစ်ဝန်းလုံးမှာ အာဏာသက်ရောက်မှုရှိရမှာဖြစ်ပါတယ်။ တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်က ပြဋ္ဌာန်းလိုက်တဲ့ဥပဒေတွေဟာဆိုရင် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း အာဏာသက်ရောက်မှုရှိရမှာဖြစ်သလို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့တွေက ပြဋ္ဌာန်းလိုက်တဲ့ ဥပဒေ တွေဟာဆိုရင်လည်း သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း အာဏာသက်ရောက်မှုရှိရမှာဖြစ်ပါတယ်။ အဲဒီလို ဥပဒေပြုခွင့်ရှိတဲ့အဖွဲ့အစည်းတွေက ပြဋ္ဌာန်းလိုက်တဲ့ ဥပဒေတွေဟာ အဆင့်မြင့်တဲ့လွှတ်တော်တွေက ပြဋ္ဌာန်းတဲ့ ဥပဒေတွေနဲ့ ဆန့်ကျင်မှုရှိရင် အဆင့်မြင့်တဲ့လွှတ်တော်တွေက ပြဋ္ဌာန်းတဲ့ ဥပဒေပါ ပြဋ္ဌာန်းချက်များနဲ့အညီသာ ကျင့်သုံးကြရမှာ ဖြစ်ပါတယ်။ ဒါမှသာ ပြည်သူများက ဥပဒေရဲ့အကျိုးကို တစ်ပြေးညီ ခံစားနိုင်ကြမှာ ဖြစ်ပါတယ်။

ဒါကြောင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့က ပြဋ္ဌာန်းလိုက်တဲ့ဥပဒေပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ဟာ သက်ဆိုင်ရာ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်က ပြဋ္ဌာန်းတဲ့ဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်နဲ့ ဆန့်ကျင်မှု ရှိရင် သက်ဆိုင်ရာ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ် လွှတ်တော်ကပြဋ္ဌာန်းတဲ့ ဥပဒေပါအတိုင်း လိုက်နာကျင့်သုံးကြရမှာ ဖြစ်ပါတယ်။ ထို့အတူပဲ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့က ပြဋ္ဌာန်းလိုက်တဲ့ ဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ဟာ ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းတဲ့ ဥပဒေပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်နဲ့ ဆန့်ကျင်နေရင် ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းတဲ့ ဥပဒေပါအတိုင်း ကျင့်သုံးဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။ အလားတူပဲ တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်က ပြဋ္ဌာန်းလိုက်တဲ့ဥပဒေပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ဟာ ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းတဲ့ဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်နဲ့ ဆန့်ကျင်နေရင် ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းတဲ့ ဥပဒေပါအတိုင်း ကျင့်သုံးဆောင်ရွက်ကြရမှာဖြစ်ပါတယ်။

ဒီ့တာဝန်အရေးသုံးပါးဦးထိပ်ထားပြဋ္ဌာန်းသည့် ဥပဒေပါအတိုင်းလိုက်နာကျင့်သုံး ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်သူများဥပဒေအကျိုးကိုတစ်ပြေးညီခံစားနိုင်

(ဂ) နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး စသည်တို့ နှင့်စပ်လျဉ်းပြီး ထူးခြားသည့်အခြေအနေရှိသည့် နယ်မြေများကို ပြည်ထောင်စုနယ်မြေအဖြစ်သတ်မှတ်ရန် လိုအပ်လျှင် ဥပဒေပြဋ္ဌာန်းပြီး နိုင်ငံတော်သမ္မတ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင်ထားရှိသည့် ပြည်ထောင်စုနယ်မြေအဖြစ်သတ်မှတ်နိုင်သည်။

နိုင်ငံတော်ကို စုစည်းခြင်းနှင့်စပ်လျဉ်းပြီး–

- ကျေးရွာများကို ကျေးရွာအုပ်စုအဖြစ်လည်းကောင်း၊
- ရပ်ကွက်များကို မြို့ သို့မဟုတ် မြို့နယ်အဖြစ်လည်းကောင်း၊
- ကျေးရွာအုပ်စုနှင့်ရပ်ကွက်များ သို့မဟုတ် မြို့များကို မြို့နယ်အဖြစ်လည်းကောင်း၊
- မြို့နယ်များကို ခရိုင်အဖြစ်လည်းကောင်း၊
- ခရိုင်များကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖြစ်လည်းကောင်း၊
- ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ထိုဒေသအတွင်းရှိ မြို့နယ်များကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဖြစ်လည်းကောင်း၊
- ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရသူတိုင်းတွင် ထိုတိုင်းအတွင်းရှိမြို့နယ်များကို ခရိုင်အဖြစ်စုစည်းပြီး ယင်းခရိုင်များကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းအဖြစ်လည်းကောင်း၊
- တိုင်းဒေသကြီးတစ်ခု သို့မဟုတ် ပြည်နယ်တစ်နယ်တွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိပါက ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ခရိုင်များကို တိုင်းဒေသကြီးတစ်ခု သို့မဟုတ် ပြည်နယ်အဖြစ်လည်းကောင်း၊
- တိုင်းဒေသကြီးများ၊ ပြည်နယ်များနှင့် ပြည်ထောင်စုနယ်မြေများကို နိုင်ငံတော်အဖြစ်လည်းကောင်း စုစည်းရမည်

ဟု အသေးစိတ် အခြေခံရမယ့်မူများ ချမှတ်ထားပြီးဖြစ်ပါတယ်။

အဲဒီ ချမှတ်ထားပြီးဖြစ်တဲ့ အသေးစိတ် အခြေခံရမယ့် မူတွေအရ နယ်မြေဒေသတစ်ခုခုကို ပြည်ထောင်စုနယ်မြေအဖြစ်သတ်မှတ်လိုက်ရင် အဲဒီနယ်မြေများအတွက် ဥပဒေပြုဖို့လိုအပ်လာရင် ယင်းဥပဒေပြုခွင့်ကို ပြည်ထောင်စုလွှတ်တော်အား အပ်နှင်းသင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

ဒါကြောင့် **“တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုဖြစ်စေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့ကိုဖြစ်စေ ဥပဒေပြုခွင့် အပ်နှင်းထားသော ကိစ္စများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုနယ်မြေများအတွက် ဥပဒေပြဋ္ဌာန်းပေးရန် လိုအပ်ပါက ပြည်ထောင်စုလွှတ်တော်က လိုအပ်သောဥပဒေကို ပြဋ္ဌာန်းပေးရမည်”**လို့ အသေးစိတ်အခြေခံရမယ့်မူ ချမှတ်သင့် မသင့် အကြံပြုကြပါရန် ရှင်းလင်းတင်ပြအပ်ပါတယ်။

လွှတ်တော်အဆင့်ဆင့်နှင့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုဦးစီးအဖွဲ့များက ပြဋ္ဌာန်းသည့်ဥပဒေများ၏ အကျိုးသက်ရောက်မှု

သဘာပတိကြီးခင်ဗျား–

လွှတ်တော်အဆင့်ဆင့်နဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုဦးစီးအဖွဲ့များက ပြဋ္ဌာန်းတဲ့ ဥပဒေများရဲ့ အကျိုးသက်ရောက်မှုနဲ့ စပ်လျဉ်းပြီး ဆက်လက်ရှင်းလင်းတင်ပြမှာ ဖြစ်ပါတယ်။

အခုဆိုရင် ဖွဲ့စည်းပုံအခြေခံဥပဒေမှာပါဝင်မယ့် ဥပဒေပြုအဖွဲ့အစည်းများဖြစ်ကြတဲ့ ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့များကို အပ်နှင်းသင့်တဲ့ ဥပဒေပြုပိုင်ခွင့်များကို ရှင်းလင်းတင်ပြပြီး ဖြစ်ပါတယ်။

ဖော်ပြပါ ဥပဒေပြုအဖွဲ့အစည်းများဟာ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ရည်ရွယ်ချက်များ၊ အနှစ်သာရများနဲ့အညီ မိမိတို့အား အပ်နှင်းထားတဲ့ ဥပဒေပြုခွင့်အာဏာများအရ လိုအပ်တဲ့ဥပဒေများကို ပြဋ္ဌာန်းကြမှာဖြစ်ပါတယ်။ ဥပဒေများပြဋ္ဌာန်းကြရာမှာ တစ်ကျောင်းတစ်ဂါထာ တစ်ရွာတစ်ပုဒ်ဆန်းဖြစ်နေကြမယ်ဆိုရင် ပြည်သူများဟာ ဥပဒေအရာမှာ ညီတူညီမျှအကျိုးခံစားခွင့်ရရှိနိုင်မှာ

ဒါ့အပြင် အခုကျင့်သုံးလျက်ရှိတဲ့ တည်ဆဲဥပဒေတွေကို ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ပြဋ္ဌာန်းပြီးတဲ့နောက်ပိုင်း ပြည်ထောင်စုလွှတ်တော်က ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်း မပြုသေးမီ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နဲ့ မဆန့်ကျင်သမျှ အတည်ဖြစ်နေမှသာ နိုင်ငံတော်ရဲ့ ယန္တရားဟာ ဥပဒေနဲ့အညီ စဉ်ဆက်မပြတ် ချောမောစွာလည်ပတ်နိုင်မှာဖြစ်ပါတယ်။

ဒါကြောင့်–

(၁) **ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရဒေသဦးစီးအဖွဲ့က ပြဋ္ဌာန်းလိုက်သည့် ဥပဒေပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်သည် သက်ဆိုင်ရာ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်က ပြဋ္ဌာန်းသည့် ဥပဒေပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်နှင့် ဆန့်ကျင်နေလျှင် သက်ဆိုင်ရာ တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်က ပြဋ္ဌာန်းသည့် ဥပဒေပါအတိုင်း လိုက်နာကျင့်သုံးရမည်။**

(၂) **ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့က ပြဋ္ဌာန်းလိုက်သည့် ဥပဒေပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်သည် ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းသည့် ဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့် ဆန့်ကျင်နေလျှင် ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းသည့် ဥပဒေပါအတိုင်း လိုက်နာ ကျင့်သုံးရမည်။**

(၃) **တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်က ပြဋ္ဌာန်းလိုက်သည့် ဥပဒေပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်သည် ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းသည့် ဥပဒေပါပြဋ္ဌာန်းချက် တစ်ရပ်ရပ်နှင့် ဆန့်ကျင်နေလျှင် ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းသည့် ဥပဒေပါအတိုင်း လိုက်နာကျင့်သုံးရမည်။**

(၄) **ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်၊ ပြည်နယ် လွှတ်တော်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့က ပြဋ္ဌာန်းလိုက်သည့် ဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်သည်လည်းကောင်း၊ တည်ဆဲဥပဒေ တစ်ရပ်ရပ်သည်လည်းကောင်း ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့် ဆန့်ကျင်နေလျှင် ဖွဲ့စည်းပုံအခြေခံ ဥပဒေပါအတိုင်း လိုက်နာကျင့်သုံးရမည်။**

(၅) **တည်ဆဲဥပဒေများသည် ပြည်ထောင်စုလွှတ်တော်က ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်း မပြုသေးမီ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မဆန့်ကျင်သမျှ အတည်ဖြစ်သည်**

လို့ အသေးစိတ်အခြေခံရမယ့်မူ ချမှတ်သင့် မသင့် အမျိုးသားညီလာခံ ကိုယ်စားလှယ်များက ဆွေးနွေးအကြံပြုနိုင်ဖို့ ရှင်းလင်းတင်ပြအပ်ပါတယ်။ ။

တက်ရောက်

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပရာ အမျိုးသားညီလာခံသို့ တက်ရောက်ကြသည့် အမျိုးသားညီလာခံ ကိုယ်စားလှယ်များကို တွေ့ရစဉ်။

(သတင်းစဉ်)

နိုင်ငံတစ်နိုင်ငံသည် ဘဏ္ဍာငွေရှာဖွေပြီး ရရှိဘဏ္ဍာငွေကို သင့်တင့်မျှတစွာခွဲဝေသုံးစွဲခြင်းပြုလုပ် ပြည်သူများက ဥပဒေနှင့်အညီ ထမ်းဆောင်သင့်သည့်အခွန်တော်များကို တိကျမှန်ကန်စွာထမ်းဆောင်

ရန်ကုန် မေ ၂၁

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပသော အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ် ဦးအေးမောင်နှင့် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး ဦးသောင်းညွန့်တို့၏ "နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဘဏ္ဍာရေးကော်မတီ ဖွဲ့စည်းခြင်း၊ ပြည်ထောင်စုနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များအကြား အခွန်တော်ကောက်ခံခြင်းနှင့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများ"နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်။

သဘာပတိကြီးခင်ဗျား–

ပြည်ထောင်စုအရအသုံးခန့်မှန်းခြေငွေစာရင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အရအသုံးခန့်မှန်းခြေငွေစာရင်းများ ပြုစုခြင်းအတွက် ဘဏ္ဍာရေးကော်မရှင်ဖွဲ့စည်းခြင်း၊ ပြည်ထောင်စုနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များအကြား အခွန်တော်ကောက်ခံခြင်းနှင့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ ဆက်လက်ရှင်းလင်းတင်ပြမှာဖြစ်ပါတယ်။

နိုင်ငံတစ်နိုင်ငံရဲ့ လုံခြုံရေး၊ ကာကွယ်ရေး၊ အုပ်ချုပ်ရေး၊ တရားဥပဒေစိုးမိုးရေး၊ စီးပွားရေး၊ လူမှုရေးများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖွံ့ဖြိုးတိုးတက်လာစေဖို့ အသုံးစရိတ်များလိုအပ်ပါတယ်။ အဲဒီလိုအပ်မယ့် အသုံးစရိတ်များရရှိဖို့ နိုင်ငံတစ်နိုင်ငံဟာ ဘဏ္ဍာငွေရှာဖွေခြင်း၊ ရရှိတဲ့ဘဏ္ဍာငွေကို သင့်တင့်မျှတစွာ ခွဲဝေသုံးစွဲခြင်းများပြုလုပ်ရပါတယ်။ အဲဒီလို ဘဏ္ဍာငွေများကို ရရှိရေးအတွက် ဆောင်ရွက်ရာမှာ ပြည်သူများကလည်း ဥပဒေနဲ့အညီ ထမ်းဆောင်သင့်တဲ့ အခွန်တော်များကို တိကျမှန်ကန်ပြည့်စုံစွာ ထမ်းဆောင်ကြဖို့ တာဝန်ရှိပါတယ်။

ရရှိလာတဲ့ ဘဏ္ဍာငွေများကို အသုံးပြုပြီး နိုင်ငံတော်ရဲ့ယန္တရားကို ချောမောသွက်လက်စွာလည်ပတ်ပေးခြင်းအားဖြင့် ပြည်သူတို့ရဲ့ လူနေမှုအဆင့်အတန်းများတိုးတက်မြင့်မားလာပြီး အသက်အိုးအိမ်စည်းစိမ်တို့လည်း လုံခြုံမှုရှိမှာဖြစ်ပါတယ်။ နိုင်ငံတစ်နိုင်ငံမှာ အခွန်တော်များ ကောက်ခံရေးနဲ့ ဘဏ္ဍာငွေများသုံးစွဲရေးတို့နဲ့စပ်လျဉ်းပြီး မိမိတို့နိုင်ငံရဲ့ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းစသည်တို့နဲ့ လိုက်လျောညီထွေရှိမယ့် နည်းလမ်းများကို ကျင့်သုံးလေ့ရှိကြပါတယ်။

သဘာပတိကြီးခင်ဗျား–

ကျွန်တော်တို့ မြန်မာနိုင်ငံမှာလည်း ရှေးမြန်မာဘုရင်မင်းများအုပ်ချုပ်စဉ်ကပင် အခွန်တော်များကို ကောက်ခံခဲ့ပါတယ်။ အခွန်တော်ကောက်ခံရခြင်းအကြောင်းနဲ့စပ်လျဉ်းပြီး **"မြန်မာမင်းအုပ်ချုပ်ပုံစာတမ်းနှင့် ဘိုးတော်ဘုရား၏ ရာဇသတ်ခေါ် အမိန့်တော်တမ်းကြီး"** မှာ–

> **"လောက၌ ဥစ္စာစည်းစိမ်းနှင့် ပြည့်စုံချမ်းသာအောင် နိုင်ငံကိုအနီးအစပ်ဖြစ်သော နိုင်ငံချင်းကသော်လည်း နှိပ်စက်ဖျက်ဆီး၍ ယူကုန်ရာသည်၊ မိမိတို့နိုင်ငံအတွင်း၌သော်လည်း လူဆိုး၊သူဆိုး၊ ဓားပြတိုက်ခိုက်ဖျက်ဆီးခိုးယူကုန်ရာသည်၊ ဤကဲ့သို့ နှောင့်ယှက်ဖျက်ဆီးယိုလျှင်၊ ကုန်သည်တို့လည်း ကောင်းစွာကူးသန်းရောင်းဝယ်ခြင်းကိုမပြုနိုင်ရာ၊ လယ်ယာလုပ်ဆောင်သည့် တောင်သူတို့လည်း လယ်ယာကိုကောင်းစွာမလုပ်ဆောင်နိုင်ရာ။**
>
> **ဤသို့ အကူး၊အသန်း၊ အရောင်းအဝယ်၊ အလုပ်အဆောင် မပျက်မစီး၊ ကောင်းမွန်စွာကူးသန်းရောင်းဝယ်လုပ်ဆောင်ရအောင်၊ အကြီးအအုပ်နှင့်တကွ အစောင့်အရှောက် အထိန်းအသိမ်းထားသင့်သည်။ အကြီးအအုပ်နှင့်တကွ အစောင့်အရှောက် အထိန်းအသိမ်းထားပြီးမှ ကောင်းမွန်စွာကူးသန်းရောင်းဝယ်လုပ်ဆောင်ရအောင် နိုင်ငံကထားသည့် မင်း၊ မှူးမတ်၊ ရဲမက် လက်နက်ကိုင်တို့မှာ နိုင်ငံကိုစောင့်ရှောက်ထိန်းသိမ်းရသောကြောင့် လယ်ယာလုပ်ဆောင်ခြင်း၊ ကုန်စည်ကူးသန်းရောင်းဝယ်ခြင်းများကို မပြုမလုပ်နိုင်၊ ပြုလုပ်ရန် အခွင့်အခါမယှိပြီဖြစ်၍ ထိုစောင့်ရှောက်ထိန်းသိမ်းသည့် မင်း၊ မှူးမတ်၊ ရဲမက် လက်နက်ကိုင်တို့ကို ထိန်းသိမ်းစောင့်ရှောက်သည့်အတွက် စားသုံးလောက်အောင် နိုင်ငံကိုစောင့်ရှောက်ရန် လက်နက်ကိရိယာ၊ မြို့ပြုလုပ်ကိုင်လောက်အောင် စစ်ရေးကိစ္စယိုလျှင်၊ ကောက်ကာငင်ကာရဘို့ သိမ်းထားရအောင် ထိန်းသိမ်းစောင့်ရှောက်ခြင်းကို ခံကုန်သော ကုန်သည်လယ်လုပ်တို့က စပါးဆန်ရေ ကြေးငွေပေးကမ်းသင့်သည့်အတိုင်း တောင်းခံယူငင်ခြင်းသည် သဿမေဓမည်၏"**

လို့ မှတ်တမ်းပြုထားတာတွေ့ရပါတယ်။

သဘာပတိကြီးခင်ဗျား–

မြန်မာနိုင်ငံကို ကိုလိုနီနယ်ချဲ့တို့က ကျူးကျော်သိမ်းပိုက်အုပ်ချုပ်ခဲ့ပြီးနောက် ယင်းတို့အလိုကျ ဥပဒေများ၊ အမိန့်များကို ပြဋ္ဌာန်းထုတ်ပြန်ပြီး ပြည်သူများထံမှ အခွန်တော်များကို ကောက်ခံခဲ့တဲ့အပြင် ယင်းတို့ရဲ့ အကျိုးစီးပွားဖြစ်ထွန်းစေမယ့် ဥပဒေများကိုပြဋ္ဌာန်းပြီး ကျွန်တော်တို့နိုင်ငံရဲ့ သဘာဝသယံဇာတပစ္စည်းများကို ထုတ်ယူသုံးစွဲကာ အမြတ်ထုတ်သွေးစုပ်ခဲ့ကြောင်း တွေ့ရပါတယ်။

ကျွန်တော်တို့နိုင်ငံဟာ လွတ်လပ်ရေးရရှိပြီးတဲ့နောက် ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ပြဋ္ဌာန်းကျင့်သုံးခဲ့ပါတယ်။ အဲဒီ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေမှာ ပြည်နယ်များက ကောက်ခံခွင့်ရှိတဲ့ အခွန်တော်များစာရင်းကို ဖော်ပြထားပါတယ်။ ပြည်နယ်အရအသုံးစာရင်းအရ ပိုငွေလိုငွေများအတွက်လည်း ပြည်ထောင်စုအစိုးရနဲ့ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရပါတယ်။ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်ထောင်စုတစ်ခုလုံးအတွက် တစုတစည်းတည်း ရန်ပုံငွေထားရှိပြီး ပြည်နယ်နဲ့တိုင်းများရဲ့ အသုံးစရိတ်များကို ဗဟိုမှသင့်တင့်လျောက်ပတ်စွာ ခွဲဝေပေးခဲ့ကြောင်း လေ့လာတွေ့ရှိရပါတယ်။

အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ် ဦးအေးမောင် က "နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေး ဆွဲ ရာ တွင် ပါဝင်မည့် ဘဏ္ဍာရေး ကော်မရှင်ဖွဲ့စည်းခြင်း၊ ပြည်ထောင်စုနှင့် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်များအကြား အခွန်တော် ကောက်ခံခြင်းနှင့် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲခြင်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့်မူများ"နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။

(သတင်းစဉ်)

၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ ပြည်ထောင်စုအစိုးရနဲ့ ပြည်နယ်များအတွက် အခွန်တော်ငွေ ကောက်ခံခွဲဝေသုံးစွဲခြင်းကိစ္စများနဲ့ စပ်လျဉ်းပြီး ဥပဒေပုဒ်မ ၉၆မှာ–

(၁) **ဤအခြေခံဥပဒေရှိ စတုတ္ထဇယား၌ ရေတွက်ဖော်ပြထားသော အခွန်ထွက်ပင်ရင်းများမှရမည့် အခွန်တော်အားလုံးသည် ပြည်နယ်၌သော်လည်းကောင်း၊ ပြည်နယ်ကသော်လည်းကောင်း ကောက်ခံရရှိသော ပြည်နယ်၏အခွန်တော်ငွေတွင် ပါဝင်ရမည်။**

(၂) **တစ်ဆက်တည်းဖြစ်သော အထက်ပုဒ်မခွဲအရ ပြည်နယ်များသို့ ခွဲဝေလွှဲအပ်ထားသော အခွန်တော်များမှလွဲ၍ အခွန်တော်အားလုံးသည် ပြည်ထောင်စုနိုင်ငံ၏အခွန်တော်တွင်ပါဝင်ရမည်။**

ခြွင်းချက် ။ ။ **"ဤကိစ္စအတွက်ခန့်ထားသော အဖွဲ့တစ်ခုခု၏ သို့တည်းမဟုတ် အခြားအာဏာပိုင်တစ်ခုခု၏ ထောက်ခံချက်များအရ ထောက်ပံ့ရန်လိုအပ်သည်ဟုဆုံးဖြတ်သတ်မှတ်သော အထောက်အပံ့ငွေများကို ပြည်ထောင်စုနိုင်ငံတော်အစိုးရသည် မိမိ၏အခွန်တော်များမှ ထုတ်၍ ပြည်ထောင်စုအဖွဲ့ဝင်များ၏ အခွန်တော်များကို ဖြည့်တင်းသောအားဖြင့် ထိုပြည်ထောင်စုအဖွဲ့ဝင်များ၏ အစိုးရများအားပေးနိုင်သည်"**

လို့ပြဋ္ဌာန်းထားတာတွေ့ရပါတယ်။

အဲဒီ ပြဋ္ဌာန်းချက်များနှင့်အညီ ယခင်လွှတ်တော်များက ဘဏ္ဍာရေးကော်မတီများကိုဖွဲ့စည်းပြီး ဆောင်ရွက်ခဲ့တာကိုတွေ့ရပါတယ်။ ကိုလိုနီလက်အောက်မှ လွတ်မြောက်ပြီး မိမိတို့နိုင်ငံကဲ့သို့ လွတ်လပ်ရေးရရှိလာကြတဲ့ နိုင်ငံများရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေများကို လေ့လာတဲ့အခါ ပြည်နယ်အစိုးရများကို သတ်မှတ်တဲ့အခွန်များ ကောက်ခံခွင့်ပြုပြီး လိုငွေများကို ဗဟိုအစိုးရက ထောက်ပံ့ပေးလျက်ရှိကြောင်း တွေ့ရပါတယ်။ အဲဒီလို ဗဟိုအစိုးရက ပြည်နယ်အစိုးရများသို့ ရန်ပုံငွေများခွဲဝေချထားခြင်း၊ ထောက်ပံ့ခြင်း၊ ချေးငှားခြင်းကိစ္စတို့ကို ဆောင်ရွက်နိုင်ရေးအတွက် အသေးစိတ်လေ့လာစိစစ်ထောက်ခံနိုင်ရန် ဘဏ္ဍာရေးကော်မရှင်များကို ဖွဲ့စည်းထားရှိဆောင်ရွက်ဖို့ ပြဋ္ဌာန်းထားတာတွေ့ရပါတယ်။

သဘာပတိကြီးခင်ဗျား–

အမျိုးသားညီလာခံက ချမှတ်ပြီးဖြစ်တဲ့ အသေးစိတ်အခြေခံရမယ့်မူများအရ ပြည်ထောင်စုမြန်မာနိုင်ငံတော်မှာ တိုင်းဒေသကြီးခုနစ်ခု၊ ပြည်နယ်ခုနစ်ပြည်နယ်နှင့် ပြည်ထောင်စုနယ်မြေတို့ ပေါ်ပေါက်လာမှာဖြစ်ပါတယ်။ ဒါ့ပြင် ပြည်ထောင်စုအစိုးရ၊ တိုင်းဒေသကြီးအစိုးရတို့နဲ့ ပြည်နယ်အစိုးရတို့ ရှိလာမှာဖြစ်တဲ့အတွက် အဲဒီလိုဖြစ်ပေါ်လာမယ့် ပြည်ထောင်စုအစိုးရ၊ တိုင်းဒေသကြီး အစိုးရတို့နဲ့ ပြည်နယ်အစိုးရတို့ကို ဘဏ္ဍာရေးဆိုင်ရာ အခွင့်အာဏာများ ခွဲဝေရာမှာ တိုးတက်ပြောင်းလဲလာတဲ့ ခေတ်နဲ့လျော်ညီပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော်နဲ့လည်း ကိုက်ညီမယ့်နည်းလမ်းများကို ချမှတ် ကျင့်သုံးသွားသင့်ပါတယ်။

ဒါကြောင့် ပြည်ထောင်စုနဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တို့အကြား ဘဏ္ဍာရေးဆိုင်ရာ အခွင့်အာဏာများ ခွဲဝေရာမှာ နိုင်ငံတော်တစ်ဝန်လုံး ဖွံ့ဖြိုးတိုးတက်နိုင်စေရေးအတွက် သင့်တင့်မျှတစွာ ခွဲဝေဆောင်ရွက်ပေးတဲ့ နည်းလမ်းကို ကျင့်သုံးဖို့လိုအပ်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

သဘာပတိကြီးခင်ဗျား–

အခုအခါ ပြည်ထောင်စုမြန်မာနိုင်ငံတော်မှာ လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ အလျင်အမြန် ပြောင်းလဲရောက်ရှိအောင် အားသွန်ခွန်စိုက်ဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံတော်အနေနဲ့လည်း စိုက်ပျိုးရေးကဏ္ဍ တိုးတက်မြင့်မားလာစေဖို့အတွက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လိုအပ်တဲ့ ဆည်မြောင်းများ၊ တာတမံများ တည်ဆောက်လျက်ရှိပြီး အောင်မြင်မှုများရရှိနေတာကို ညီလာခံကိုယ်စားလှယ်များ အားလုံးသိရှိပြီးဖြစ်ပါတယ်။ ဒါ့ပြင် မြန်မာနိုင်ငံရဲ့သစ်တောများ၊ ဓာတ်သတ္တုပစ္စည်းများစတဲ့ သဘာဝသယံဇာတပစ္စည်းများကိုလည်း စီမံကိန်းများချမှတ်ပြီး စနစ်တကျထိန်းသိမ်းထုတ်ယူလျက်ရှိပါတယ်။

နောင်အခါမှာလည်း ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွက် အထူးလိုအပ်လျက်ရှိတဲ့ အခြေခံအဆောက်အအုံ (Infrastructure)များကို ပြည်ထောင်စုကလိုအပ်သလို တည်ဆောက်နိုင်မှသာ နိုင်ငံတော်ရဲ့တိုးတက်မှုအရှိန်အဟုန်ဟာ ဆက်လက်မြင့်မား တိုးတက်လာမှာဖြစ်ပါတယ်။

အဲဒီလို ပြည်ထောင်စုက နိုင်ငံတော်အတွက် လိုအပ်တဲ့ အခြေခံအဆောက်အအုံများတည်ဆောက်နိုင်ဖို့နဲ့ ပြည်ထောင်စုတစ်ခုလုံး စနစ်တကျတိုးတက်ဖွံ့ဖြိုးရေး၊ ပြည်သူတစ်ရပ်လုံးရဲ့ စားဝတ်နေရေး အဆင့်အတန်းမြင့်မားလာစေရေးအတွက် ဆောင်ရွက်ပေးဖို့ လုံလောက်တဲ့ ဘဏ္ဍာငွေများရရှိနိုင်အောင် သင့်တင့်လျောက်ပတ်တဲ့ ဘဏ္ဍာရေးဆိုင်ရာ အခွင့်အာဏာများကိုလည်း ပြည်ထောင်စုသို့ အပ်နှင်းထားရှိဖို့ လိုအပ်မှာဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံရဲ့ လက်ရှိအခြေအနေကို လေ့လာသုံးသပ်မယ်ဆိုရင် မြန်မာနိုင်ငံရဲ့ သမိုင်းကြောင်းတစ်လျှောက်မှာ မရဘူးသေးတဲ့ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို ရရှိနေတာ ညီလာခံကိုယ်စားလှယ်ကြီးများ တွေ့မြင်နိုင်ပါတယ်။ တိုင်းရင်းသား စည်းလုံးညီညွတ်မှု အခွန့်ရှည်စွာ တည်တံ့ခိုင်မြဲရေးကို အထောက်အကူဖြစ်စေမယ့် အခွန်တော် ကောက်ခံရေးနဲ့ ဘဏ္ဍာငွေ သုံးစွဲရေးတို့ပါဝင်တဲ့ ဘဏ္ဍာရေးဆိုင်ရာ အခွင့်အာဏာများကို ပြည်ထောင်စုနဲ့တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တို့အကြား သင့်တင့်မျှတစွာ ခွဲဝေသုံးစွဲရေးနဲ့စပ်လျဉ်းပြီး သင့်လျော်တဲ့ ပြဋ္ဌာန်းချက်များကို နောင်ပေါ်ပေါက်လာမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ထည့်သွင်းပြဋ္ဌာန်းပေးဖို့ လိုအပ်မှာဖြစ်ပါတယ်။ အဲဒီလို ပြဋ္ဌာန်းပေးနိုင်ဖို့ သင့်လျော်တဲ့ အသေးစိတ်အခြေခံရမယ့်မူများကို အမျိုးသားညီလာခံက ချမှတ်ပေးဖို့ ရှိလာပါတယ်။

သဘာပတိကြီးခင်ဗျား–

ယခင်နှစ်များရဲ့ နိုင်ငံတော်ဘဏ္ဍာငွေ အရအသုံးစာရင်းများကို လေ့လာတဲ့အခါမှာ ပြည်နယ်နဲ့တိုင်း အများအပြားမှာ မိမိတို့ကောက်ခံရရှိတဲ့အခွန်ငွေထက် ပြည်နယ်နဲ့တိုင်းတွေအတွက် သုံးစွဲကုန်ကျတဲ့ အသုံးစရိတ်များက ပိုမိုများပြားနေကြောင်း အကြမ်းဖျင်းအားဖြင့် လေ့လာတွေ့ရှိရပါတယ်။ အဲဒီလို ရငွေထက် သုံးငွေပိုနေတဲ့ ပြည်နယ်နဲ့တိုင်းတွေအတွက် လိုငွေများကို နိုင်ငံတော်က ဘဏ္ဍာငွေ ဖြည့်ဆည်းပေးခြင်းအားဖြင့် တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ကောက်ခံရရှိတဲ့ အခွန်တော်ငွေများကို အတတ်နိုင်ဆုံး မျှမျှတတ သုံးစွဲခွင့်ရရှိအောင် ဆောင်ရွက်ပေးနေတာကို လေ့လာတွေ့ရှိရပါတယ်။

နောင်တွင်လည်း ပြည်ထောင်စုက ကောက်ခံရရှိတဲ့အခွန်တော်များကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များအပါအဝင် ပြည်ထောင်စုတစ်ခုလုံးအတွက် သုံးစွဲရမှာဖြစ်ပါတယ်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များကို ကောက်ခံခွင့်ပြုထားတဲ့ အခွန်တော်များကိုတော့ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း သုံးစွဲဖို့ဖြစ်ပါတယ်။ အဲဒီလို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များက ဥပဒေနဲ့အညီကောက်ခံပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းသင့်တဲ့ ရငွေများနဲ့ အခွန်အခအမျိုးအစားများကို အောက်ပါအတိုင်း သတ်မှတ်သင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်–

(က) မြေယာခွန်၊

(ခ) ယစ်မျိုးခွန်၊

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က စီမံခန့်ခွဲခွင့်ရှိသည့် ဆည်များ၊ တာတမံများကို အရင်းခံသည့် ရေခွန်၊ တာတမံခွန်နှင့် ထိုဆည်များ၊ တာတမံများ၏ရေအားဖြင့် ထုတ်လုပ်ရရှိသည့် လျှပ်စစ်ဓာတ်အားသုံးစွဲခ၊

(ဃ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က စီမံခန့်ခွဲခွင့်ရှိသည့် လမ်းများ၊ တံတားများ ဖြတ်သန်းခ၊

(င) (၁) ရေချိုငါးလုပ်ငန်းအပေါ်တွင် စည်းကြပ်ကောက်ခံသည့် ဘဏ္ဍာတော်ကြေး (Royalty)၊

(၂) သတ်မှတ်ထားသောအကွာအဝေးအတွင်း ပင်လယ်ငါးဖမ်းလုပ်ငန်းအပေါ်တွင် စည်းကြပ်ကောက်ခံသည့် ဘဏ္ဍာတော်ကြေး (Royalty)၊

စာမျက်နှာ ၁၀ မှ

(စ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကုန်းလမ်း၊ ရေလမ်းသုံး ယာဉ်များဆိုင်ရာ ဥပဒေအရ စည်းကြပ်သောအခွန်၊
(ဆ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ပိုင်ပစ္စည်းများ၊ ရောင်းရငွေ၊ ငှားရမ်းခများနှင့် ယင်းပစ္စည်းများမှ ရရှိသော အခြားအကျိုးအမြတ်များ၊
(ဇ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များက ဝန်ဆောင်မှုလုပ်ငန်းများအတွက် သတ်မှတ်ကောက်ခံသည့် အခကြေးငွေများ၊ အခွန်အခများနှင့် အခြားရငွေများ၊
(ဈ) တိုင်းဒေသကြီးတရားလွှတ်တော် သို့မဟုတ် ပြည်နယ်တရားလွှတ်တော် အပါအဝင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ တရားရုံးများက ချမှတ်သည့် ဒဏ်ငွေများ၊ ဝန်ဆောင်မှုအတွက် ကောက်ခံသည့် အခွန်အခများနှင့် အခြားရငွေများ၊
(ည) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေများ ထုတ်ချေးသဖြင့် ရရှိသောအတိုးများ၊
(ဋ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ရင်းနှီးမြှုပ်နှံမှုဖြင့် ရရှိသည့် အကျိုးအမြတ်များ၊
(ဌ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ သစ်တောများမှ အောက်ပါပစ္စည်းများ ထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန်အခများ-
  (၁) ကျွန်းနှင့်သတ်မှတ်သော သစ်မာများမှအပ ကျန်သစ်များ အပေါ်တွင် ကောက်ခံသည့် အခွန်၊
  (၂) သစ်တောထွက်ပစ္စည်းများဖြစ်သည့် ထင်း၊ မီးသွေး၊ ကြိမ်၊ ဝါး၊ ငှက်သိုက်၊ ရှားစေး၊ သနပ်ခါး၊ ထင်းရှူးဆီ၊ သစ်မွေး၊ ပျားထွက်ပစ္စည်းများအပေါ် ကောက်ခံသည့်အခွန်၊
(ဍ) မှတ်ပုံတင်ကြေး၊
(ဎ) ပွဲခွန်၊
(ဏ) ဆားခွန်၊
(တ) ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ရရှိသည့် ဘဏ္ဍာငွေများ၊
(ထ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ စည်ပင်သာယာရေးဆိုင်ရာ အဖွဲ့အစည်းများ၏ ထည့်ဝင်ငွေများ၊
(ဒ) ပိုင်ရှင်မပေါ်သော သွင်းထားငွေများနှင့်ပစ္စည်းများ၊
(ဓ) ရတနာသိုက် (Treasure Trove)

တို့ဖြစ်ပါတယ်။

သဘာပတိကြီးခင်ဗျား-

အခုအခါ နိုင်ငံတော်ပိုင်လမ်းများ၊ တံတားများကို နိုင်ငံတော်က အကုန်အကျခံဆောက်လုပ်ပြီး အဲဒီလမ်းများ၊ တံတားများဖြတ်သန်းခများကို သက်ဆိုင်ရာဌာနများက ကောက်ခံလျက်ရှိပါတယ်။ လမ်း၊ တံတားများနဲ့ စပ်လျဉ်းပြီးတင်ပြရရင် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်လာတဲ့အခါ ပြည်ထောင်စုက ကြီးကြပ်ဆောင်ရွက်ပေးမယ့် ပြည်ထောင်စုလမ်းမကြီးများ၊ ပြည်ထောင်စုတံတားကြီးများရှိမှာဖြစ်သလို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များကို စီမံခန့်ခွဲထိန်းသိမ်းခွင့်ပြုမယ့် လမ်းများ၊ တံတားများလည်းရှိမှာဖြစ်ပါတယ်။ အဲဒီလို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တွေက စီမံထိန်းသိမ်းရမယ့် လမ်းများ၊ တံတားများရဲ့ ဖြတ်သန်းခများကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ်ပြည်နယ်များအား ကောက်ခံသုံးစွဲစေသင့်တဲ့အတွက် **"တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က စီမံခန့်ခွဲခွင့်ရှိသည့် လမ်းများ၊ တံတားများဖြတ်သန်းခ"**လို့ ဖော်ပြထားခြင်းဖြစ်ပါတယ်။

အမျိုးသား ညီလာခံ ကျင်းပရေးလုပ်ငန်း ကော်မတီအတွင်းရေးမှူး ဦး သောင်း ညွန့်က "နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် ဘဏ္ဍာရေး ကော်မရှင် ဖွဲ့စည်းခြင်း၊ ပြည်ထောင်စုနှင့် တိုင်း ဒေသ ကြီး သို့မဟုတ် ပြည်နယ်များအကြား အခွန်တော်ကောက်ခံခြင်းနှင့် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲခြင်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့်မူများ"နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

သန့်သန့် တည်ရှိနေသလို အချို့သစ်တောကြိုးဝိုင်းများဟာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုထက်ပိုပြီး အခြား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တွေနဲ့ ဆက်စပ်တည်ရှိနေတဲ့အတွက် ပြည်နယ်၊ တိုင်းနယ်နိမိတ်နဲ့ သစ်တောကြိုးဝိုင်းနယ်နိမိတ်တွေဟာ တစ်ထပ်တည်းမဖြစ်တာကို တွေ့ရှိနိုင်ကြမှာဖြစ်ပါတယ်။ အဲဒီလိုဖြစ်ပေါ်နေတဲ့ သစ်တောတွေရဲ့ အနေအထားအရ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းဖို့အတွက် သစ်တောများပြုန်းတီးခြင်းမှ ကာကွယ်ခြင်းနဲ့ ထိန်းသိမ်းခြင်း၊ သစ်များစနစ်တကျထုတ်ယူခြင်း၊ ပျက်စီးပြုန်းတီးနေသော သစ်တောများ၌ သစ်ပင်များ ပြန်လည်စိုက်ပျိုးခြင်း၊ ရေ၊မြေနှင့် သဘာဝဝန်းကျင်ကို ပျက်စီးမှုမရှိစေရန် သစ်ပင်များစိုက်ပျိုးခြင်းတို့ကို ပြည်ထောင်စုက နိုင်ငံတစ်ဝန်းလုံးအတွက် စနစ်တကျဆောင်ရွက်ပေးမှသာ တစ်ပြေးညီတိုးတက်အောင်မြင်နိုင်မှာ ဖြစ်ပါတယ်။

အဲဒီလို ထိန်းသိမ်းထားရှိတဲ့ သစ်တောတွေက ထွက်ရှိတဲ့ ကျွန်းနဲ့ သတ်မှတ်ထားသော သစ်မာများမှအပ ကျန်သစ်များအပေါ်တွင် ကောက်ခံတဲ့အခွန်များကိုလည်းကောင်း၊ သစ်တောထွက်ပစ္စည်းများဖြစ်တဲ့ ထင်း၊ မီးသွေး၊ ကြိမ်၊ ဝါး၊ ငှက်သိုက်၊ ရှားစေး၊ သနပ်ခါး၊ ထင်းရှူးဆီ၊ သစ်မွေး၊ ပျားထွက်ပစ္စည်းများအပေါ် ကောက်ခံတဲ့အခွန်များကိုလည်းကောင်း တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များက ကောက်ခံပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေများထဲသို့ ထည့်သွင်းသင့်ပါတယ်။ ဒါကြောင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များသို့ ကောက်ခံခွင့်ပြုသင့်တဲ့ အခွန်တော်စာရင်းမှာ **"မိမိတို့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ ကျွန်းနှင့် သတ်မှတ်သော သစ်မာများမှအပ ကျန်သစ်များအပေါ်တွင် ကောက်ခံသည့် အခွန်နှင့် သစ်တောထွက်ပစ္စည်းများဖြစ်တဲ့ ထင်း၊ မီးသွေး၊ ကြိမ်၊ ဝါး၊ ငှက်သိုက်၊ ရှားစေး၊ သနပ်ခါး၊ ထင်းရှူးဆီ၊ သစ်မွေး၊ ပျားထွက်ပစ္စည်းစသည့် ပစ္စည်းများအပေါ် ကောက်ခံသည့်အခွန်"**လို့ ဖော်ပြထားခြင်းဖြစ်ပါတယ်။

မှတ်ပုံတင်ကြေးများနဲ့ စပ်လျဉ်းပြီး တင်ပြရရင် မှတ်ပုံတင်ဥပဒေအရ မှတ်ပုံတင်ရတဲ့ စာချုပ်စာတမ်းများအတွက် ကောက်ခံရရှိတဲ့ မှတ်ပုံတင်ကြေးများနဲ့ အခြား ဥပဒေများအရ မှတ်ပုံတင်တဲ့ကိစ္စများအတွက် ကောက်ခံရရှိတဲ့ မှတ်ပုံတင်ကြေးများကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းသင့်တဲ့အတွက် **"မှတ်ပုံတင်ကြေးများ"**လို့ ဖော်ပြထားခြင်းဖြစ်ပါတယ်။ ကျန်အခွန်တော်များနဲ့စပ်လျဉ်းပြီး အခွန်တော်ခေါင်းစဉ်အရပင် ရှင်းလင်းနေပြီဖြစ်တဲ့အတွက် ထပ်မံရှင်းလင်းခြင်းမပြုတော့ပါကြောင်း တင်ပြအပ်ပါတယ်။

သဘာပတိကြီးခင်ဗျား-

နိုင်ငံတော်ရဲ့ စီးပွားရေးဦးတည်ချက်လေးရပ်မှာ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်

နိုင်ငံဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ သယ်ယူပို့ဆောင်ရေးလုပ်ငန်း တိုးတက်များပြားများပြားလာသည့်ယာဉ်များ ကြီးကြပ်ထိန်းသိမ်းရန် အခွန်အခများကောက်ခံရန်ရှိ

သဘာပတိကြီးခင်ဗျား-

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များကကောက်ခံပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းသင့်တဲ့ အခွန်အခအမျိုးအစားများကို တင်ပြခဲ့ပြီးဖြစ်ပါတယ်။ အဲဒီ အခွန်အခ အမျိုးအစားများအနက် ရှင်းလင်းဖို့လိုအပ်တဲ့ အခွန်အခများနဲ့စပ်လျဉ်းပြီး ညီလာခံကိုယ်စားလှယ်များ ရှင်းလင်းလွယ်ကူစွာ သိရှိနိုင်ဖို့ ကျွန်တော်အကျဉ်းချုံး ရှင်းလင်းတင်ပြပါမယ်။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ကောက်ခံရမယ့် မြေယာခွန်ဆိုတာဟာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းမှာရှိတဲ့ ပြည်ထောင်စုက တိုက်ရိုက်စီမံခန့်ခွဲဆောင်ရွက်တဲ့လုပ်ငန်းများအတွက် အသုံးပြုတဲ့ မြေယာများမှအပ ကျန်လယ်မြေ၊ ယာမြေ၊ တောင်ယာမြေ၊ ကိုင်းမြေ၊ ဥယျာဉ်ခြံမြေ၊ နိုင်ငံတော်ပိုင်မြေများ စတဲ့ မြေယာများအပေါ် စည်းကြပ်ကောက်ခံရမယ့် မြေခွန်တော်များဖြစ်ပါတယ်။

ယစ်မျိုးခွန်မှာ ယစ်မျိုးနှင့်သက်ဆိုင်တဲ့ အခွန်အခများကို ခြုံငုံသုံးနှုန်းထားခြင်းဖြစ်ပါတယ်။ ယစ်မျိုးခွန်ထဲမှာ သေရည်သေရက်များ၊ ဥပဒေနှင့်အညီခွင့်ပြုထားတဲ့ အရက်ပြန် သို့မဟုတ် ယစ်မျိုးသက်ဝင်ပစ္စည်းများအပေါ် ကောက်ခံသည့် အခွန်အခများနဲ့ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေနှင့်အညီ ဆောင်ရွက်ရတဲ့ကိစ္စများအပေါ် ကောက်ခံတဲ့အခွန်အခများလည်း ပါဝင်မှာဖြစ်ပါတယ်။

သဘာပတိကြီးခင်ဗျား-

အခုအခါ နိုင်ငံတော်က တည်ဆောက်တဲ့ တာတမံများ၊ ဆည်များနဲ့ စပ်လျဉ်းတဲ့ အခွန်အခများကို ဥပဒေနဲ့အညီ သက်ဆိုင်ရာဌာနများက ကောက်ခံလျက်ရှိပါတယ်။ နောင်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်လာတဲ့အခါ ပြည်ထောင်စုက တိုက်ရိုက်စီမံခန့်ခွဲပေးမယ့်ဆည်များ၊ တာတမံများ၊ ရေအားလျှပ်စစ်များရှိမှာဖြစ်သလို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များကို စီမံခန့်ခွဲခွင့်ပြုသင့်တဲ့ဆည်များ၊ တာတမံများနဲ့ ရေအားလျှပ်စစ်ထုတ်ယူတဲ့လုပ်ငန်းများလည်း ရှိမှာဖြစ်ပါတယ်။

ဒါကြောင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များက စီမံထိန်းသိမ်းခွင့်ရှိတဲ့ ဆည်များ၊ တာတမံများကို အရင်းခံတဲ့ ရေခွန်၊ တာတမံခွန်နဲ့အဲဒီဆည်များ၊ တာတမံများရဲ့ ရေအားနဲ့ထုတ်လုပ်ရရှိတဲ့ လျှပ်စစ်ဓာတ်အားသုံးစွဲခများကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များအား ကောက်ခံသုံးစွဲခွင့်ပြုစေသင့်တဲ့အတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များကို ကောက်ခံခွင့်ပြုသင့်တဲ့အခွန်တော်စာရင်းမှာ **"တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က စီမံထိန်းသိမ်းခွင့်ရသော ဆည်များ၊ တာတမံများကို အရင်းခံသည့် ရေခွန်၊ တာတမံခွန်နှင့်ထိုဆည်များ၊ တာတမံများ၏ ရေအားဖြင့် ထုတ်လုပ်ရရှိသော လျှပ်စစ်ဓာတ်အားသုံးစွဲခ"**လို့ ဖော်ပြထားခြင်းဖြစ်ပါတယ်။

သဘာပတိကြီးခင်ဗျား-

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များက မိမိတို့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းမှာရှိတဲ့ ရေချိုငါးလုပ်ငန်းအပေါ်တွင် စည်းကြပ်ကောက်ခံတဲ့ ဘဏ္ဍာတော်ကြေး(Royalty)များကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များက ရရှိမှာဖြစ်ပါတယ်။

အချို့တိုင်းဒေသကြီးများ၊ ပြည်နယ်များဟာဆိုရင် ပင်လယ်နဲ့ဆက်စပ်နေပြီး အဲဒီဒေသများအတွင်း နေထိုင်တဲ့ နိုင်ငံသားများဟာ ပင်လယ်ငါးဖမ်းလုပ်ငန်းများနဲ့ အသက်မွေးလျက်ရှိကြပါတယ်။ အဲဒီပင်လယ်ငါးဖမ်းလုပ်သားများ အသက်မွေးဝမ်းကျောင်းပြုနိုင်ဖို့ ငါးဖမ်းခွင့်ရှိတဲ့ ပင်လယ်ပြင်အကျယ်အဝန်းကို ဥပဒေနဲ့သတ်မှတ်ထားဖို့ လိုအပ်ပါတယ်။ အဲဒီလို သတ်မှတ်ထားတဲ့ အကွာအဝေးအတွင်း ပင်လယ်ငါးဖမ်းလုပ်ငန်းပေါ် စည်းကြပ်ကောက်ခံတဲ့ ဘဏ္ဍာတော်ကြေး(Royalty)များကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တို့အား ကောက်ခံသုံးစွဲစေသင့်တဲ့အတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ကောက်ခံစေသင့်တဲ့ အခွန်တော်စာရင်းတွင်**"ရေချိုငါးလုပ်ငန်းအပေါ်တွင် စည်းကြပ်ကောက်ခံသည့် ဘဏ္ဍာတော်ကြေး (Royalty)နှင့် သတ်မှတ်ထားတဲ့အကွာအဝေးအတွင်း ပင်လယ်ငါးဖမ်းလုပ်ငန်းအပေါ်တွင် စည်းကြပ်ကောက်ခံသည့် ဘဏ္ဍာတော်ကြေး(Royalty)"**လို့ ဖော်ပြထားခြင်းဖြစ်ပါတယ်။

သဘာပတိကြီးခင်ဗျား-

သယ်ယူပို့ဆောင်ရေးနဲ့စပ်လျဉ်းပြီး ရှင်းလင်းတင်ပြရရင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်လာတာနဲ့အမျှ နိုင်ငံတော်ပိုင်းဆိုင်ရာနဲ့ ပုဂ္ဂလိကပိုင်းဆိုင်ရာ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ တိုးတက်များပြားလာတာကို တွေ့ရပါတယ်။ ဥပမာ-ပုဂ္ဂလိကပိုင်းဆိုင်ရာ ပို့ဆောင်ရေးအပိုင်းမှာ မြစ်၊ချောင်း၊ အင်းအိုင်ထဲမှာ ခရီးသည်နဲ့ ကုန်စည်များကို ပို့ဆောင်ပေးလျက်ရှိတဲ့ စက်တပ်ရေယာဉ်အများအပြားရှိလာသလို ကုန်းတွင်းပိုင်းမှာလည်း လယ်ထွန်စက်များနဲ့ စက်တပ်ယာဉ်ငယ်များ၊ အနှေးယာဉ်များ အများအပြားရှိလာတာကို တွေ့ရပါတယ်။ အဲဒီလိုများပြားလာတဲ့ယာဉ်များကို ကြီးကြပ်ထိန်းသိမ်းပေးဖို့နဲ့ အခွန်အခများ ကောက်ခံဖို့ရှိလာမှာဖြစ်ပါတယ်။ ဒါကြောင့် အဲဒီယာဉ်တွေနဲ့စပ်လျဉ်းပြီး ရရှိတဲ့အခွန်အခများကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တွေက ကောက်ခံသုံးစွဲစေသင့်တဲ့အတွက်**"တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကုန်းလမ်း၊ ရေလမ်းသုံးယာဉ်များဆိုင်ရာဥပဒေအရ စည်းကြပ်သောအခွန်"**လို့ ဖော်ပြထားခြင်းဖြစ်ပါတယ်။

သဘာပတိကြီးခင်ဗျား-

သစ်တောများနဲ့စပ်လျဉ်းပြီး ရှင်းလင်းတင်ပြရရင် အချို့သစ်တောကြိုးဝိုင်းများဟာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်း သီးသီးဆောက်ရေးဦးတည်ချက်ပါရှိပါတယ်။ အဲဒီဦးတည်ချက်နဲ့အညီ မိမိတို့နိုင်ငံကို စီးပွားရေးအရ အခြားနိုင်ငံများနဲ့ ရင်ပေါင်တန်းလိုက်နိုင်အောင် စိုက်ပျိုးရေးကိုအခြေခံပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ကြရမှာဖြစ်ပါတယ်။ အဲဒီလို တည်ဆောက်ကြရာမှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တွေက မိမိတို့တတ်နိုင်တဲ့လုပ်ငန်းတွေကို တည်ဆောက် အကောင်အထည်ဖော်ပြီး ကျန်စီမံကိန်းကြီးများ၊ လုပ်ငန်းကြီးများကိုတော့ ပြည်ထောင်စုကဦးစီးပြီး တည်ဆောက်အကောင်အထည်ဖော်သွားမှသာ ပြည်ထောင်စုတစ်ဝန်းလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်မှာ ဖြစ်ပါတယ်။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တွေက မိမိတို့တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များကို ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရာမှာ ဘဏ္ဍာငွေများလိုအပ်မှာဖြစ်ပါတယ်။ အဲဒီလိုအပ်တဲ့ ဘဏ္ဍာငွေများရရှိစေဖို့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များက ကောက်ခံပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေများသို့ ထည့်သွင်းသင့်တဲ့ ရငွေများနဲ့ အခွန်တော်အမျိုးအစားများကို အထက်တွင်ဖော်ပြခဲ့ပြီးဖြစ်ပါတယ်။ မိမိတို့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များကို ဖွံ့ဖြိုးတိုးတက်အောင် နှစ်စဉ်ဆောင်ရွက်ရာမှာ မိမိတို့ကောက်ခံရရှိထားတဲ့ အခွန်တော်ငွေများနဲ့ မလုံလောက်ပါက ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ဖြည့်ဆည်းပေးမှာဖြစ်ပါတယ်။ အဲဒီလိုဖြည့်ဆည်းပေးတဲ့ ရန်ပုံငွေနဲ့ လုံလောက်မှုမရှိသေးရင် နိုင်ငံတော်ရဲ့ ဘဏ္ဍာရေးအခြေအနေကို စိစစ်ပြီး ခွင့်ပြုနိုင်စွမ်းရှိတဲ့ ထောက်ပံ့ငွေများကို အထူးကိစ္စတစ်ရပ်အနေနဲ့ ထောက်ပံ့ရန်ဖြစ်ပါတယ်။

ဒါ့အပြင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တွေဟာ မိမိတို့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း အသေးစားစီမံကိန်းလုပ်ငန်းများကို အကောင်အထည်ဖော်ဖို့ ရန်ပုံငွေလိုနေရင်လည်း ပြည်ထောင်စုနဲ့ညှိနှိုင်းပြီး ငွေများချေးယူနိုင်မှာ ဖြစ်ပါတယ်။

သဘာပတိကြီးခင်ဗျား-

အခုလို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များက မိမိတို့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ဖို့ ရန်ပုံငွေများထားရှိပြီး နှစ်စဉ်အသုံးစရိတ်များကို သတ်မှတ်ပေးဖို့ လိုအပ်သလို ပြည်ထောင်စုအနေနဲ့လည်း ပြည်ထောင်စုတစ်ဝန်းလုံး တိုးတက်ဖွံ့ဖြိုးလာစေဖို့ စီမံကိန်းကြီးများ၊ လုပ်ငန်းကြီးများ အကောင်အထည်ဖော်ရေးအတွက် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ အသုံးစရိတ်များ ကျခံနိုင်ရေး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များသို့ လိုအပ်တဲ့ရန်ပုံငွေများ ဖြည့်ဆည်းပေးနိုင်ရေး၊ ထောက်ပံ့နိုင်ရေးနဲ့

စာမျက်နှာ ၁၂ ကော်လံ ၁

တိုင်းဒေသကြီးပြည်နယ်များ ဖွံ့ဖြိုးတိုးတက်စေရန် ဘဏ္ဍာရေးလိုအပ်ချက်များတင်ပြညှိနှိုင်းအကူအညီရယူ သက်ဆိုင်ရာ တိုင်းဒေသကြီးပြည်နယ်များ ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန် တစ်ပြေးညီဖြစ်ပေါ်လာနိုင်

စာမျက်နှာ ၁၁ မှ

ဈေးဌာနိုင်ရေးတို့အတွက် ရန်ပုံငွေများလည်း လိုအပ်မှာ ဖြစ်ပါတယ်။ ဒါကြောင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များက ကောက်ခံသင့်တဲ့ အခွန်တော်များကို သတ်မှတ်ထားပြီး အခြားအခွန်တော်များကို ပြည်ထောင်စုက ကောက်ခံသင့်ပါတယ်။

သဘာပတိကြီးခင်ဗျား–

ဆက်လက်ပြီး ရှင်းလင်းတင်ပြလိုတာကတော့ ပြည်ထောင်စုနယ်မြေများအတွက် ကောက်ခံဖို့လိုအပ်မယ့် အခွန်အခများနဲ့ ရငွေများကိစ္စဖြစ်ပါတယ်။

ချမှတ်ထားပြီးဖြစ်တဲ့ အသေးစိတ်အခြေခံရမယ့်မူတွေအရ နယ်မြေဒေသတစ်ခုကို ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်လိုက်ရင် အဲဒီပြည်ထောင်စုနယ်မြေရဲ့ အုပ်ချုပ်မှုအာဏာနဲ့စပ်လျဉ်းပြီး ထူးခြားတဲ့အခြေအနေအရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရဲ့ အုပ်ချုပ်မှုအောက်မှာ မထားရှိဘဲ နိုင်ငံတော်သမ္မတရဲ့ တိုက်ရိုက်အုပ်ချုပ်မှုအောက်မှာ ထားရှိမှာဖြစ်ကြောင်း ကျွန်တော် ရှင်းလင်းတင်ပြခဲ့ပြီး ဖြစ်ပါတယ်။

အဲဒီလို ပြည်ထောင်စုနယ်မြေတွေဟာ နိုင်ငံတော်သမ္မတရဲ့ တိုက်ရိုက်အုပ်ချုပ်မှုအောက်မှာ တည်ရှိမှာဖြစ်တဲ့အတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တို့က ကောက်ခံဖို့သတ်မှတ်ပေးမယ့် အခွန်အခများနဲ့ ရငွေအမျိုးအစားများကို ပြည်ထောင်စုနယ်မြေတွေအတွက်လည်း ကောက်ခံဖို့ လိုအပ်တဲ့အခါ အဲဒီအခွန်အခများနဲ့ ရငွေများကို ပြည်ထောင်စုက ဥပဒေနဲ့အညီ ကောက်ခံပြီး ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းသင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

သဘာပတိကြီးခင်ဗျား–

ယခုအခါ ပြည်ထောင်စုက ကောက်ခံသင့်တဲ့ အခွန်တော်များနဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များက ကောက်ခံသင့်တဲ့ အခွန်တော်များစာရင်းကို ကျွန်တော် ရှင်းလင်းတင်ပြခဲ့ပြီး ဖြစ်ပါတယ်။ အဲဒီလိုအခွန်တော်များကို ကောက်ခံပြီး ပြည်ထောင်စုအနေနဲ့ ပြည်ထောင်စုတစ်ဝန်းလုံး သင့်တင့်လျောက်ပတ်စွာ ဖွံ့ဖြိုးတိုးတက်စေရေးအတွက်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များကလည်း မိမိတို့တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များ ဖွံ့ဖြိုးတိုးတက်စေရေးအတွက်လည်းကောင်း ကောက်ခံရရှိတဲ့ အခွန်တော်များကို ဥပဒေနဲ့အညီ သုံးစွဲကြမှာဖြစ်ပါတယ်။ အဲဒီလို ပြည်ထောင်စုအသုံးစရိတ်များကို ကျခံနိုင်အောင် ပြည်ထောင်စုရဲ့ အရအသုံးခန့်မှန်းခြေငွေစာရင်း ရှိမှာဖြစ် ပါတယ်။ အဲဒီအရအသုံးငွေစာရင်းထဲမှာ ပြည်ထောင်စုက ကောက်ခံရရှိတဲ့ အခွန်တော်ငွေများနဲ့ အခြားရငွေများ ပါရှိမှာဖြစ်ပါတယ်။ အဲဒီရငွေများနဲ့ ပြည်ထောင်စုက နိုင်ငံတစ်ဝန်းလုံး ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပြည်ထောင်စုလမ်းမကြီးများ ဖောက်လုပ်ခြင်း၊ တံတားကြီးများ ဆောက်လုပ်ခြင်း၊ စွမ်းအင်၊ ဆောက်လုပ်ရေး၊ ဆက်သွယ်ရေးစတဲ့ စီးပွားရေးဆိုင်ရာ ကျောထောက်နောက်ခံ အဆောက်အအုံများ၊ ပညာရေး၊ ကျန်းမာရေးစတဲ့ လူမှုရေးဆိုင်ရာ ကျောထောက်နောက်ခံ အဆောက်အအုံများ ဆောက်လုပ်ရာမှာ ကုန်ကျမယ့် အသုံးစရိတ်များလည်း ရှိလာမှာဖြစ်ပါတယ်။ အဲဒီလို လုပ်ငန်းများကို အကောင်အထည်ဖော်ရတဲ့ ပြည်ထောင်စုဝန်ကြီးဌာနများရဲ့ အရအသုံးစာရင်းကို ပြုစုကြရမှာဖြစ်သလို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များအတွက် သုံးစွဲကုန်ကျမယ့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အရအသုံးငွေစာရင်းများကိုလည်း ပြုစုကြမှာဖြစ်ပါတယ်။

အဲဒီလို အရအသုံးငွေစာရင်းများအနက် ပြည်ထောင်စုဝန်ကြီးဌာနများအပါအဝင် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများရဲ့ အရအသုံးငွေစာရင်းကို နိုင်ငံတော်သမ္မတက တာဝန်ပေးအပ်သော ဒုတိယသမ္မတတစ်ဦးက ဦးဆောင်စိစစ်ရန်ဖြစ်ပါတယ်။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အရအသုံးစာရင်းတွေကိုတော့ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်များက စိစစ်ပြုစုလာပြီး တင်ပြလာတဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အရအသုံးငွေစာရင်းများကို နိုင်ငံတော်သမ္မတက တာဝန်ပေးအပ်သော ကျန်ဒုတိယသမ္မတတစ်ဦးက ဦးဆောင်စိစစ်ရန် ဖြစ်ပါတယ်။

အဲဒီလို ဒုတိယသမ္မတနှစ်ဦးက သီးခြားစီ ဦးဆောင်စိစစ်သော ပြည်ထောင်စု ဝန်ကြီးဌာနများအပါအဝင် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများရဲ့ အရအသုံးငွေစာရင်းနဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အရအသုံးငွေစာရင်းများ ရရှိလာမှာ ဖြစ်ပါတယ်။ အဲဒီငွေစာရင်းများကို အောက်ပါပုဂ္ဂိုလ်များပါဝင်တဲ့ဘဏ္ဍာရေးကော်မရှင်သို့ တင်ပြရမှာဖြစ်ပါတယ်။

၁။	နိုင်ငံတော်သမ္မတ	ဥက္ကဋ္ဌ
၂။	ဒုတိယသမ္မတများ	ဒုတိယဥက္ကဋ္ဌများ
၃။	ပြည်ထောင်စုရှေ့နေချုပ်	အဖွဲ့ဝင်
၄။	ပြည်ထောင်စု စာရင်းစစ်ချုပ်	အဖွဲ့ဝင်
၅။	တိုင်းဒေသကြီး ဝန်ကြီးချုပ်များနှင့် ပြည်နယ်ဝန်ကြီးချုပ်များ	အဖွဲ့ဝင်
၆။	ရန်ကုန်မြို့တော်ကောင်စီဥက္ကဋ္ဌ	အဖွဲ့ဝင်
၇။	ပြည်ထောင်စု ဘဏ္ဍာရေးဝန်ကြီး	အတွင်းရေးမှူး

ဘဏ္ဍာရေးကော်မရှင်ဟာ ပြည်ထောင်စုဝန်ကြီးဌာနများအပါအဝင် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများရဲ့ အရအသုံးငွေစာရင်းများနဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များရဲ့ အရအသုံးငွေစာရင်းများကို စိစစ်ပြီး သင့်တင့်လျောက်ပတ်သော ဘဏ္ဍာငွေများကို လျာထားရမှာဖြစ်ပါတယ်။ အဲဒီလို လျာထားရာမှာ အချို့တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အသုံးစရိတ်များ လိုအပ်လာပါက ပြည်ထောင်စုက ဖြည့်ဆည်းပေးငွေများ၊ ထောက်ပံ့ငွေများနဲ့ ချေးငွေများကို ထုတ်ပေးရေးအတွက်လည်း လျာထားရမှာဖြစ်ပါတယ်။

ပြည်ထောင်စုရဲ့ အရအသုံးငွေစာရင်းများကို စိစစ်ပြုစုလျာထားရာမှာ နိုင်ငံတော်သမ္မတသည် ဘဏ္ဍာရေးဆိုင်ရာ ကျွမ်းကျင်သူများရဲ့ အကြံဉာဏ်များကိုရယူလိုပါက ရယူရမှာဖြစ်ပါတယ်။

အဲဒီလို ဘဏ္ဍာငွေလျာထားချက်များပါရှိတဲ့ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းကိုပြုစုပြီး ပြည်ထောင်စုအစိုးရ ကိုယ်စား နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးအပ်တဲ့ပုဂ္ဂိုလ်က ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရန်ဖြစ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

ပြည်ထောင်စု အရအသုံးခန့်မှန်းခြေငွေစာရင်းများမှာ ဖော်ပြပါရှိမယ့် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရာမှာ ကျင့်သုံးသင့်တဲ့ ဘဏ္ဍာရေးဆိုင်ရာ နည်းလမ်းများ သတ်မှတ်နိုင်ရေးအတွက် ချမှတ်သင့်တဲ့ အသေးစိတ် အခြေခံရမယ့် မူများကို ကျွန်တော်ဆက်လက် ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။

ပြည်ထောင်စုနယ်မြေ အသုံးစရိတ်များပါရှိတဲ့ ပြည်ထောင်စုရဲ့ ရသုံးခန့်မှန်းခြေငွေစာရင်း တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များအတွက် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ဘဏ္ဍာငွေများကို သင့်လျော်သလို ဖြည့်ဆည်းပေးခြင်း၊ ပြည်ထောင်စုဘဏ္ဍာ ရန်ပုံငွေမှ အထူးကိစ္စတစ်ရပ်အနေဖြင့် ထောက်ပံ့ခြင်း၊ ချေးငွေများ ခွင့်ပြုခြင်းအပါအဝင် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်း သို့မဟုတ် နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းကို ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား နိုင်ငံတော်သမ္မတ သို့မဟုတ် ယင်းကတာဝန်ပေးအပ်ထားသည့် ပုဂ္ဂိုလ်က ပြည်ထောင်စုလွှတ်တော်သို့ ထောက်ခံတင်ပြနိုင်ရေးအတွက်လည်းကောင်း၊ ဘဏ္ဍာရေးဆိုင်ရာ ဆောင်ရွက်သင့်သည့်ကိစ္စများကိုအကြံပြုနိုင်ရေးအတွက်လည်းကောင်း၊ ခိုင်မာတဲ့ ဘဏ္ဍာရေးစနစ် ဖြစ်ပေါ်စေရေးအတွက် ပြည်ထောင်စုလွှတ်တော်က ဥပဒေပြဋ္ဌာန်း၍ တာဝန်ပေးအပ်တဲ့ ကိစ္စရပ်များကိုလည်းကောင်း ဆောင်ရွက်နိုင်ဖို့ နိုင်ငံတော်သမ္မတ ဦးဆောင်တဲ့ ဘဏ္ဍာရေးကော်မရှင်တစ်ရပ်ကို ဖွဲ့စည်းထားသင့်ကြောင်း ကျွန်တော်အထက်တွင် ရှင်းလင်းတင်ပြခဲ့ခြင်းဖြစ်ပါတယ်။

အဲဒီ ဘဏ္ဍာရေးကော်မရှင်မှာ တိုင်းဒေသကြီးများနဲ့ ပြည်နယ်များမှ ဝန်ကြီးချုပ်များလည်း အဖွဲ့ဝင်များအဖြစ် ပါရှိတဲ့အတွက် မိမိတို့တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များကို ဖွံ့ဖြိုးတိုးတက်စေဖို့ ဆောင်ရွက်မယ့် လုပ်ငန်းများနဲ့ စပ်လျဉ်းတဲ့ ဘဏ္ဍာရေးလိုအပ်ချက်တွေကို တင်ပြညှိနှိုင်းခြင်း၊ အကူအညီရယူခြင်းအားဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များရဲ့ ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ဟာ တစ်ပြေးညီ ဖြစ်ပေါ်လာစေနိုင်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

သဘာပတိကြီးခင်ဗျား–

ဘဏ္ဍာရေးကော်မရှင်ဟာ ပြည်ထောင်စုရဲ့ အရအသုံးခန့်မှန်းခြေငွေစာရင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များသို့ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ သင့်လျော်သော ဘဏ္ဍာငွေများ ဖြည့်ဆည်းပေးခြင်း၊ အထူးကိစ္စတစ်ရပ်အနေဖြင့် ထောက်ပံ့ခြင်း၊ ချေးငွေများ ခွင့်ပြုခြင်းတို့ပါဝင်မယ့် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းကိုလည်းကောင်း၊ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းကိုလည်းကောင်း ပြည်ထောင်စုလွှတ်တော်သို့ တင်ပြနိုင်ရေးအတွက် နိုင်ငံတော်သမ္မတထံသို့ ထောက်ခံတင်ပြရမှာဖြစ်ပါတယ်။

အဲဒီဥပဒေကြမ်းတွေမှာ–

(က) နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းထားသော ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၏ အကြီးအကဲများနှင့် အဖွဲ့အစည်းဝင်များ၏ လစာ၊ စရိတ်နှင့် ယင်းအဖွဲ့အစည်းများ၏ အသုံးစရိတ်များ၊

(ခ) ပြည်ထောင်စုက ပေးဆပ်ရန်တာဝန်ရှိသော ကြွေးမြီများ၊ ယင်းကြွေးမြီများနှင့် ဆက်နွယ်သော ကုန်ကျစရိတ်များ၊ ပြည်ထောင်စုက ချေးယူငွေများနှင့် ဆက်နွယ်သောအခြား ကုန်ကျစရိတ်များ၊

(ဂ) တရားရုံး သို့မဟုတ် ခုံရုံးတစ်ခုခု၏ စီရင်ချက်၊ အမိန့်၊ ဒီကရီအရ ပေးဆောင်ရန်ရှိသော အသုံးစရိတ်များ၊

(ဃ) တည်ဆဲဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ အပြည်ပြည်ဆိုင်ရာ စာချုပ်တစ်ခုခုအရဖြစ်စေ ကျခံရမည့် အခြားအသုံးစရိတ်များ

ပါရှိနိုင်မှာဖြစ်ပါတယ်။

အဲဒီအသုံးစရိတ်တွေဟာဆိုရင် မလွဲမသွေ ပေးချေရမှာဖြစ်တဲ့အတွက် အဲဒီအသုံးစရိတ်တွေကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြအတည်ပြုချက်ရယူတဲ့အခါ ပြည်ထောင်စုလွှတ်တော်က ငြင်းပယ်ခြင်း၊ လျှော့၍ ခွင့်ပြုခြင်း မပြုလုပ်သင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။ ဒါပေမယ့် အဲဒီအသုံးစရိတ်များနဲ့စပ်လျဉ်းပြီး ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ အကြံပြုခြင်းများကို ပြုလုပ်ခွင့်ပေးသင့်ပါတယ်။

ဖော်ပြပါ အသုံးစရိတ်များမှအပ အခြားအသုံးစရိတ်များအတွက်ကိုမူ ပြည်ထောင်စုလွှတ်တော်က သဘောတူအတည်ပြုခြင်း၊ ငြင်းပယ်ခြင်း၊ လျှော့၍ ခွင့်ပြုခြင်းတို့ကို အများဆန္ဒနဲ့အညီ ဆောင်ရွက်သင့်ပါကြောင်း သုံးသပ်ရရှိပါတယ်။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အရအသုံးခန့်မှန်းခြေငွေစာရင်းများနဲ့ စပ်လျဉ်းပြီး တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်တွေကလည်း ပြည်ထောင်စု လွှတ်တော်က ကျင့်သုံးတဲ့ နည်းလမ်းများအတိုင်း ကျင့်သုံးဆောင်ရွက်သွားသင့်ပါတယ်။

သဘာပတိကြီးခင်ဗျား–

ဘဏ္ဍာရေးကော်မရှင်ဖွဲ့စည်းခြင်းအပါအဝင် ဘဏ္ဍာရေးဆိုင်ရာမှာ အသေးစိတ်အခြေခံရမယ့် မူများကို ဖော်ပြရမယ်ဆိုရင်–

(က) ပြည်ထောင်စု ဝန်ကြီးဌာနများ၏အရအသုံး ခန့်မှန်းခြေ ငွေစာရင်းများနှင့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၏ အရအသုံးခန့်မှန်းခြေ ငွေစာရင်းများကို နိုင်ငံတော်သမ္မတက တာဝန်ပေးအပ်သော ဒုတိယသမ္မတတစ်ဦးက ဦးဆောင် စိစစ်၍ ပြည်ထောင်စုဝန်ကြီးဌာနများအပါအဝင် ပြည်ထောင်စု အဆင့် အဖွဲ့အစည်းများ၏ အရအသုံး ငွေစာရင်း လျာထားချက်ကို ဘဏ္ဍာရေးကော်မရှင်သို့ တင်ပြရမည်၊

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အရအသုံးငွေစာရင်းများကို နိုင်ငံတော်သမ္မတက တာဝန်ပေးအပ်သော ကျန်ဒုတိယသမ္မတတစ်ဦးက ဦးဆောင်စိစစ်ပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အရအသုံးငွေစာရင်းလျာထားချက်ကို ဘဏ္ဍာရေးကော်မရှင်သို့ တင်ပြရမည်၊

(ဂ) ပြည်ထောင်စုနယ်မြေအသုံးစရိတ်များပါရှိသော ပြည်ထောင်စု၏ ရသုံး ခန့်မှန်းခြေ ငွေစာရင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များအတွက် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ဘဏ္ဍာငွေများကို သင့်လျော်သလို ဖြည့်ဆည်းပေးခြင်း၊ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ အထူးကိစ္စတစ်ရပ် အနေဖြင့် ထောက်ပံ့ခြင်း၊ ချေးငွေများခွင့်ပြုခြင်းအပါအဝင် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်း သို့မဟုတ် နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်သို့ ထောက်ခံတင်ပြနိုင်ရေးအတွက်လည်းကောင်း၊ ဘဏ္ဍာရေးဆိုင်ရာ ဆောင်ရွက်သင့်သည့်ကိစ္စများကို အကြံပြုနိုင်ရေးအတွက်လည်းကောင်း၊ ခိုင်မာသော ဘဏ္ဍာရေးစနစ် ဖြစ်ပေါ်စေရေးအတွက် ပြည်ထောင်စုလွှတ်တော်က ဥပဒေပြဋ္ဌာန်း၍ တာဝန်ပေးအပ်သည့်ကိစ္စရပ်များကိုလည်းကောင်း ဆောင်ရွက်နိုင်ရေးအတွက် ဘဏ္ဍာရေးကော်မရှင်ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်–

(၁)	နိုင်ငံတော်သမ္မတ	ဥက္ကဋ္ဌ
(၂)	ဒုတိယသမ္မတများ ဒုတိယဥက္ကဋ္ဌများ	
(၃)	ပြည်ထောင်စုရှေ့နေချုပ်	အဖွဲ့ဝင်
(၄)	ပြည်ထောင်စုစာရင်းစစ်ချုပ်	အဖွဲ့ဝင်
(၅)	တိုင်းဒေသကြီးဝန်ကြီးချုပ်များ နှင့် ပြည်နယ်ဝန်ကြီးချုပ်များ	အဖွဲ့ဝင်များ
(၆)	ရန်ကုန်မြို့တော်ကောင်စီဥက္ကဋ္ဌ	အဖွဲ့ဝင်
(၇)	ပြည်ထောင်စုဘဏ္ဍာရေးဝန်ကြီး	အတွင်းရေးမှူး

(ဃ) (၁) ဘဏ္ဍာရေးကော်မရှင်ကို ဖွဲ့စည်းသည့်အခါ အဖွဲ့ဝင်အဖြစ် ထမ်းဆောင်ရမည့် ရာထူးနေရာတွင် အကြောင်းတစ်စုံတစ်ရာကြောင့် တာဝန်ပေးအပ်ခြင်းခံရသူ မရှိသေးပါက နိုင်ငံတော်သမ္မတသည် သင့်လျော်သည့်ပုဂ္ဂိုလ်တစ်ဦးဦးအား ယာယီအဖွဲ့ဝင်အဖြစ် တာဝန်ပေးအပ်နိုင်သည်၊

(၂) ဘဏ္ဍာရေးကော်မရှင်ဖွဲ့စည်းခြင်းကို နိုင်ငံတော်သမ္မတက ထုတ်ပြန်ကြေညာရမည်။ ထို့ပြင် ဘဏ္ဍာရေးကော်မရှင်အတွက် လိုအပ်သောအမိန့်၊ ညွှန်ကြားချက် စသည်များကိုလည်း နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်က ထုတ်ပြန်ကြေညာနိုင်သည်။

(င) ဘဏ္ဍာရေးကော်မရှင်သည် ပြည်ထောင်စု၏ အရအသုံး ခန့်မှန်းခြေ ငွေစာရင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များအား ပြည် ထောင်စုဘဏ္ဍာရန်ပုံငွေမှ ဘဏ္ဍာငွေများကို သင့်တင့်လျောက် ပတ်စွာ ဖြည့်ဆည်းပေးခြင်း၊ အထူးကိစ္စတစ်ရပ်အနေဖြင့် ထောက်ပံ့ခြင်း၊ လိုအပ်မည့်ချေးငွေများထုတ်ချေးခြင်းတို့ ပါဝင်သည့် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြနိုင်ရေးအတွက် နိုင်ငံတော်သမ္မတထံသို့ ထောက်ခံတင်ပြရမည်၊

(စ) ဘဏ္ဍာရေးကော်မရှင်သည် လိုအပ်ပါက ဘဏ္ဍာရေးကျွမ်းကျင်သူများ၏ အကြံဉာဏ်များကို ရယူနိုင်သည်၊

(ဆ) ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား နိုင်ငံတော်သမ္မတ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့် ပုဂ္ဂိုလ်သည် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေကြမ်းကို ပြည်ထောင်စု လွှတ်တော်သို့ တင်ပြရမည်၊

(ဇ) ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းတွင် ပါရှိသော–

စာမျက်နှာ ၁၂ မှ

(၁) နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းထားသော ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၏ အကြီးအကဲများနှင့် အဖွဲ့အစည်းဝင်များ၏ လစာ၊ စရိတ်နှင့် ယင်းအဖွဲ့အစည်းများ၏ အသုံးစရိတ်များ၊
(၂) ပြည်ထောင်စုက ပေးဆပ်ရန် တာဝန်ရှိသောကြွေးမြီများ၊ ယင်းကြွေးမြီများနှင့် ဆက်နွှယ်သောကုန်ကျစရိတ်များ၊ ပြည်ထောင်စုက ချေးယူငွေများနှင့် ဆက်နွှယ်သော အခြားကုန်ကျစရိတ်များ၊
(၃) တရားရုံး သို့မဟုတ် ခုံရုံးတစ်ခုခု၏ စီရင်ချက်၊ အမိန့်၊ ဒီကရီအရပေးဆောင်ရန် ရှိသော အသုံးစရိတ်များ၊
(၄) တည်ဆဲဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ အပြည်ပြည်ဆိုင်ရာစာချုပ်တစ်ခုခုအရဖြစ်စေ ကျခံရမည့် အခြားအသုံးစရိတ်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးပိုင်ခွင့်ရှိသည်။ သို့သော် ငြင်းပယ်ခြင်း၊ လျှော့၍ခွင့်ပြုခြင်းမပြုရ။

(ဈ) အထက်အပိုဒ် (ဇ)ပါ အသုံးစရိတ်များမှအပ အခြားအသုံးစရိတ်များအတွက်ကိုမူ ပြည်ထောင်စုလွှတ်တော်က သဘောတူအတည်ပြုခြင်း၊ ငြင်းပယ်ခြင်း၊ လျှော့၍ခွင့်ပြုခြင်းတို့ကို အများဆန္ဒနှင့်အညီ ဆောင်ရွက်ရမည်၊

(ည) ပြည်ထောင်စုလွှတ်တော်ကပြဋ္ဌာန်းသည့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါအတိုင်း ပြည်ထောင်စုအစိုးရအဖွဲ့က လိုအပ်သလို ဆောင်ရွက်ရမည်၊

(ဋ) ပြည်ထောင်စုလွှတ်တော်က သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အတွက် ပြဋ္ဌာန်းထားသည့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါ လျာထားသောရငွေများနှင့် ခွင့်ပြုထားသောသုံးငွေများအပြင် နောက်ထပ်ရငွေများ လျာထားရန်နှင့် သုံးငွေများခွင့်ပြုရန် လိုအပ်သည့်အခါ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကို အထက်ပါနည်းလမ်းများအတိုင်း ပြဋ္ဌာန်းဆောင်ရွက်ရမည်၊

(ဌ) ပြည်ထောင်စုလွှတ်တော်ကပြဋ္ဌာန်းသည့် နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေပါအတိုင်း ပြည်ထောင်စုအစိုးရအဖွဲ့က လိုအပ်သလို ဆောင်ရွက်ရမည်၊

(ဍ) ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ သို့မဟုတ် နောက်ထပ် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေအရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အလိုက် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ရရှိသည့် ဘဏ္ဍာငွေများအပါအဝင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အရအသုံးခန့်မှန်းခြေငွေစာရင်းကို သက်ဆိုင်ရာဝန်ကြီးချုပ်၏ ထောက်ခံတင်ပြချက်အပေါ် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က လိုအပ်သလိုဆွေးနွေး၍ သဘောတူအတည်ပြုခြင်း၊ ငြင်းပယ်ခြင်း၊ လျှော့၍ခွင့်ပြုခြင်းတို့ကို အများဆန္ဒနှင့်အညီ ဆောင်ရွက်ရမည်၊

ယင်းသို့ဆောင်ရွက်ရာတွင်–
(၁) နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းထားသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်အဖွဲ့အစည်းများ၏ အကြီးအကဲများနှင့် အဖွဲ့အစည်းဝင်များ၏ လစာ၊ စရိတ်နှင့် ယင်းအဖွဲ့အစည်းများ၏ အသုံးစရိတ်များ၊
(၂) နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းထားသော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုဦးစီးအဖွဲ့အကြီးအကဲများနှင့် အဖွဲ့အစည်းဝင်များ၏ လစာ၊ စရိတ်နှင့် ယင်းအဖွဲ့အစည်းများ၏ အသုံးစရိတ်များ၊
(၃) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ပေးဆပ်ရန် တာဝန်ရှိသော ကြွေးမြီများ၊ ယင်းကြွေးမြီများနှင့် ဆက်နွှယ်သော ကုန်ကျစရိတ်များ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ချေးယူငွေများနှင့် ဆက်နွှယ်သော ကုန်ကျစရိတ်များ၊
(၄) တရားရုံး သို့မဟုတ် ခုံရုံးတစ်ခုခု၏ စီရင်ချက်၊ အမိန့်၊ ဒီကရီအရ ပေးဆောင်ရန်ရှိသော အသုံးစရိတ်များ၊
(၅) တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်က ပြဋ္ဌာန်းသည့် ဥပဒေတစ်ရပ်ရပ်အရ ကျခံရမည့် အခြားအသုံးစရိတ်များနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်တွင် ဆွေးနွေးပိုင်ခွင့်ရှိသည်၊ သို့သော် ငြင်းပယ်ခြင်း၊ လျှော့၍ခွင့်ပြုခြင်း မပြုရ။

(ဎ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များက ဥပဒေနှင့်အညီ ကောက်ခံ၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းရမည့် အခွန်အခများမှာ အောက်ပါအတိုင်း ဖြစ်သည်–
(၁) မြေယာခွန်၊
(၂) ယစ်မျိုးခွန်၊
(၃) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က စီမံခန့်ခွဲခွင့်ရှိသည့် ဆည်များ၊ တာတမံများကိုအရင်းခံသည့် ရေခွန်၊ တာတမံခွန်နှင့် ထိုဆည်များ၊ တာတမံများ၏ ရေအားဖြင့် ထုတ်လုပ်ရရှိသည့် လျှပ်စစ်ဓာတ်အားသုံးစွဲခ၊
(၄) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က စီမံခန့်ခွဲခွင့်ရှိသည့် လမ်းများ၊ တံတားများဖြတ်သန်းခ၊
(၅) (ကက) ရေချိုငါးလုပ်ငန်းအပေါ်တွင် စည်းကြပ်ကောက်ခံသည့် ဘဏ္ဍာတော်ကြေး(Royalty)၊
(ခခ) သတ်မှတ်ထားသော အကွာအဝေးအတွင်း ပင်လယ်ငါးဖမ်းလုပ်ငန်းအပေါ်တွင် စည်းကြပ်ကောက်ခံသည့် ဘဏ္ဍာတော်ကြေး(Royalty)၊
(၆) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကုန်းလမ်း၊ ရေလမ်းသုံး ယာဉ်များဆိုင်ရာ ဥပဒေအရ စည်းကြပ်သောအခွန်၊
(၇) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ပိုင်ပစ္စည်းများ ရောင်းရငွေနှင့် ငှားရမ်းခများ၊ ယင်းပစ္စည်းများမှရရှိသော အခြားအကျိုးအမြတ်များ၊
(၈) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များက ဝန်ဆောင်မှုလုပ်ငန်းများအတွက် သတ်မှတ်ကောက်ခံသည့် အခကြေးငွေများ၊ အခွန်အခများနှင့် အခြားရငွေများ၊
(၉) တိုင်းဒေသကြီး တရားလွှတ်တော် သို့မဟုတ် ပြည်နယ်တရား လွှတ်တော်အပါအဝင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ တရားရုံးများက ချမှတ်သည့် ဒဏ်ငွေများ၊ ဝန်ဆောင်မှုအတွက် ကောက်ခံသည့် အခွန်အခများနှင့် အခြားရငွေများ၊
(၁၀) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေများ ထုတ်ချေးသဖြင့် ရရှိသော အတိုးများ၊
(၁၁) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ရင်းနှီးမြှုပ်နှံမှုဖြင့် ရရှိသည့် အကျိုးအမြတ်များ၊
(၁၂) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ သစ်တောများမှ အောက်ပါပစ္စည်းများ ထုတ်ယူသည့်အတွက် ကောက်ခံသည့် အခွန်အခများ–
(ကက) ကျွန်းနှင့် သတ်မှတ်သော သစ်မာများမှအပ ကျန်သစ်များအပေါ်တွင် ကောက်ခံသည့်အခွန်၊
(ခခ) ထင်း၊ မီးသွေး၊ ကြိမ်၊ ဝါး၊ ငှက်သိုက်၊ ရှားစေး၊ သနပ်ခါး၊ ထင်းရှူးဆီ၊ သစ်မွေး၊ ပျားထွက်ပစ္စည်းများအပေါ်ကောက်ခံသည့်အခွန်၊
(၁၃) မှတ်ပုံတင်ကြေး၊
(၁၄) ပွဲခွန်၊
(၁၅) ဆားခွန်၊
(၁၆) ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ရရှိသည့်ဘဏ္ဍာငွေများ၊
(၁၇) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ စည်ပင်သာယာရေးဆိုင်ရာ အဖွဲ့အစည်းများ၏ ထည့်ဝင်ငွေများ၊
(၁၈) ပိုင်ရှင်မပေါ်သော သွင်းထားငွေများနှင့် ပစ္စည်းများ၊
(၁၉) ရတနာသိုက်(Treasure Trove)။

(ဏ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များသည် တိုင်းဒေသကြီး သို့မဟုတ်ပြည်နယ်ဘဏ္ဍာရန်ပုံငွေများကို ဥပဒေနှင့်အညီ သုံးစွဲခွင့်ရှိသည်၊

(တ) ပြည်ထောင်စုသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များက ကောက်ခံခွင့်ရှိသော အခွန်အခများမှအပ အခြားအခွန်အခများကို ဥပဒေနှင့်အညီ ကောက်ခံ၍ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းရမည်၊

(ထ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များက ကောက်ခံရန် သတ်မှတ်ထားသည့် ရငွေများနှင့်အခွန်အခအမျိုးအစားများကို ပြည်ထောင်စု နယ်မြေများအတွက် ကောက်ခံရန်ရှိပါက ပြည်ထောင်စုက ဥပဒေနှင့်အညီ ကောက်ခံပြီး ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းရမည်၊

(ဒ) ပြည်ထောင်စုသည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေကို ဥပဒေနှင့်အညီ သုံးစွဲခွင့်ရှိသည်

တို့ဖြစ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

ကျွန်တော်ရှင်းလင်းတင်ပြခဲ့တဲ့ ဘဏ္ဍာရေးကော်မရှင်ဖွဲ့စည်းခြင်း အပါအဝင် ဘဏ္ဍာရေးဆိုင်ရာအသေးစိတ်အခြေခံရမယ့်မူများ၊ ပြည်ထောင်စုနဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တို့က ကောက်ခံသင့်တဲ့ အခွန်တော်စာရင်းနဲ့ ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းတို့အတွက် ချမှတ်သင့်တဲ့ အသေးစိတ်အခြေခံရမယ့်မူများကို ဖော်ပြပြီးဖြစ်ပါတယ်။ ဖော်ပြပါ ဘဏ္ဍာရေးဆိုင်ရာ အသေးစိတ်အခြေခံရမယ့် မူများကို ချမှတ်သင့် မသင့် အမျိုးသားညီလာခံကိုယ်စားလှယ်များက ဆွေးနွေးအကြံပြုကြဖို့ ဖြစ်ပါတယ်။ ။

ဒုတိယတပ်မတော်ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်းကမြန်မာနိုင်ငံ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် အသုံးပြုရန်စေတနာရှင်များလှူဒါန်းသည့်စာအုပ်စာတမ်းများကို ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်စဉ်။ (သတင်းစဉ်)

ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင်အသုံးပြုနိုင်ရေး စေတနာရှင်များလှူဒါန်းသည့်စာအုပ်စာတမ်းများလွှဲပြောင်းပေးအပ်

ရန်ကုန် မေ ၂၁

မြန်မာနိုင်ငံ၏ ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန်အတွက် စေတနာရှင်များက လှူဒါန်းသည့် စာအုပ်စာတမ်းများကို ပညာရေးဝန်ကြီးဌာန သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနများသို့ လွှဲပြောင်းပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့ညနေ ၄ နာရီတွင် ရန်ကုန်မြို့ အင်းလျားလမ်းရှိ တပ်မတော်ဧည့်ဂေဟာတွင်ကျင်းပရာ ဒုတိယတပ်မတော်ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်းက အလှူရှင်များကိုယ်စားတက်ရောက်၍ စာအုပ်များကို လွှဲပြောင်းပေးအပ်လှူဒါန်းသည်။ အခမ်းအနားသို့ သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးမှ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ကြည့်ရှုလေ့လာ

အခမ်းအနားတွင် ဗိုလ်ချုပ်ကျော်ဝင်းက လက်ခံရရှိသော စာအုပ် ၄၀၀၀ ခန့်ကို လွှဲပြောင်းပေးအပ်လှူဒါန်းရာ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများက လက်ခံရယူကြသည်။ ထို့နောက် ဗိုလ်ချုပ်ကျော်ဝင်း၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများသည် လှူဒါန်းသည့် စာအုပ်စာတမ်းများကို ကြည့်ရှုလေ့လာကြသည်။

စာအုပ်စာစောင်နှစ်သောင်းခွဲ

အဆိုပါ စာအုပ်များကို မြန်မာနိုင်ငံ၏ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် အမေရိကန်ပြည်ထောင်စုတွင် ပညာသင်ကြား ပို့ချနေသော မြန်မာနိုင်ငံသူ၊နိုင်ငံသား ဆရာ၊ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ လူငယ်များနှင့်မိဘများဖြင့်ဖွဲ့စည်းထားသော လူမှုရေးအသင်း (Myanmar Youth Association) နှင့်အမေရိကန် မိတ်ဆွေများနှင့် မိသားစုများအပြင် အမေရိကန်နှင့်နိုင်ငံပေါင်းစုံမှ ကျောင်းသား ကျောင်းသူများက ပေးပို့လှူဒါန်းခြင်းဖြစ်ပြီး မြန်မာနိုင်ငံတွင် ပညာသင်ကြားလျက်ရှိကြသော ၎င်းတို့၏ညီအစ်ကိုမောင်နှမ ကျောင်းသား ကျောင်းသူများအတွက် ပညာရေးကဏ္ဍ ပိုမိုတိုးတက်ဖွံ့ဖြိုးရေး အထောက်အကူပြုစေလိုသည့်စေတနာဖြင့် လှူဒါန်းခြင်းဖြစ်ရာ ယင်းအဖွဲ့မှ ၂၀၀၂ခုနှစ်မတ်လနှင့် ဒီဇင်ဘာလတွင် နှစ်ကြိမ်နှင့် ၂၀၀၃ခုနှစ် မေလတွင် တစ်ကြိမ်၊ ၂၀၀၃ခုနှစ်စက်တင်ဘာလတွင် တစ်ကြိမ်၊ ယခု ၂၀၀၄ခုနှစ်မေလတွင် တစ်ကြိမ်အပြင် ယခုရက်ပိုင်းအတွင်းသင်္ဘောဖြင့်ရန်ကုန်မြို့ဆိပ်ကမ်းတွင် ထပ်မံရောက်ရှိလျက်ရှိကြောင်းနှင့် စုစုပေါင်းစာအုပ်၊စာစောင်နှစ်သောင်းခွဲကျော်လှူဒါန်းခဲ့ပြီးဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ဒုတိယတပ်မတော်ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်းကမြန်မာနိုင်ငံပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အသုံးပြုရန် စေတနာရှင်များလှူဒါန်းသည့်စာအုပ်စာတမ်းများကို သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်စဉ်။ (သတင်းစဉ်)

စိမ်းလဲ့ရွှေပြည်ဂျာနယ် အတွဲ(၁)၊အမှတ်(၆)ဖြန့်ချိ

ရန်ကုန် မေ ၂၁

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဌာနချုပ်၊ ပညာရေးဌာနမှ ထုတ်ဝေသည့် စိမ်းလဲ့ရွှေပြည်ဂျာနယ် အတွဲ(၁)၊ အမှတ်(၆)ကို ထုတ်ဝေဖြန့်ချိလိုက်သည်။ **(အပေါ်ပုံ)**

အဆိုပါဂျာနယ်တွင် တက္ကသိုလ်မြတ်သူ၏ပြတိုက်သို့၊ မောင်ချစ်ထွေး(မဟာဝိဇ္ဇာ)၏ဇီဝဓာတ်ငွေ့သုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံများ၊ မောင်ယင်းမာ(ရိုးပြတ်တော)၏ စိုက်ပျိုးမွေးမြူရေးဆိုင်ရာ အသိပညာပေးစာအုပ်စာတမ်းများ၊ သျှင်ပညာဓာတ၊ ကျော်ဇင်ဝင်း(ပဲခူး)၊ အောင်ကျော်ဖြိုး၊ ရွှေမော်ထွန်း(မအူပင်)၊ မကြီး၊ မောင်မောင်ခင်၊ မောင်သိန်းမောင်၊ သန်းအောင်(အညာမြေ)၊ ဖိုးအေး(မြန်မာ့အသံ)၊ ကြည်လင်း(ဆေး)၊ ခင်သစ္စာကျော်(မဟာဝိဇ္ဇာ)၊ မောင်မောင်သိန်း၊ သက်သက်သင်း (ပညာရေး)တို့၏ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရိုးရာအားကစားဆောင်းပါးများ၊ မြင်းမူမောင်နိုင်မိုး၊ သိပ္ပံစိုးမြင့်နိုင်တို့၏ကဗျာများ၊ မိုးလေဝသသတင်းများ၊ ဗေဒင်စုံလင်စွာဖော်ပြပါရှိသည်။ စိမ်းလဲ့ရွှေပြည်ဂျာနယ်ကို တင်စိုးစာပေ၊ ဆင်တောင်ကြီးစာပေ၊ သတင်းနှင့် စာနယ်ဇင်းအရောင်းဆိုင်၊စာပေဗိမာန်အရောင်းဆိုင်တို့တွင် ဝယ်ယူနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ဝန်ကြီးဗိုလ်ချုပ်စိန်ထွား မီးသတ်ယာဉ်များကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၂၁

လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စိန်ထွားသည် ယနေ့နံနက်ပိုင်းတွင် မီးသတ်ဦးစီးဌာနရုံးချုပ်၌ မီးသတ်ဦးစီးဌာနမှ အင်ဂျင်နီယာအရာရှိများ ပြုပြင်တည်ဆောက်ထားသည့် ရှမ်းပြည်နယ်(မြောက်ပိုင်း)ကျောက်မဲခရိုင် မဘိမ်းမြို့သို့ပေးပို့မည့် တီအီး မီးသတ်ယာဉ်တစ်စီးနှင့် မကွေးတိုင်း ဆိပ်ဖြူမြို့နယ်သို့ ပေးပို့မည့် တီအီး မီးသတ်ယာဉ်တစ်စီးတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးရာတွင် လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အထူးအရာရှိ ဗိုလ်မှူးချုပ်သူရစိန်သောင်း၊ မီးသတ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုးနှင့်သက်ဆိုင်ရာမြို့နယ်များမှ ကိုယ်စားလှယ်များတက်ရောက်ကြပြီး ဝန်ကြီးက ပေးပို့ရမည့်ဒေသများသို့ စနစ်တကျ အမြန်ပို့ဆောင်ရေးမှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား ရှမ်းပြည်နယ်(မြောက်ပိုင်း)ကျောက်မဲခရိုင် မဘိမ်းမြို့သို့ထုတ်ပေးမည့် တီအီး မီးသတ်ယာဉ်တစ်စီးနှင့်မကွေးတိုင်း ဆိပ်ဖြူမြို့နယ်သို့ ထုတ်ပေးမည့် တီအီး မီးသတ်ယာဉ်တစ်စီးတို့ကို ကြည့်ရှုစစ်ဆေးစဉ်။ (မီးသတ်ဦးစီး)

ခုံကျ/ကာလသားရောဂါ တိုက်ဖျက်ရေးစီမံချက်ရှင်း

ရန်ကုန် မေ ၂၁

ဒဂုံမြို့သစ်(အရှေ့ပိုင်းမြို့နယ်) အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့်မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သော ခုံကျ/ကာလသားရောဂါ တိုက်ဖျက်ရေးစီမံချက်လုပ်ငန်းများ မြို့နယ်အဆင့် အသိပေးရှင်းလင်းပွဲကို ယနေ့နံနက်က ဒဂုံမြို့သစ်(အရှေ့ပိုင်း) ပြည်သူ့ဆေးရုံတွင်ပြုလုပ်ရာ အတွင်းရေးမှူး ဦးမျိုးမြင့်က အဖွင့်အမှာစကားပြောကြားပြီး ကျန်းမာရေးဦးစီးဌာန ခုံကျ/ ကာလသားရောဂါတိုက်ဖျက်ရေးစီမံချက် လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာဦးမြင့်ရွှေက စီမံချက်လုပ်ငန်းများအကြောင်းရှင်းလင်းပြောကြားသည်။ **(က-ပ)**

အမွေဆက်ခံရန်သက်သေခံလက်မှတ်ရစေခြင်းငှာလျှောက်ထားကြောင်းအကြောင်းကြားစာ
(အမွေဆက်ခံရန်သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မ-၃၇၃)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၌ ၂၀၀၄ခုနှစ် တရားမအသေးအဖွဲ့မှုအမှတ်-၃၁

ကွယ်လွန်သူ ဦးသောင်းကြည်၌ ကျန်ရှိရစ်သောပစ္စည်းအကြောင်း၊ အမွေဆက်ခံခွင့်လက်မှတ်စာရလိုကြောင်း လျှောက်ထားခြင်း။

အမှတ် ၁၉၇၁၊ နိဗ္ဗာန်လမ်းသွယ် ၂၊ တောင်သူကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်နေ ဒေါ်မိုးမိုးလွင်က ကွယ်လွန်သူ ဦးသောင်းကြည်၏ဇနီးဖြစ်သည်ဟူ၍ အထက်ဖော်ပြပါလိပ်စာနေ ၎င်းကွယ်လွန်သူ ဦးသောင်းကြည်မှာ ကျန်ရှိရစ်သောပစ္စည်းပိုင်နက် ရရန်ရှိသောကြွေးမြီများကို ကောက်ခံရန်၊ အမွေဆက်ခံရန် သက်သေခံလက်မှတ်စာအက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သောလျှောက်ထားကြောင်းကို အများလူတို့ သိကြားစေခြင်းငှာကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူ ဦးသောင်းကြည်မှာ ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူ လူဟူသမျှတို့သည် ဤရုံးသို့ ၂၀၀၄ခုနှစ် ဇွန် ၁၄ ရက်(၁၃၆၆ခုနှစ် နယုန်လပြည့်ကျော် ၁၂ ရက်)တွင် လာရောက်ကြရမည်။ ၎င်းနေ့ရက်တွင် လျှောက်သူ ဒေါ်မိုးမိုးလွင်၏ လျှောက်ချက်ကိုနာကြား၍ လက်မှတ်ရသင့်မရသင့်သည့်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။ ၂၀၀၄ခုနှစ် မေ ၁၉ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

ကျင်တင်
ဒုတိယခရိုင်တရားသူကြီး(၆)၊ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး



မင်္ဂလာဆုမွန်လွှာ

(၂၂-၅-၂၀၀၄)

ဦးစိန်မင်း(M.D, Shwe Zalat Industrial Co., Ltd.)-ဒေါ်ခင်ခင်မြင့် (Director, Thaung Theik Family Trading Co., Ltd.) တို့၏ ယနေ့တွင်ကျရောက်သော (၁၀)နှစ်မြောက် မင်္ဂလာနှင့် ဒုတိယဗိုလ်မှူးကြီးသူရမျိုးတင်(တပ်ရင်းမှူး)-ဒေါ်ရီရီမြင့်တို့၏ ယနေ့တွင်ကျရောက်သော (၁၁)နှစ်မြောက် မင်္ဂလာရက်မြတ်တို့မှသည် နှစ် ၁၀၀ တိုင် ချစ်သားသမီးများနှင့်အတူ ကျန်းမာပျော်ရွှင်စွာဖြင့် နိုင်ငံတာဝန်ကို မဆုတ်မနစ် ထမ်းဆောင်လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်-

ချစ်မေမေ - **ဒေါ်ဝင်းမေ(ဆင်းကားစတိုး)**
ချစ်မမကြီး - **ဦးအောင်ဆန်းထူး(E.O Monsoon Co., Ltd.)-ဒေါ်ဝင်းဝင်းမြင့် (စာရင်းစစ်မှူး၊ သန်လျင်စာရင်းစစ်ရုံး)**
ချစ်ညီမ - **ဦးအောင်မျိုးသန်း(Hanseatic Shipping Co., Ltd.)-ဒေါ်သီသီမြင့်**
ချစ်သား၊ သမီးများ - **ဝေယံမင်း၊ နဒီမင်း၊ ဆုရည်မင်းဆက်**
ချစ်သားများ - **သွေးသစ်ထက်၊ ကောင်းစစ်သွေး၊ ဖွဲ့ခန့်ညား**

Shwe Zalat Industrial Co., Ltd.မှ
Director အဖွဲ့နှင့် ဝန်ထမ်းများ။

အဆင့်မြင့်တန်းကွင်းပိတ် ဘောလုံးပြိုင်ပွဲစတင်

ရန်ကုန် မေ ၂၁

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၃-၂၀၀၄ ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်းကွင်းပိတ်(ရှုံးထွက်)ဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၃ နာရီခွဲက လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်း၌ စတင်ကျင်းပရာ မြို့တော်စည်ပင်က မလိခကို ခြောက်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

မြို့တော်စည်ပင်အသင်းအတွက် အနိုင်ဂိုးများကို အောင်အောင်ကနှစ်ဂိုး၊ အောင်ဇော်မျိုး၊ တင့်နိုင်ထွန်းသိန်း၊ ကျော်တိုးနှင့် ညွန့်ဝင်းတို့က တစ်ဂိုးစီသွင်းယူပေးသည်။ မလိခအသင်းအတွက် တစ်လုံးတည်းသောချေပဂိုးကို တန်ဂွမ်းက သွင်းယူသည်။ ပွဲစဉ်အလိုက်အကောင်းဆုံးဆုကို မြို့တော်စည်ပင်မှ အောင်ဇော်မျိုးက ရရှိသည်။ မြို့တော်စည်ပင်သည် မေ ၃၁ရက်တွင် ဘဏ္ဍာ/အခွန်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ယနေ့ပွဲ

မေ ၂၂ရက်(ယနေ့) ညနေတွင် ဆောက်လုပ်ရေးနှင့် စီးပွား/ ကူးသန်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီးတင်လှိုင် 'လိင်မှုဆိုင်ရာအလွဲသုံးမှုနှင့် လူကုန်ကူးမှုတိုက်ဖျက်ရေး အလုပ်ရုံဆွေးနွေးပွဲ' ဖွင့်ပွဲအခမ်းအနားတွင် အဖွင့်အမှာစကားပြောကြားစဉ်။ (ပြည်ထဲရေး)

ကလေးသူငယ်များအား လိင်မှုဆိုင်ရာအလွဲသုံးမှုနှင့် လူကုန်ကူးမှုတိုက်ဖျက်ရေးအလုပ်ရုံဆွေးနွေးပွဲကျင်းပ

ရန်ကုန် မေ ၂၁

ပြည်ထဲရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ UNICEF, UNIAP နှင့် ဂျပန်နိုင်ငံအစိုးရတို့ ပူးပေါင်းကျင်းပသည့်"ကလေးသူငယ်များအား လိင်မှုဆိုင်ရာ အလွဲသုံးမှုနှင့် လူကုန်ကူးမှု တိုက်ဖျက်ရေး အလုပ်ရုံဆွေးနွေးပွဲ" (Work-Shop on Monitoring and Combating Commercial Sexual Exploitation of Children (CSEC) and Trafficking) ကို မေ ၁၈ ရက် နံနက် ၉ နာရီက Sedona Hotel ၌ ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်၊ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွေး၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဒေါ်မေမေရီ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ပါမောက္ခဒေါက်တာဒေါ်ခင်အေးဝင်း၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး၊ ယူနီဆက်ဌာနေကိုယ်စားလှယ်၊ ဌာနဆိုင်ရာများ၊နိုင်ငံတကာအဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အလုပ်ရုံဆွေးနွေး

ရှေးဦးစွာ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်က အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး Mr. Yuji Miyamotoနှင့် ယူနီဆက်ဌာနေကိုယ်စားလှယ် Ms. Carroll C. Long တို့က အမှာစကားပြောကြားကြပြီး အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပကြသည်။

အဆိုပါ ဆွေးနွေးပွဲကို မြန်မာနိုင်ငံအပါအဝင် ကမ္ဘောဒီးယား၊လာအို၊ ထိုင်းနိုင်ငံများမှ ကိုယ်စားလှယ်များ စုစုပေါင်း ၆၀ ကျော် တက်ရောက်ကြပြီး မေ၁၉ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

ဝိပဿနာရှုပွားနည်း ဟောပြောပို့ချမည်

ရန်ကုန် မေ ၂၁

အနာဂါမ်ဆရာသက်ကြီး၏ မူလကျင့်စဉ်နှင့်အညီ ဓမ္မရသရိပ်သာ ကမ္မဋ္ဌာန်းနည်းပြဆရာကြီး ဦးသန်းရွှေ(ဒလ-အုံ့ကြီး)က မေ၂၂ရက်မှ ၂၈ရက်အထိ ညနေ ၆နာရီခွဲမှ ၈နာရီထိ ကျောက်တံတားမြို့နယ် ဗိုလ်အောင်ကျော်လမ်း သာစုကာရီဆွမ်းလောင်းဓမ္မာရုံကြီးတွင် လည်းကောင်း၊ဇွန်၁ရက်မှ၇ရက်အထိ၊ ညနေ ၆နာရီမှ ၇နာရီခွဲအထိ ဗိုလ်တထောင်စေတီတော် ဆိပ်ကမ်း လုပ်သားများ ဓမ္မာရုံကြီးတွင် ကိုယ်တွေ့ဝိပဿနာရှုပွားနည်း များကို ဟောပြော ပို့ချမည်ဖြစ်ရာ မည်သူမဆို လာရောက်အားထုတ်နိုင်ကြောင်းသိရသည်။ **(က-ပ)**

စာအောင်ဆုနှင်းသဘင်ကျင်းပ

ရန်ကုန် မေ ၂၁

အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ ထေရဝါဒ ဗုဒ္ဓသာသနာပြု ဩဝါဒါစရိယ၊ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ (ရွှေကျင်) ဆုထူးပန်ကျောင်းတိုက်များ၏ ပဓာနနာယက၊ ဘဒ္ဒန္တသလ္လာပဏ္ဍိတ ဦးဆောင်၍ ကျင်းပသောနွေရာသီယဉ်ကျေးမှုသင်တန်း၏ စာအောင်ဆုနှင်းသဘင် အခမ်းအနားကို မေ ၁၅ ရက်က ဗဟန်းမြို့နယ်ငါးထပ်ကြီးဘုရားလမ်း ဖြူဟမ္မဝိဟာရဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်ရပ်ကွက်သံဃနာယကအဖွဲ့ ဆရာတော်များ၊ သင်တန်းမှူးဆရာတော်၊ သာသနဓဇဓမ္မာစရိယ၊ ဥဘတောဝိဘင်္ဂရေ၊ ဝိနယဝိဒူ၊ မဟာစည်နယ်လှည့်ဓမ္မကထိက၊ အစိုးရကမ္မဋ္ဌာနစရိယ၊ ဘဒ္ဒန္တကဝိန္ဒနှင့် ဆရာတော်များကြွရောက်တော်မူကြသည်။ **(က-ပ)**

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် သထုံမြို့ အော်တိုအိတ်ချိန်းကို ကြည့်ရှုစစ်ဆေးစဉ်။ (ဆက်သွယ်ရေး)

ပဲခူးတိုင်း၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်း ဟိုတယ်လုပ်ငန်းနှင့်ဆက်သွယ်ရေးလုပ်ငန်းများ ဝန်ကြီးဗိုလ်မှူးချုပ်သိန်းဇော် စစ်ဆေး

ရန်ကုန် မေ ၂၁

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်သည် တာဝန်ရှိသူများလိုက်ပါလျက် မေ ၁၇ ရက်က ပဲခူးမြို့သို့ရောက်ရှိ၍ ပဲခူးမြို့ ရွှေဝါထွန်းဟိုတယ်ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် ဝေါမြို့သို့ ရောက်ရှိ၍ ဆက်သွယ်ရေးစခန်းကို ကြည့်ရှုစစ်ဆေးပြီး ဝေါမြို့၌ ဆက်သွယ်ရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်ရန် မှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် မွန်ပြည်နယ် ကျိုက်ထိုမြို့သို့ ရောက်ရှိ၍ စာတိုက်၊ ကြေးနန်း၊ တယ်လီဖုန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ဆက်သွယ်ရေးစနစ် ကောင်းမွန်အောင် စီစဉ်ဆောင်ရွက်ရန်နှင့် ဘီးလင်းမြို့၌ ဆက်သွယ်ရေး လွယ်ကူချောမွေ့စေရေး အတွက် စီစဉ်ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် သထုံမြို့သို့ ရောက်ရှိပြီး လက်ရှိအော်တို အိတ်ချိန်းကို လိုင်းအင်အား တိုးချဲ့တပ်ဆင်ရန် မှာကြားခဲ့သည်။

လွယ်ကူ

ဆက်လက်၍ ဝန်ကြီးသည် ကရင်ပြည်နယ် ဘားအံမြို့သို့ ရောက်ရှိ၍ ဘားအံမြို့ အော်တိုအိတ်ချိန်းကို ကြည့်ရှုစစ်ဆေးပြီး တယ်လီဖုန်းများ တိုးချဲ့တပ်ဆင်နိုင်ရေးနှင့် ကရင်ပြည်နယ် လှိုင်းဘွဲ့နှင့် ကော့ကရိတ်မြို့များသို့ ဆက်သွယ်မှု လွယ်ကူချောမွေ့စေရေးကို စီစဉ်ဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် မော်လမြိုင်မြို့သို့ရောက်ရှိ၍ အတ္တရံဟိုတယ်နှင့် မော်လမြိုင်ကမ်းခြေ ဟိုတယ် တည်ဆောက်ရေး လုပ်ငန်းခွင်တို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။ ဆက်လက်၍ ဝန်ကြီးသည် မော်လမြိုင်ဟိုတယ် ပြန်လည်တည်ဆောက်မည့် မြေပြင်အခြေအနေကိုကြည့်ရှု စစ်ဆေးသည်။

ကောင်းမွန်အောင်

ယင်းနောက် ဝန်ကြီးသည် မော်လမြိုင်မြို့ မိုက္ကရိုဝေ့ဗ် စခန်း၌ ဆက်သွယ်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး မုဒုံမြို့သို့ ရောက်ရှိ ကာ မုဒုံမြို့နှင့် သံဖြူဇရပ်မြို့တို့၌ ဆက်သွယ်ရေးစနစ် ကောင်းမွန်အောင် စီမံဆောင်ရွက်ပေးသည်။ **(သတင်းစဉ်)**

နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၆၁)ထုတ်ဝေဖြန့်ချိ

ရန်ကုန် မေ ၂၁

ပြန်ကြားရေး ဝန်ကြီးဌာနက ကြီးကြပ် ထုတ်ဝေသော နိုင်ငံ့ဂုဏ်ရည် မဂ္ဂဇင်း အမှတ်(၆၁)ကို ထုတ်ဝေဖြန့်ချိလိုက်သည်။ (ယာပုံ)

နောင်၊ ညွှန့်ဝေ (ကသာ)၊ မြင်းမူမောင်နိုင်မိုး၊ မင်းရွှေမင်း(အင်းစိန်)၊ ဒေါက်တာမင်းလဲ့ရီ၊ မင်းသွေးနွှယ် (ဇီးကုန်း)၊ ပိုနေမြဲ (ဝက်လက်)၊ မောင်ခိုင်နွယ်၊ ခင်နန်းယုထွေး၊ မောင်မြေမာ (ဖျာပုံ)၊ မောင်နီမြင့် (ပင်လယ်)၊ မောင်နှင်းပန် (ရေနံချောင်း)၊ ရေနံ့သာမောင်ကျော်ညွန့် တို့၏အဖွင့်ကဗျာများ၊ စောမုံညင်း၊ ပခုက္ကူ ဦးအုံးဖေ၊ တက္ကသိုလ်တင်ခ၊ ဒေါက်တာမတင်ဝင်း၊ လယ်တွင်းသားစောချစ်၊ မြင့်သိန်းအောင်၊ ချစ်နိုင် (စိတ်ပညာ)၊ ခိုင်ယဉ်မွန်(ဝိဇ္ဇာ၊သိပ္ပံ)၊ မိုးထက်မောင်မောင်၊ မောင်ချစ်ထွေး (မဟာဝိဇ္ဇာ)၊နီငြိမ်း(အညာတက္ကသိုလ်)၊ မွှေးငယ်ငယ်၊ တက္ကသိုလ်စိုးယဉ်၊ စာကြည့်တိုက်ခင်မောင်၊ အောင်ခင် (ဥပဒေ)၊ ရွှေရိုး(မန္တလေး)၊ မောင်ကျေးဇူး၊ မောင်မောင်မြင့်သိန်း တို့၏ ဆောင်းပါးများ၊ ဆင်ဖြူကျွန်း အောင်သိန်း၊ ခင်မောင်အေး (မန္တလေး)၊ ချစ်စံဝင်း၊ မိုးထက်မြင့်(မြစ်ဝကျွန်းပေါ်)၊ခင်ကြူကြူတင်၊ မောင်စောထွန်း (ကျောင်းကုန်း)၊ ကိုထွေး (ကလောဂျီတီအိုင်)၊ မသန်းလွင်(ဟဲဟိုး)တို့၏ ဝတ္ထုတို၊ ဝတ္ထုရှည်များအပြင် ကလေးတို့အတွက် ကဗျာ လက်ဆောင် စာလက်ဆောင်၊ကဗျာပန်းရုံရိပ်၊ အမျိုးသမီးကဏ္ဍ၊ ဘာသာပြန်၊ ကာတွန်း၊ ဟာသကဏ္ဍ စုံလင်စွာ တင်ဆက်ထားသည်။ အဆိုပါ မဂ္ဂဇင်းကို ရန်ကုန်မြို့ နိုင်ငံ့ဂုဏ်ရည်စာပေတိုက်၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းစာအုပ်ဆိုင်၊ စာပေဗိမာန်စာအုပ်ဆိုင်နှင့် အခြားဆိုင်ကြီးများ၊ မန္တလေး၊ ပြည်၊ မကွေး၊ ကလော၊ တောင်ကြီး၊ မော်လမြိုင်၊ ပျဉ်းမနား၊ ပဲခူး၊ လားရှိုး၊ ဟဲဟိုး၊ ရွှေဘို၊ မအူပင်၊ ကျောက်တန်း၊ ကွမ်းလုံ၊ တန့်ယင်း၊ မူဆယ် မြို့နယ်ရှိ စာအုပ်ဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ကြောင်းသိရသည်။ **(သတင်းစဉ်)**

ကျောက်စိမ်း၊ ကျောက်မျက်အထူးရောင်းချပွဲ ဇွန် ၂၆ ရက်မှ ဇူလိုင် ၃ ရက်အထိကျင်းပမည်

ရန်ကုန် မေ ၂၁

ကျောက်စိမ်း၊ ကျောက်မျက်အထူးရောင်းချပွဲကို ၂၀၀၆ ခုနှစ် ဇွန် ၂၆ ရက်မှ ဇူလိုင် ၃ ရက်အထိ မြန်မာ့ကျောက်မျက်ရတနာခန်းမ၌ ကျင်းပမည်ဖြစ်သည်။ မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ခွင့်ပြုမိန့်ရယူ၍ ကျောက်မျက်ရတနာများ တူးဖော်ထုတ်လုပ်သည့် လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားများ၊ လိုင်စင်ရယူ၍ နိုင်ငံခြားငွေဖြင့် ကျောက်မျက်ရတနာ ရောင်းချခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားများအား သတ်မှတ်ချက်များနှင့်အညီ ကျောက်စိမ်း၊ ကျောက်မျက်အထူးရောင်းချပွဲသို့ တက်ရောက် ဝယ်ယူခွင့်ပြုမည်ဖြစ်သည်။

ထို့အပြင် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ လိုင်စင်ရယူ၍ ကျောက်မျက်ရတနာများ ရောင်းချခြင်း လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားလုပ်ငန်းရှင်များအား ကျောက်စိမ်း၊ ကျောက်မျက်အထူးရောင်းချပွဲကာလအတွင်း ရောင်းချပွဲကျင်းပမည့် မြန်မာ့ကျောက်မျက်ရတနာခန်းမမြေညီထပ်၌ ကျောက်မျက်ရတနာများ ရောင်းချနိုင်ရန် အရောင်းကောင်တာများ စီစဉ်ပေးမည်ဖြစ်သည်။

ဆက်သွယ်ဆောင်ရွက်နိုင်

ကျောက်စိမ်း၊ ကျောက်မျက်အထူးရောင်းချပွဲသို့ တက်ရောက်လိုသူများနှင့် အရောင်းကောင်တာ ရယူလိုသူများသည် မေ ၂၅ ရက်မှစ၍ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း မြန်မာ့ကျောက်မျက်ရတနာခန်းမ၌ ဖွင့်လှစ်ထားရှိသည့် စီမံရေးရာ ဆပ်ကော်မတီရုံးအဖွဲ့နှင့် ကျောက်မျက်ရတနာ ဈေးကြီးကြပ်ရေးအဖွဲ့များနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မေ ၁၉ ရက်က ရန်ကုန်မြို့ အထက်ပုဇွန်တောင်လမ်းရှိ ရန်ကုန်ကုန်သွယ်မှုဗဟိုဌာန၌ ကျင်းပသော “မြန်မာတုန်းတာကုန်စည်ပြပွဲ ၂၀၀၄” တွင် လူလေးဂက်စ်မီးဖိုနှင့် မီးစက်အရောင်းပြခန်းမှ ယိုကိုဟားမားလက်ဆွဲမီးစက်များကို ဈေးနှုန်းချိုသာစွာ ရောင်းချပေးလျက်ရှိရာ ဝယ်သူများဖြင့် စည်ကားလျက်ရှိစဉ်။ (က–ပ)

(၇၇)ကြိမ်မြောက်သွေးလှူ

ရန်ကုန် မေ ၂၁

တပ်ကုန်းမြို့ စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းဝင်းမြင့်(မြကျောက်အေးချမ်း)သည် ဧပြီ ၂၃ ရက်က တပ်ကုန်းမြို့ ပြည်သူ့ဆေးရုံကြီးတွင် (၇၇)ကြိမ်မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။ (၂၆၆)

ညောင်တုန်းမြို့ ကျေးလက်အိမ်ရာများ တည်ဆောက်ပြီးစီးမှု စည်ပင် ဒုတိယညွှန်ကြားရေးမှူးချုပ် ကွင်းဆင်းကြည့်ရှု

ညောင်တုန်း မေ ၁၉

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနစည်ပင်သာယာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအုန်းညွန့်၊ ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့မှဒုတိယညွှန်ကြားရေးမှူး ဗိုလ်မှူးစိုးနိုင်၊ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင်အောင်ဌေးနှင့်အဖွဲ့သည် ညောင်တုန်းမြို့နယ် ကျုံတမာကျေးရွာသို့ မေ ၁၇ ရက်က ညောင်တုန်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူ ဆောင်ရွက်ခဲ့သော ကျေးလက်အိမ်ရာတည်ဆောက်ပြီးစီးမှုနှင့် နေအိမ်များတွင် နေထိုင်သူမိသားစုများနေထိုင်မှုအခြေအနေများကို ကွင်းဆင်းစစ်ဆေးသည်။ **(အပေါ်ပုံ)**

ပြောကြား

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ညောင်တုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးသက်ပိုင်၊ တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းမိုးထိုက်တို့က ညောင်တုန်းမြို့နယ်တွင် အကောင်အထည်ဖော်ဆောင်ရွက်သော ကျေးလက်အိမ်ရာများ တည်ဆောက်ပြီးစီးမှုအခြေအနေများ ရှင်းလင်းတင်ပြရာ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအုန်းညွန့်က လိုအပ်ချက်များပြောကြားခဲ့ကြောင်း သိရသည်။ **(ဝ၉၈)**



ကျုံပျော်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ကြီးကြပ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ကျုံပျော်–ဟသ်ာတကားလမ်း နံဘေးရှိ တန်ဖိုးနည်း ကျေးလက်အိမ်ရာဆောက်လုပ်မှုကို အမှုဆောင်အရာရှိ ဦးသန်းအေးနှင့် တာဝန်ခံအင်ဂျင်နီယာဦးခင်မောင်ဖြူတို့က မေ ၄ ရက်က အနီးကပ်ကြီးကြပ်ကွင်းဆင်းဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

တိုင်းရင်းဆေးအဖွဲ့ ဇီးကုန်းမြို့နယ်အတွင်း ကွင်းဆင်း

ဇီးကုန်း မေ ၁၆

ပဲခူးတိုင်း တိုင်းရင်းဆေးပညာဦးစီးဌာန တိုင်းဦးစီးဌာနမှူး ဦးအောင်အောင်ဦးဆောင်၍ သာယာဝတီခရိုင် တိုင်းရင်းဆေးခရိုင်ဦးစီးမှူးဒေါ်သင်းသင်းစိန်နှင့် သာယာဝတီခရိုင်အတွင်းရှိ တိုင်းရင်းဆေးခန်းမှူးများပါဝင်သော တိုင်းရင်းဆေးကွင်းဆင်းကုသရေးအဖွဲ့သည် ဇီးကုန်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့၏ ပံ့ပိုးကူညီမှုဖြင့် မေ ၁၂ ရက်က မြို့နယ်ခန်းမတွင် မီးယပ်နှင့်သူငယ်နာရောဂါ၊ အရိုးရောဂါ၊ အကြောရောဂါ၊ အနာပေါက်နှင့် အထွေထွေရောဂါဝေဒနာရှင် ၅၁၃ဦးအား အခမဲ့ ဆေးဝါးကုသပေးခဲ့ကြသည်။

ထို့နောက် ဇီးကုန်းမြို့ ဘိုးဘွားရိပ်သာသို့ သွားရောက်၍ ဘိုးဘွားရိပ်သာရှိ အဘိုးအဘွားများကို ဆေးဝါးအခမဲ့ကုသပေးပြီး အလှူငွေများ လှူဒါန်းကြကြောင်း သိရသည်။ **(က–ပ)**

ဆောင်ရွက်

မော်လမြိုင်မြို့နယ်ရှိ မြို့ပေါ်ရပ်ကွက်များ ရေနုတ်မြောင်း တူးဖော်ရေးဆောင်ရွက်ရာသို့ ဧပြီ ၂၃ ရက်က မော်လမြိုင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦး လှ မျိုး ကွင်းဆင်း ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

သမဝါယမထုတ်ကုန်ပစ္စည်းပြပွဲနှင့်ဈေးရောင်းပွဲတော် ရွှေဘို၊ ကလေး၊ တမူးနှင့် မုံရွာမြို့များ၌ကျင်းပမည်

ရန်ကုန် မေ ၂၁

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ခွင့်ပြုချက်၊ သမဝါယမဦးစီးဌာနညွှန်ကြားရေးမှူးချုပ်ရုံး၏ ပံ့ပိုးကူညီမှုဖြင့် ရန်ကုန်တိုင်းရွှေခြသေ့သမဝါယမအသင်းလီမိတက်က စုစည်း၍ သမဝါယမထုတ်ကုန်ပစ္စည်းပြပွဲနှင့် ဈေးရောင်းပွဲတော်ကို ရွှေဘိုမြို့ ရန်ကြီးအောင်ခန်းမ၌ မေ ၂၂ ရက်မှ ၂၆ ရက်ထိ၊ ကလေးမြို့ မြို့နယ်အားကစားကွင်း၌ ဇွန် ၁ ရက်မှ ၅ ရက်ထိ၊ တမူးမြို့ စက်ရောင်ဘီလူးခန်းမ၌ ဇွန် ၁၁ ရက်မှ ၁၅ ရက်ထိ မုံရွာမြို့ မြို့နယ်အားကစားခန်းမ၌ ဇွန် ၂၂ ရက်မှ ၂၆ ရက်ထိ နေ့စဉ် နံနက် ၉ နာရီမှ ည ၉ နာရီအထိ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်

အဆိုပါ ဈေးရောင်းပွဲတော်၌ ဖျော်ဖြေရေးအစီအစဉ်များ၊ ကုန်ပစ္စည်းသရုပ်ပြရှင်းလင်းပွဲများပါရှိရာ မည်သူမဆို အခမဲ့ဝင်ရောက်ကြည့်ရှု ဝယ်ယူနိုင်သည်။ ပါဝင်ပြသလိုသော ကုမ္ပဏီများ၊ သမဝါယမအသင်းများနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များသည် ရန်ကုန်တိုင်း ရွှေခြသေ့သမဝါယမအသင်းလီမိတက် အဆောင် (၂)၊ ပထမထပ်၊ မဟာကျော်ကုန်တိုက်၊ သိမ်ကြီးဈေး(စီ)ရုံ၊ ရွှေတိဂုံဘုရားလမ်း၊ ရန်ကုန်မြို့၊ ဖုန်း–၃၇၁၈၀၀ (လိုင်းခွဲ) ၃၉၄၊ ၄၀၈၊ ၂၄၀၆၀၀ (လိုင်းခွဲ) ၄၃၂ ရုံးချိန်ပြင်ပ ၆၃၅၂၆၄ သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သိရသည်။ **(က–ပ)**

အမြို့မြို့ အနယ်နယ် သတင်းများ

မန္တလေးတောင်ခြေဘိုးဘွားရိပ်သာ ထောက်ပံ့ကြေးပေးအပ်ပွဲကျင်းပ

မန္တလေး မေ ၁

မန္တလေးအောင်မြေသာစံမြို့နယ် ဥပုသ်တော်ရပ်၊ မန္တလေးတောင်ခြေဘိုးဘွားရိပ်သာ အပိုထောက်ပံ့ကြေးပေးအပ်ပွဲနှင့် လုပ်ငန်းဆိုင်ရာ ဆွေးနွေးပွဲကို ဧပြီ ၂၂ရက်က အဆိုပါရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

ရှေးဦးစွာ တွဲဖက်အတွင်းရေးမှူး ဦးမောင်မောင်က ဝန်ထမ်းများ အဘိုးအဘွားများကို အထူးဂရုပြု ဆောင်ရွက်ပေးရေး၊ မိမိအဘိုးအဘွား၊ မိဘအရင်းသဖွယ်ပြုစုရေး၊ အစစအရာရာ မေတ္တာ၊ စေတနာဖြင့် ကြိုးစားဆောင်ရွက်ကြရေးတို့ကို မှာကြားသည်။

ထို့နောက် အုပ်ချုပ်ရေးမှူးက ဘိုးဘွား ရိပ်သာဝန်ထမ်းများ လုပ်ငန်းဆောင်ရွက်ရန် ကိစ္စရပ်များကို တစ်ဦးချင်း ရှင်းလင်းတင်ပြသည်။ ထိုရှင်းလင်းတင်ပြချက်များအပေါ် တွဲဖက်အတွင်းရေးမှူးက လိုအပ်သည်များ ဖြည့်စွက် မှာကြားသည်။ **(၁၆၂)**

ဆင်ဖြူရှင်လမ်းတစ်လျှောက် ပြုပြင်ဆောင်ရွက်

ဗန်းမော် မေ ၉

ဗန်းမော်မြို့နယ်တွင် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရန်အတွက် ဗန်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မေ ၅ရက်၌ ဆင်ဖြူရှင်လမ်းတစ်လျှောက် လမ်းပေါက်ဖာခြင်းနှင့် လမ်းပြုပြင်ခြင်းလုပ်ငန်းများဆောင်ရွက်လျက်ရှိရာ အမှုဆောင်အရာရှိ ဦးကျော်သူကအနီးကပ်ကြီးကြပ်ဆောင်ရွက်ပေးသည်။ **(မြို့နယ်စည်ပင်)**

ရွှေဘိုမြို့နယ် ကျားရွာ(တောင်ရွာ)ကျေးရွာတွင် စက်ရေတွင်းဖွင့်

ရွှေဘို မေ ၁၆

၂၀၀၃–၂၀၀၄ ခု ဘဏ္ဍာရေးနှင့် ရွှေဘိုမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သည့်ကျေးလက်ရေပေးရေး ကျားရွာ (တောင်ရွာ) ကျေးရွာ စက်ရေတွင်း ဖွင့်ပွဲအခမ်းအနားကို မေ ၁၂ ရက်က ကျားရွာ(တောင်ရွာ) ကျေးရွာတွင် ကျင်းပသည်။

ရှေးဦးစွာ ရွှေဘိုမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးအောင်မောင်းက စက်ရေတွင်းနှင့်ပတ်သက်၍ရှင်းလင်းတင်ပြပြီး ကျားရွာ(တောင်ရွာ)ကျေးရွာဥက္ကဋ္ဌက ကျားရွာ (တောင်ရွာ) ကျေးရွာ ပြည်သူများ ကိုယ်စား ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ဆွေနှင့် ရွှေဘိုခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဝင်းနိုင်တို့က စက်ရေတွင်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး စက်ရေတွင်းနှင့် စက်ရုံအား ကြည့်ရှုစစ်ဆေးကြသည်။ **(အပေါ်ပုံ)**

(မြို့နယ်စည်ပင်)

ရပ်စောက်၌ရေစီးကောင်းမွန်ရေး စုပေါင်းဆောင်ရွက်

ရပ်စောက် မေ ၁၆

ရှမ်းပြည်နယ် ရပ်စောက်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးကြည်စော၊ တာဝန်ခံအင်ဂျင်နီယာ ဦးကျော်ထင်၊ ဈေးတာဝန်ခံ ဒေါ်မြင့်မြင့်သန်းတို့ ဦးဆောင်၍ မေ ၁၃ ရက်မှ ၁၅ ရက်အထိ ရပ်စောက်မြို့မဈေးကြီးအတွင်းအပြင်ရှိ ရေနုတ်မြောင်းများနှင့် ဗထူး၊ ရွှေညောင်ကားလမ်း ဘေးဝဲယာတစ်လျှောက်ရှိ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရေးအတွက် ဝန်ထမ်းများ၊ ဈေးကော်မတီဝင်များ၊ ဈေးသူ ဈေးသားများနှင့် ပြည်သူများစုပေါင်း၍ သန့်ရှင်းရေးလုပ်ငန်းများ စုပေါင်းဆောင်ရွက်ကြသည်။ **(မြို့နယ်စည်ပင်)**

ဟသ်ာတမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပဒေသာဈေးကြီး ပတ်လည် ရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရန်နှင့် သန့်ရှင်းမှုရှိစေရန် အတွက် မေ ၁၀ရက်က ဒုတိယဦးစီးမှူး(ဈေး)ဦးသန်းဌေး ဦးဆောင်၍ အဖွဲ့ဝန်ထမ်းများနှင့် ဈေးသူဈေးသားများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)



တောင်ကြီးတက္ကသိုလ်
ဘွဲ့လွန်အင်္ဂလိပ်စာ သင်ကြားရေးဒီပလိုမာ (Dip E.L.T) သင်တန်းသားများ
လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၀၄-၂၀၀၅ ပညာသင်နှစ် ဘွဲ့လွန်အင်္ဂလိပ်စာ သင်ကြားရေးဒီပလိုမာ (Dip E.L.T) (၁)နှစ်သင်တန်းတက်ရောက်ရန် အောက်ပါ အရည်အချင်းနှင့် ပြည့်စုံသူများ လျှောက်ထားနိုင်ပါသည်။
(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) အနိမ့်ဆုံးပညာအရည်အချင်းမှာ အသိအမှတ်ပြု တက္ကသိုလ်တစ်ခုခုမှ ဘွဲ့တစ်ခုခုရရှိသူ ဖြစ်ရမည်။

၂။ သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့် တောင်ကြီးတက္ကသိုလ် ကျောင်းသားရေးရာဌာနတွင် ၉-၆-၂၀၀၄ ရက်နေ့ နောက်ဆုံးထား၍ လျှောက်ထားရမည်။

၃။ သင်တန်းဝင်ခွင့် အရည်အချင်းစစ်ရေးဖြေစာမေးပွဲကို ၁၁-၆-၂၀၀၄ ရက်နေ့တွင် တောင်ကြီးတက္ကသိုလ်၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ (အောင်မြင်သူများကို လူတွေ့စစ်ဆေးမည်။)

၄။ ဘွဲ့လွန်အင်္ဂလိပ်စာသင်ကြားရေးဒီပလိုမာ (Dip E.L.T)သင်တန်းကို တက်ရောက်လိုသူများသည် အစိုးရဝန်ထမ်းနှင့်အခြားလုပ်ငန်းများတွင် လုပ်ကိုင်သူဖြစ်ပါက သက်ဆိုင်ရာဌာန အကြီးအကဲ၏ အချိန်ပြည့် တက်ရောက်ခွင့်ပြုကြောင်း ထောက်ခံချက်ပါရှိရမည်။

၅။ အသေးစိတ်အချက်အလက်များကို ဤတက္ကသိုလ် ကျောင်းသားရေးရာဌာနတွင် စုံစမ်းနိုင်ပါသည်။

ခင်မြငြိမ်း
မော်ကွန်းထိန်း
တောင်ကြီးတက္ကသိုလ်။

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကရင်ပြည်နယ် ဘားအံမြို့ အမှတ် ၅ ရပ်ကွက် အောင်နန်း ၁ လမ်း၊ အကွက် ၈ နေ (ဦးမြင့်သိန်း)-ဒေါ်ညိမ်းနွဲ့ (ခ)ဒေါ်နွဲ့ ၃/လဘန(နိုင်)၀၀၂၉၆၇ ၏ တစ်ဦးတည်းသောသားဖြစ်သူ မောင်မြသန်းထွန်း ၃/လဘန(နိုင်)၀၇၁၉၀၁ သည် မိဘစကားနားမထောင်ဘဲ မိခင်ဖြစ်သူအား စိတ်ဆင်းရဲအောင် အမျိုးမျိုးပြုလုပ်နေပါသဖြင့် ၎င်းအားသားအဖြစ်မှ တရားဝင် အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို လုံးဝတာဝန်မယူပါ။
(မေးမြန်းစုံစမ်းခြင်းသည်းခံပါ။)

ဒေါ်ညိမ်းနွဲ့ (ခ)ဒေါ်နွဲ့
၃/လဘန(နိုင်)၀၀၂၉၆၇

(၁၇)နှစ်မြောက် မင်္ဂလာဆုတောင်း

၂၂-၅-၂၀၀၄ ရက်နေ့တွင် ကျရောက်သော ချစ်ခင်ပွန်း ဒုတိယဗိုလ်မှူးကြီး ဝင်းသော် (ခေတ္တ-ကလော) နှင့် ချစ်ဇနီး ဒေါ်သီတာဦး(အထက၊ စိုက်မွေး-၁)တို့ရဲ့ (၁၇)နှစ်မြောက် မင်္ဂလာရက်မြတ်မှသည် ချစ်သမီးနှစ်ယောက်နှင့်အတူပျော်ရွှင်ချမ်းမြေ့သော သီရိဂေဟာလေးကို သက်ဆုံးတိုင် ရွှေလက်တွဲ၍ မြဲမြဲခိုင်ခဲ့တည်တံ့နိုင်ပါစေလို့ ဆန္ဒပြုလျက်-

ချစ်ဇနီး-ဒေါ်သီတာဦး(ခေတ္တ-မြောင်းမြ)
ချစ်သမီးကြီး-ဖူးဖူး "မဝင့်ဖူးသော်" (X၊ အထက-၂၊မင်္ဂလာဒုံ)
ချစ်သမီးထွေး-ပိုးဥ"မဖူးပွင့်သော်" (II၊ အထက၊ စိုက်/မွေး-၁၊လေးထောင့်ကန်)

ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

ဧရာဝတီတိုင်း၊ အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းစုချုပ်လီမိတက်ရှိ အောက်ဖော်ပြပါ လေအေးစက်နှင့် တူရိယာပစ္စည်းများအား မျက်မြင်အခြေအနေအတိုင်း ရောင်းချမည်ဖြစ်ပါသဖြင့် ချိပ်ပိတ်တင်ဒါများ ပေးသွင်းနိုင်ကြောင်း ကြေညာအပ်ပါသည်။

(က) **လေအေးစက်**	-	(၁၀)လုံး
(ခ) **တူရိယာပစ္စည်း**	-	(၅၀) မျိုး
တင်ဒါပေးသွင်းရမည့်ရက်	-	(၂၇-၅-၂၀၀၄) (၁၀း၀၀) နာရီ
တင်ဒါပေးသွင်းရမည့်နေရာ	-	ဧရာဝတီတိုင်း အထွေထွေစီးပွားရေး လုပ်ငန်း၊ သမဝါယမအသင်းစုချုပ် လီမိတက်ရုံး၊ ပုသိမ်မြို့။
တင်ဒါဖွင့်မည့်ရက်နှင့်နေရာ	-	(၂၇-၅-၂၀၀၄) (၁၀း၀၀) နာရီ ဧရာဝတီတိုင်း အထွေထွေစီးပွားရေး လုပ်ငန်း၊ သမဝါယမအသင်းစုချုပ် လီမိတက်ရုံး၊ ပုသိမ်မြို့။

ဝယ်ယူလိုသူများသည် တင်ဒါတစ်စုံလျှင် ကျပ်(ငါးရာ)နှုန်းဖြင့် တင်ဒါပေးသွင်းရမည့်နေရာတွင် ဝယ်ယူနိုင်ပြီး တင်ဒါစည်းကမ်းချက်များနှင့် သိလိုသော အချက်အလက်များရှိပါက တင်ဒါတင်သွင်းသည့်နေရာတွင် မေးမြန်းနိုင်ပါသည်။

ဥက္ကဋ္ဌ
ရင်းနှီးပစ္စည်းထုခွဲရောင်းချရေးကော်မတီ
ဖုန်း-၀၄၂-၂၄၁၂၄

အမည်ပြောင်းလဲခေါ်ပါရန်

အဖ ဦးခင်မောင်လွင်၏သား သဃ်န်းကျွန်းမြို့ အထက(၁) အဋ္ဌမတန်း(A)မှ မောင်မင်းသက်မောင်အား မောင်ဉာဏ်ထက်လင်းဟု ပြောင်းလဲခေါ်ပါရန်။
မောင်ဉာဏ်ထက်လင်း။

ကန့်ကွက်နိုင်ပါသည်

မော်တော်ယာဉ်အမှတ် တခလ/၁၉၀၅ လက်ဝယ်ရှိသူက မော်တော်ယာဉ် မှတ်ပုံတင်စာအုပ်(ကမ-၃)မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ ၁၅ ရက်အတွင်း ဆက်သွယ်ဆောင်ရွက်ပါရန်။
ကညန(ရှေ့တန်းရုံး)တာချီလိတ်။

အမည်ဖြည့်စွက်ခေါ်ပါရန်

ဦးစိုးမင်း ၁၂/လသန(ဧည့်)၀၀၀၆၄၂ ၏သား အထက (၅) တာမွေ၊ ဒသမတန်း(A)မှ မောင်ဝင်းလှိုင် (ခ) မောင်ဝင်းကျော်ထက်ဟု ဖြည့်စွက်ခေါ်ပါရန်။
မောင်ဝင်းလှိုင်(ခ)မောင်ဝင်းကျော်ထက်။

အမည်ပြောင်း

မကွေးမြို့ အထက(၃) ဒသမတန်းမှ အဖ ဦးမျိုးချစ်၏သား မောင်နိုင်လင်းအောင်အား ယနေ့မှစ၍ မောင်ရဲရင့်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ရဲရင့်။**

မွေးနေ့မင်္ဂလာဆုမွန်လွှာ

ချစ်သမီးလေး ခင်သူသူဟန် (U.S.A) ၏ (၂၉)နှစ်မြောက် မွေးနေ့မှသည် နှစ်ပေါင်းရာကျော်တိုင် ပျော်ရွှင်ချမ်းမြေ့ပါစေလို့။

ဖေဖေ-ဦးအေးဟန်
မေမေ-ဒေါ်မြင့်မြင့်သန်း
အစ်ကို၊အစ်မ၊မောင်၊ညီမနှင့်
တူလေး-ဇာနည်မင်းဟန်
ကောင်းဆက်ဟန်

အမွေပြတ်စွန့်လွှတ်ခြင်း

ပုသိမ်မြို့နေ (ဦးတင်ထွန်း)၊ ဒေါ်သိမ်းမြင့်တို့၏ သားဖြစ်သူ မောင်မြင့်ထွန်းဦးသည် မိဘ စိတ်ဆင်းရဲအောင် ပြုလုပ်ပါသဖြင့် အမွေပြတ် စွန့်လွှတ်လိုက်သည်။ နောက်နောင်၎င်းနှင့် ပတ်သက်သမျှကို တာဝန်မယူတော့ကြောင်း သိစေအပ်ပါသည်။ **မိခင်**
ဒေါ်သိမ်းမြင့်။

မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း
ဈေးပြိုင်ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း
(၁/၂၀၀၄)

၁။ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း ပင်မရေနံသိုလှောင်ဖြန့်ဖြူးရေးဌာနကြီး (က)အဆင့်၊ ပဋ္ဌနဂိုရ်ရှိအသုံးမလိုတော့သည့် တာယာအဟောင်း၇၁၀လုံးနှင့် ဘက်ထရီအဟောင်းမျိုးစုံ ၁၁၅ လုံးတို့အား မျက်မြင်အခြေအနေအတိုင်းရောင်းချမည်ဖြစ်သဖြင့် ချိပ်ပိတ်တင်ဒါများ ပေးသွင်းနိုင်ကြောင်း ကြေညာအပ်ပါသည်။

၂။ တင်ဒါလျှောက်လွှာနှင့် စည်းကမ်းချက်ပုံစံများရောင်းချမည့်-

(က)	**နေ့ရက်နှင့်အချိန်**	-	(၁၇-၅-၂၀၀၄)(ရုံးချိန် အတွင်း)
(ခ)	**နေရာ**	-	(၁) စီမံရေးဌာန၊ အမှတ် ၇ (က)၊ သန်လျက်စွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ (၂) ပင်မရေနံသိုလှောင်ဖြန့်ဖြူးရေးဌာနကြီး(က)အဆင့်၊ပဋ္ဌနဂိုရ်
(ဂ)	**တင်ဒါတစ်စောင်နှုန်း**	-	ကျပ် ၃၀၀၀/-
(ဃ)	**တင်ဒါပိတ်မည့် နေ့ရက်နှင့်အချိန်**	-	(၂၆-၅-၂၀၀၄)ရက်နေ့နှင့် ညနေ(၁၄း၀၀)နာရီ
(င)	**တင်ဒါပေးသွင်းမည့် တည်နေရာ**	-	(၁) စီမံရေးဌာန၊ အမှတ်(၇)က သန်လျက်စွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ (၂) ပင်မရေနံသိုလှောင်ဖြန့်ဖြူးရေးဌာနကြီး(က)အဆင့်၊ ပဋ္ဌနဂိုရ်

၃။ တင်ဒါပေးသွင်းသူသည် တင်ဒါဆွဲယူခွင့် စပေါ်ငွေကျပ်တစ်သိန်း (၁၀၀၀၀၀)ကို ငွေသားဖြင့် ရုံးချုပ်ဘဏ္ဍာရေးဌာနတွင်လည်းကောင်း၊ ပင်မရေနံသိုလှောင်ဖြန့်ဖြူးရေးဌာနကြီး(က)အဆင့်၊ ပဋ္ဌနဂိုရ်တွင်လည်းကောင်း ပေးသွင်းနိုင်ပါသည်။

၄။ ဝယ်ယူခွင့်ရရှိပြီးပါကပစ္စည်းများကို နှစ်ပတ်အတွင်း မိမိအစီအစဉ်ဖြင့် ပြီးစီးအောင် ထုတ်ယူရမည်။

စီမံရေးဌာန
၇(က) သန်လျက်စွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်
ရန်ကုန်မြို့။

ငါးနှစ်ပြည့်အလွမ်း

ကျေးဇူးရှင် ဖခင်ကြီး ဦးကျော်ဒင် မိသားစုနှင့် ခွဲခွာသွားသည်မှာ ၂၂-၅-၂၀၀၄ ရက်တွင် ငါးနှစ်ပြည့်ပါပြီ။ ယနေ့ပြုလုပ်သော ကောင်းမှုအစုစုကို မြင့်မြတ်သောဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ။

ဇနီး - ဒေါ်ခင်ရွှေနှင့် သမီးခြူးမာ
သား - ကိုခင်မောင်သိန်း-မစုး
မြေး - မအေးချမ်းဖြူ။

ရောင်းချရန် ကြော်ငြာစာ

ရန်ကုန်တိုင်းတရားရုံး
တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၆၆
၂၀၀၃ ခုနှစ် တရားမဇာရီမှုအမှတ် ၂၇၇

မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ် (၎င်း၏မန်နေဂျာ)	နှင့်	၁။ ဦးတင်မြင့် ၂။ ဒေါ်မြင့်မြင့်စိန်
တရားနိုင်		**တရားရှုံးများ**

ရန်ကုန်တိုင်းတရားရုံး တရားမကြီးမှုအမှတ် ၇၀၇/၂၀၀၃ အမှုတွင် ၂-၆-၂၀၀၃ ရက်နေ့၌ ချမှတ်ခဲ့သော ဒီကရီအရ အောက်တွင် ဖော်ပြထားသော ပစ္စည်းကို ၂၀၀၄ ခုနှစ် ဇွန်လ ၂၅ ရက်နေ့ နံနက် ၁၀း၀၀ နာရီအချိန်တွင် ၎င်းပစ္စည်းတည်ရှိရာအရပ်၌ လေလံတင် ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့်စည်းကမ်းချက်များ

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။

၂။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သော ပစ္စည်းအတွက် လေလံဆွဲဝယ်ယူသူက ငွေကျပ် ၁၀၀ လျှင် နှစ်ဆယ့်ငါးကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့်တစ်ပြိုင်နက်တည်း ပေးသွင်းရမည်။ ထိုသို့ ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်၍ လေလံတင်ရောင်းချလိမ့်မည်။

၃။ ဈေးနှုန်းအမြင့်ဆုံးပေးသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့်ဈေးနှုန်းမှာလည်း ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိက ယူဆလျှင် လက်မခံဘဲပယ်ခွင့်ရှိသည်။

၄။ လေလံတင်ရောင်းချခြင်းကို ရောင်းချသူအရာရှိက ရွှေ့ဆိုင်းဆောင်ရွက်ခွင့်ရှိသည်။

၅။ ကျန်ငွေများကို လေလံတင်ရောင်းချသည့် နေ့ကိုပယ်၍ ၁၅ ရက်မြောက်နေ့ တရားရုံးသို့ အပြေအကျေပေးသွင်းရမည်။ ၁၅ ရက်မြောက်နေ့သည် ရုံးပိတ်ရက်ဖြစ်ပါက ပထမရုံးဖွင့်သည့်နေ့တွင် ပေးရမည်။

၂၀၀၄ ခုနှစ် မေလ ၁၉ ရက်နေ့တွင် ဤရုံးတံဆိပ် ရိုက်နှိပ်၍ လေလံတင်ရောင်းချရန် ကြော်ငြာစာထုတ်ပေးလိုက်သည်။

ထွန်းသိန်း
တွဲဖက်တိုင်းတရားသူကြီး(၁)
ရန်ကုန်တိုင်းတရားရုံး။

လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

ရန်ကုန်တိုင်း၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ မြေကွက်အမှတ် ၂၁၂၊ လူနေရပ်ကွက်အမှတ်(-) မြေဧရိယာ (၂၄၀၀ စတုရန်းပေ) ပေ၄၀Xပေ ၆၀ ရှိ နှစ် ၆၀ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် နှစ်ထပ်တိုက် အုတ်ညှပ်တိုက်၊ သွပ်မိုးအဆောက်အအုံ။ (ကြမ်းခင်းဈေး ကျပ်သိန်း ၂၀၀)

မသန်စွမ်းသူများအတွက်
အသက်မွေးဝမ်းကျောင်းပညာသင်တန်းသားခေါ်ယူခြင်း

အကူအညီပေးရေးနှင့် ပြန်လည်ထူထောင်ရေးအသင်း (AAR) မှ ၂၀၀၄ ခုနှစ် (တတိယ) အပတ်စဉ် စက်ချုပ်နှင့်ဆံပင်အလှပြုပြင်ခြင်း အသက်မွေးပညာသင်တန်းများကို စက်တင်ဘာလ ၁ ရက်နေ့တွင် ဖွင့်လှစ်မည်ဖြစ်ပါ၍ မြန်မာနိုင်ငံအနှံ့အပြားရှိ မသန်စွမ်းသူများ လျှောက်ထားနိုင်ပါသည်။ လျှောက်လွှာများကို ၂၀၀၄ ခုနှစ် ဇွန်လ ၃၀ ရက်နေ့ နောက်ဆုံးထား၍ ပေးပို့နိုင်ပါသည်။

သင်တန်းကာလ	-	၂၀၀၄ ခုနှစ် စက်တင်ဘာလ (၁)ရက်မှ ဒီဇင်ဘာလ (၁၅)ရက်နေ့ထိ။
လူတွေ့စစ်ဆေးခြင်း	-	၂၀၀၄ ခုနှစ် ဩဂုတ်လ (၃၀) နှင့် (၃၁) ရက်နေ့။
ဆက်သွယ်ရန်လိပ်စာ	-	ကိုယ်အင်္ဂါမသန်စွမ်းသူများ အသက်မွေးပညာသင်တန်းကျောင်း(AAR)အမျိုးသား ပြန်လည်သန်စွမ်းရေးဆေးရုံရှေ့၊ မင်းဓမ္မလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ (ဖုန်း-၀၁-၆၆၁၇၁၂ AAR)

ပြည်ထောင်စုမြန်မာနိုင်ငံတော်
စာရင်းစစ်ချုပ်ရုံး
Level-1&2
Accounting Course
[For 2004 November Exam:]

၁။ **သင်တန်းဖွင့်လှစ်မည့်ရက်**	-	၅-၆-၂၀၀၄
၂။ **သင်တန်းဖွင့်လှစ်မည့်နေရာ**	-	စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်း ၁/၁၉ သခင်မြပန်းခြံလမ်း အလုံမြို့နယ်
၃။ **သင်တန်းချိန်**	-	၇း၀၀ နာရီ မှ ၉း၀၀ နာရီ (တနင်္လာ၊ ဗုဒ္ဓဟူး၊ ကြာသပတေး) ၁၄း၀၀ နာရီ မှ ၁၆း၀၀ နာရီ (စနေ/တနင်္ဂနွေ)
၄။ **သင်တန်းကာလ**	-	(၅) လခန့်
၅။ **သင်တန်းကြေး**	-	ကျပ် ၁၃၅၀၀
၆။ **ဆက်သွယ်စုံစမ်းရန်**	-	ဒေါ်တင်တင်ပု သင်တန်းမှူး စာရင်းစစ်ချုပ်ရုံး၊ သင်တန်းကျောင်း

ဖုန်း-၀၁-၂၂၇၂၄၆၊ ၂၂၂၈၃၁၊ ၂၂၂၈၃၂ လိုင်းခွဲ-၃၆၀

တစ်လပြည့်
လွမ်းဆွတ်သတိရခြင်း
မေသွယ်ခိုင်(ခ)မိုနီ
၂၂-၄-၂၀၀၄
အသက်(၁၄)နှစ်

သမီးကလေး မိုနီ ဒီနေ့ဆိုရင် သမီးလေး ဖေဖေ-မေမေနဲ့ ညီမလေးတို့ကို ခွဲခွာသွားခဲ့တာ တစ်လတင်းတင်းပြည့်ပြီ သမီးရယ်၊ ဖေဖေမေမေတို့ရဲ့ ရင်ထဲမှာတော့ သမီးလေးဟာ စက္ကန့်နဲ့အမျှ ရှင်သန်နေလျက်ပါ။ သမီးလေးအတွက် နေ့စဉ်အပတ်စဉ် ပြုလုပ်ပေးတဲ့ ကုသိုလ်ကောင်းမှုအစုစုကို သမီးလေး ရောက်ရာ ဘုံဘဝကနေ သာဓုခေါ်နော်။

သမီးလေး မိုနီရေ
အမျှ-အမျှ-အမျှ။

ဖေဖေ-မေမေ
ညီမလေး အိသဲဖြူ။

၂၀၀၄ ခုနှစ် ရွှေတိဂုံစေတီတော်ဓာတ်ပုံပြိုင်ပွဲ ရောင်စုံဓာတ်ပုံပြိုင်ပွဲယှဉ်ပြိုင်ရန်ဖိတ်ခေါ်ခြင်း

ရွှေတိဂုံစေတီတော်ဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေးလုပ်ငန်းကော်မတီ၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံဓာတ်ပုံအသင်းနှင့် ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့တို့ပူးပေါင်း၍ လေးဆူဓာတ်ပုံရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် သာသနိကအဆောက်အအုံများအား မျက်မှောက်ကာလတွင် ဖူးမြော်ကြည်ညိုရသည့် မြင်ကွင်းစုံတို့ကို ဓာတ်ပုံပညာဖြင့် မှတ်တမ်းပြုနိုင်ရန် ရောင်စုံဓာတ်ပုံပြိုင်ပွဲကို အောက်ပါအတိုင်း ကဏ္ဍများခွဲခြား ကျင်းပသွားမည်ဖြစ်ပါသည်။

ကြည်ညိုဖွယ်အဖုံဖုံ မြတ်ရွှေတိဂုံကဏ္ဍ	–	ရွှေတိဂုံစေတီတော်မြတ်ကြီးကို မိမိတို့နှစ်သက်ရာရှုထောင့်အမျိုးမျိုးမှ ရိုက်ကူးထားသည့် ဓာတ်ပုံများ။
ရွှေတိဂုံဝန်းကျင် ရှုလေလျှင်ကဏ္ဍ	–	စေတီတော်ဝတ္တကမြေအတွင်းရှိ စေတီပုထိုး၊ ရုပ်ပွားဆင်းတု၊ တန်ဆောင်းဇရပ်၊ စောင်းတန်း၊ ရေတွင်းရေကန်၊သစ်ပင်ပန်းမန်အစရှိသော သာသနိကအဆောက်အအုံ ဝတ္ထုပစ္စည်းများကို ရိုက်ကူးထားသည့် ဓာတ်ပုံများ။
မြတ်ရွှေတိဂုံ ကုသိုလ်စုံကဏ္ဍ	–	စေတီတော်မြတ်ကြီး၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော ပွဲတော်များ၊ ရဟန်းခံရှင်ပြု အလှူပွဲများ၊ ဝတ်ရွတ်၊ ဆွမ်းတော်ကပ်၊ တံမြက်လှဲ၊ ရောင်တော်ဖွင့်စသည့် ဘာသာရေးဆိုင်ရာ ဆောင်ရွက်မှုများကို ရိုက်ကူးထားသည့် ဓာတ်ပုံများ။
ရိုက်ကူးကာလနှင့် ဓာတ်ပုံအရွယ်အစား	–	၁-၁-၂၀၀၃ ရက်မှ ၁၅-၉-၂၀၀၄ ရက်အတွင်း ရိုက်ကူးသည့် ၁၂လက်မ x ၁၈ လက်မအရွယ် ဆေးရောင်စုံဓာတ်ပုံ။
ပေးပို့ရမည့်ဓာတ်ပုံအရေအတွက်	–	အရေအတွက်အကန့်အသတ်မရှိ။
ဓာတ်ပုံနောက်ဆုံးပေးပို့ရမည့်အချိန်	–	၁၅-၉-၂၀၀၄ ရက်၊ ညနေ ၄ နာရီ။
ဆုချီးမြှင့်ခြင်း(တစ်ကဏ္ဍချင်းအတွက်)	–	ပထမဆု ကျပ် ၃၀၀၀၀၀
	–	ဒုတိယဆု ကျပ် ၂၀၀၀၀၀
	–	တတိယဆု ကျပ် ၁၀၀၀၀၀
	–	နှစ်သိမ့်ဆု ငါးဆု ကျပ် ၅၀၀၀၀ စီ
ဓာတ်ပုံပေးပို့ရန်နှင့် ဆက်သွယ်စုံစမ်းရန်	–	ဂေါပကအဖွဲ့ရုံး၊ ရွှေတိဂုံစေတီတော် ဖုန်း-၂၅၁၈၅၁ မြန်မာနိုင်ငံဓာတ်ပုံအသင်း အမှတ်(၂၇-၂၉)၊ ၃၅ လမ်း(အောက်) ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ဖုန်း-၃၇၃၁၆၇

ထိမ်းမြားမင်္ဂလာကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (က)ရပ်ကွက် နွယ်သာကီ(၂)လမ်း၊ အမှတ် ၆၃၄ နေ
ဦးအောင်မြင့်ရှိန် Maintenance Engineer [Pelmec Industries Pte Ltd. Singapore]-ဒေါ်ဆန်း
တို့၏သား
မောင်နေမိုးအောင်
Dip in Mechatronics (Temasek Polytechnic, Singapore)
Associate Engineer (Matsushita Electric Motorc(s) Pte Ltd. Singapore
နှင့်
ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ဈေးကုန်းအနောက်ရပ်ကွက် ဂန္ဓာမာလမ်း၊ အမှတ် ၁၁ နေ
ဦးအောင်ခန့် (တရားရုံးချုပ်ရှေ့နေ)-(ဒေါ်စန်းကြည်)
တို့၏သမီး
မသင်းသင်းအောင်ခန့်
A.G.T.I (Civil), B.Tech (Civil), B.E (Civil)

တို့၏ ၁၅-၅-၂၀၀၄ ရက်တွင် ထိမ်းမြားမင်္ဂလာ လက်ထပ်စာချုပ်ချုပ်ဆိုပေးသော ရန်ကုန်မြောက်ပိုင်း ခရိုင်တရားရုံး၊ ဒုတိယခရိုင် တရားသူကြီး (၁) ဒေါ်အေးအေးသိန်းအားလည်းကောင်း၊ ၁၅-၅-၂၀၀၄ရက်တွင် Central Hotel ၌ ကျင်းပသော မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ကြသော ဂုဏ်သရေရှိ လူကြီးမင်းများ၊ မိတ်ဆွေအပေါင်းအသင်းများ၊ ခင်မင်ရသော သူငယ်ချင်းများနှင့် နှစ်ဖက်သော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းများကို လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်နေမိုးအောင်-မသင်းသင်းအောင်ခန့်။

(၂၂)နှစ်မြောက်မင်္ဂလာဆုတောင်း (၂၂-၅-၂၀၀၄)

ချစ်ဖေဖေဦးဝင်းထင်(MD, MAY DEVELOPMENT CO., LTD.) နှင့် ချစ်မေမေဒေါ်မေပြုံးမြင့်တို့၏ ၂၀၀၄ ခုနှစ် မေလ ၂၂ ရက်နေ့တွင် ကျရောက်သော (၂၂)နှစ်မြောက်မင်္ဂလာရက်မြတ်မှသည် ငွေရတု၊ ရွှေရတု၊ စိန်ရတုတိုင် ချစ်သမီးနှင့်အတူ ကျန်းမာ၊ ချမ်းသာစွာဖြင့် လောကီ၊ လောကုတ္တရာအကျိုးတရားများကို ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်---။

တစ်ဦးတည်းသောချစ်သမီးလေး-ယုယုဝင်းထင်(Dimple)
Webster University, Cha-am, Thailand









၂၀၀၄ ခုနှစ်
အိုလံပစ်နေ့အထိမ်းအမှတ်(အကြို)
မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်မှ ကြီးမှူးကျင်းပသော
BBB Cup
အမျိုးသားအလွတ်တန်းပိုက်ကျော်ခြင်း (Regu) ပြိုင်ပွဲ
မန္တလေးမြို့

၂-၆-၂၀၀၄ မှ ၆-၆-၂၀၀၄
တစ်သင်းလျှင် ပြိုင်ပွဲဝင်ကြေး ၁၀၀၀ိ/-
"မြန်မာ့ လက်ရွေးစင်ဖြစ်ဖူးသူများ ပါဝင်ခွင့်မရှိ"

ဆုကြေးငွေ ပထမဆု ၂၀၀,၀၀ိ/- ဒုတိယဆု ၁၅၀,၀၀ိ/-
တတိယဆု ၁၀၀,၀၀ိ/- စတုတ္ထဆု ၅၀,၀၀ိ/-

ဆက်သွယ်ရန် – မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ် ဖုန်း-၀၁-၅၇၇၄၆၁
BBB စားသောက်ဆိုင် အမှတ်(၂၉၂)၊ (၇၆)လမ်း၊ ၂၆/၂၇ကြား(မန္တလေး) ဖုန်း-၀၂-၂၅၆၂၃၊ ၀၂-၆၁၄၈၄၊

ခြင်းလုံးတစ်လုံးလျှင် (ကျား/မ) ၃၀၀ိ/-
မာရသွန်ခြင်းလုံးပိုက် တစ်ခုလျှင် ၁၀၀၀ိ/-
အထူးသက်သာသောဈေးနှုန်းဖြင့် မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်တွင် ဝယ်ယူနိုင်သည်။

လူပျောက်ကြော်ငြာ

အထက်ပါဓာတ်ပုံရှင် ဒေါ်အေးသိန်း အသက်(၈၃)နှစ် အသားဖြူ၊ ပိန်ပိန်၊ ဆံပင်ဖြူ၊ စိတ်မမှန်သူသည် ၁၈-၅-၂၀၀၄ရက်တွင် ရန်ကင်း၊ ကျောက်ကုန်း ဇမ္ဗူရာဇ်လမ်း၊ အိမ်အမှတ်၃(က)မှ ပျောက်ဆုံးသွားပါ၍ တွေ့ရှိသူများ အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်ပေးပါက ထိုက်တန်စွာ ကျေးဇူးဆပ်ပါမည်။

ဖုန်း-၀၉-၅၀ ၁၅၈၆၄၊ ၅၅၅၈၂၅၊ ၅၅၅၇၂၁၊ ၇၂၄၁၇၂၊ ၇၂၅၆၆၆

တိုက်ခန်းငှားမည်

ကန်တော်ကလေး ၉၃ လမ်း၊ သုံးလွှာ ၁၃ပေ ခွဲ x ပေ ၅၀ HT ရေမီးစုံ၊ Ph :ပါ။(ပွဲစားမလို) ညနေ ၆း၀၀နာရီမှ နံနက်၉း၀၀နာရီအတွင်း (Ph: 382569)

ဇော်မျိုးထက် (ခ) မျိုးသီဟဇော်
အသက် (၂၂)နှစ်
လေးနှစ်ပြည့် (၂၂-၅-၂၀၀၄)
လွမ်းဆွတ်သတိရခြင်း

ရက်များ၊ နှစ်များ ကုန်လွန်သော်လည်း သားလေးကို နေ့စဉ်နှင့်အမျှ သတိရ၊ လွမ်းနေဆဲပါ။ ကောင်းမှု ကုသိုလ်ပြုသမျှ သားလေး ရောက်ရာဘဝမှ သာဓုခေါ်ပါ။

အစဉ် လွမ်းဆွတ်သတိရလျက်
ဖေဖေ၊ မေမေ၊ ကိုကို။

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်လှကြည် (တန်ရှောက်ဟုန်)
အသက် (၇၅)နှစ်

ဦးမျိုးဝင်း-ဒေါ်ခင်မာလာတို့၏ မိခင် ဒေါ်လှကြည်သည် ၁၇-၅-၂၀၀၄ရက်တွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲ ရပါကြောင်း။

Tristar General Trading Co.,Ltd.
Eastern Star Trading Co.,Ltd.
Myanmar 21st Century Group Co.,Ltd.

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်သန်းရင် အသက်(၈၄)နှစ်

ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် ဦးစံဖေရပ်ကွက် လေးထောင့်ကန်လမ်း အမှတ်(၅၉)နေ မြန်မာကောင်စစ်ဝန်ချုပ်ရုံး၊ ကူမင်းမြို့မှ သံရုံးစာရေး၊ ဦးဝင်းဇော်-ဒေါ်ကြူကြူတို့၏ မိခင်သည် ၁၅-၅-၂၀၀၄ရက်နေ့တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ကောင်စစ်ဝန်ချုပ်၊ ဇနီးနှင့် ဝန်ထမ်းမိသားစုများ။

ဘုရား၊ ရဟန်း၊ သိမ်၊ ဇရပ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်မမကြီး(ခ)ဒေါ်ဖွားတင်
အသက်(၈၈)နှစ်

ချောင်းဆုံမြို့၊ မုရစ်ကြီးရွာအရှေ့ပိုင်း နေ (ဦးရွှေဝါ-ဒေါ်အေးစိန်)တို့၏ သမီး၊ ဘီးလင်းသကြားစက် ငွေပေးတာဝန်ခံအရာရှိ (ဦးအေးမောင်)၏ဇနီး၊ မော်လမြိုင်မြို့နေ ဦးဖေတင်-ဒေါ်လုံးတင်၊ မုရစ်ကြီးရွာအရှေ့ပိုင်းနေ ဦးမောင်ဒွေး-ဒေါ်သန်းတင်(ခ)ဒေါ်မယ်ကျယ်၊ ဒဂုံမြောက်ပိုင်းနေ (ဦးခင်မောင်ကို)-ဒေါ်မြတ်မွန်(ခ)ဒေါ်မြတ်တင်တို့၏အစ်မကြီး၊ မှော်ဘီ စက္ကူစက်ဝန်းနေ ဦးခင်မောင်စိုး(အလုပ်ရုံခွဲမှူး)-ဒေါ်မူမူအောင်(မူလတန်းကျောင်းအုပ်-ငြိမ်း)၊ အမှတ် ၁၃၊ ဥက္ကံသကြားစက်ဝန်းနေ ဦးတင်ရွှေ(လက်ထောက် စက်ရုံမှူး၊ ထွေစီ)-ဒေါ်ခင်ဌေးဌေး(ခ)ဒေါ်ခိုင်ခိုင်အေး(အကြီးတန်း လက်နှိပ်စက်၊ ငြိမ်း)၊ မှော်ဘီ စက္ကူစက်ဝန်းနေ ဦးမျိုးသန့်(ထွေစီ)-ဒေါ်ချိုချိုစိုးတို့၏မိခင်၊ မြေး ၁၀ ယောက်၊ မြစ်ခုနစ်ယောက်တို့၏ဘွားဘွားကြီးသည် ၂၀-၅-၂၀၀၄ရက် (ကြာသပတေးနေ့)နံနက် ၈း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မှော်ဘီ စက္ကူစက်ဝန်းနေ ဦးမျိုးသန့်-ဒေါ်ချိုချိုစိုးတို့၏ နေအိမ်မှ ၂၂-၅-၂၀၀၄ရက် (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ထောက်ကြန့်မြို့ ရှောင်လမ်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ကျေးဇူးတင်ရှိခြင်း
ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
ဒေါ်တင်တင်ညွန့် (ပဲခူး)
အသက်(၈၃)နှစ်

ဒေါ်တင်တင်ညွန့်၏ဈာပနကိစ္စတွင် လိုလေသေးမရှိ ကူညီဆောင်ရွက်ပေးပြီး ဈာပနအခမ်းအနားသို့ လိုက်ပါပို့ဆောင်ကြသည့် စစ်ဘက်၊ နယ်ဘက်မှ ဌာနဆိုင်ရာ အကြီးအကဲများ၊ မိသားစုဝင်များ၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့် ရပ်ဝေးရပ်နီးမှ တယ်လီဖုန်းဖြင့် အားပေးနှစ်သိမ့်ကြသူများ၊ လှူဒါန်းဖွယ်ရာ ဝတ္ထုပစ္စည်းများ၊ လွမ်းသူ့ပန်းခွေပန်းခြင်း ပေးပို့ကြသူများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို ကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ရွှေပန်းထိမ်ဆရာကြီး ဦးတင်ရွှေ (ဓနုဖြူ)
အသက်(၈၀)

ဓနုဖြူမြို့၊ (၄)ရပ်ကွက်၊ ဥမ္မာဒန္တီလမ်း၊ အမှတ် ၄၆ နေ (ဒေါ်ညွန့်ကြည်)၏ခင်ပွန်း၊ ညောင်တုန်းမြို့နယ်၊ သံကြိုးဆရာတော် ဘဒ္ဒန္တ ကုဏ္ဍလာဘိဝံသ၏ ရဟန်းဒါယကာကြီး၊ (ဒေါ်မြင့်မြင့်သန်း)၊ ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ၃၂ လမ်း၊ အမှတ် ၇၄ နေ (ဦးအောင်စိုး)-ဒေါ်မြင့်မြင့်သိန်း (စည်ပင်ဦးစီး/ရုံးချုပ်)၊ ဦးထွန်းဦး၊ ဦးကံထွန်း-ဒေါ်မြင့်မြင့်ဟန်(ဓနုဖြူ စာရင်းရုံး)၊ ဒေါ်ခင်မျိုးကြည်၊ ဦးထင်လင်းနိုင်-ဒေါ်ခင်သီမာ၊ ဒေါ်ညိုညိုခိုင်(ANA)တို့၏ဖခင်၊ မောင်တေဇာလင်း၊ မအေးမွန်ကျော်၊ မခိုင်ခန့်ချို၊ မောင်မိုးသက်တင်၊ မခိုင်ခိုင်လင်းတို့၏အဘိုးသည် ၂၁-၅-၂၀၀၄ရက် (သောကြာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၅-၂၀၀၄ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ဓနုဖြူမြို့ နေအိမ်မှ ရွှေရောင်ပြသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဦးကျော်သိန်းဇော်
(ဒုလ/ထအကောက်ခွန်မှူး)
ကံမမြို့နယ်အသင်း(ရန်ကုန်)အသင်းဝင်
အသက်(၄၁)နှစ်

မကွေးတိုင်း၊ ကံမမြို့၊ ကျောင်းဆရာကြီး (ဦးထွန်းဉာဏ်)-ဒေါ်ရှမ်းစိန်တို့၏သား၊ ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဌာနလမ်း၊ အမှတ် ၃၈ နေ ဦးငြိမ်းမောင်(အကောက်ခွန်ဦးစီးမှူး၊ ငြိမ်း)-(ဒေါ်ဘေဘီ)တို့၏သားသမက်၊ ဒေါ်နီလာ၏ခင်ပွန်း၊ မရည်မွန်(အထက-၆၊ အလုံ)၏ဖခင်သည် ၂၁-၅-၂၀၀၄ရက် နံနက် ၄း၄၅ နာရီတွင် U.H.C အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၂၃-၅-၂၀၀၄ရက် (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ရဟန်းအမ
ဒေါ်သိန်းမှီ
(ကျောက်တန်းမြို့နယ်၊ အဒ္ဒွတ္တောကျေးရွာ)
အသက်(၇၃)နှစ်

ရန်ကုန်တိုင်း၊ ကျောက်တန်းမြို့နယ်၊ အဒ္ဒွတ္တောကျေးရွာနေ ဦးသာခင်- ဒေါ်စောတင်တို့၏သမီး၊ (ဦးညွန့်မောင်)၏ဇနီး၊ ဦးကြည်ဝင်း-ဒေါ်အေးမော်၊ ဦးတင်အောင် (မြဝတီ ရုပ်/သံ)-ဒေါ်အေးမူ၊ ဦးဝင်းရီ(ရေကြောင်းဦးစီး) - ဒေါ်အေးဝင်း၊ တကတင်ထွေး(နယ်လှည့်ပြည်သူ့ဆက်ဆံရေး-၃)၊ ဒုရဲအုပ် တင့်လွင်ဦး (တာမွေရဲစခန်း)-ဒေါ်ပြုံးပြုံးရီ၊ ဦးခင်မျိုး-ဒေါ်စန်းစန်းဝင်းတို့၏မိခင်၊ မြေး ၁၁ ယောက်တို့၏အဘွားသည် ၂၀-၅-၂၀၀၄ရက် ညနေ ၄ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၄-၅-၂၀၀၄ရက်တွင် အဒ္ဒွတ္တောသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ချွာအိုက်ကီး(ခ)ဦးမောင်ကြီး
အသက်(၆၅)နှစ်

ရန်ကုန်မြို့၊လသာမြို့နယ်၊ ၁၉ လမ်း၊ အမှတ် ၂၆(သုံးထပ်)နေ (ဦးကြည်ချွမ်း-ချွာတင်မေ)တို့၏သားထွေး၊ ဒေါ်မြင့်မြင့်သန်း၏ခင်ပွန်း၊ မစန်းစန်း၊ မလှလှ-ကိုဝင်းအေး၊ မခင်ခင်-ကိုမောင်အေး၊ မစိန်စိန်-ကိုလေးဝင်း၊ မထွေးထွေး-ကိုမြင့်ဦး၊ မတင်တင်-ကိုထွန်းအောင်၊ မအေးအေး၊ မယဉ်ဝင်း-ကိုဝင်းနိုင်၊ မချိုချိုတို့၏ဖခင်၊မြေးကိုးယောက် တို့၏ အဘိုးသည် ၂၀-၅-၂၀၀၄ ရက်တွင် အာရှတော်ဝင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၂၂-၅-၂၀၀၄ရက် နံနက် ၁၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်ရီရီချို(ခ)ဒေါ်ခင်အေးမွန်
(လပွတ္တာမြို့)
အထက(၂)မြောက်ဥက္ကလာ
အသက်(၅၄)နှစ်

ရန်ကုန်တိုင်း၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ မင်္ဂလာလမ်း၊ အမှတ် ၁၄၆/ခ နေ ဦးဟန်စိန်-ဒေါ်ခင်ကြည်တို့၏သမီး၊ (ဦးချစ်ပိုင်-ဒေါ်မယ်ဉာဏ်)တို့၏သမီးချွေးမ၊ ဦးသန်းလွင်-ဒေါ်လှလှ၊ ဦးစိုးလွင်-ဒေါ်ကျင်ထွေး၊ ဦးသန်းဇော် - ဒေါ်အေးမြင့်ကြည်တို့၏အစ်မ၊ ဦးလှသောင်း၏ဇနီး၊ မယုဇနသောင်း၊ မောင်သောင်းစိုးထိုက်၊ မောင်သောင်းကျော်ဇေယျတို့၏ မိခင်သည် ၂၀-၅-၂၀၀၄ရက် (ကြာသပတေးနေ့) ည ၇ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၂-၅-၂၀၀၄ရက်(စနေနေ့)တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈း၄၅ နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဦးလှဝင်းမောင်(ခ)ဦးမဲ
အသက်(၅၂)နှစ်

နတ်တလင်းမြို့၊ အပြင်သာစည်တန်းနေ (ဦးစိုးမြင့်)-ဒေါ်သန်းညွန့်တို့၏သားကြီး၊ အမှတ် ၁၉၊ ၅၃ လမ်း၊ ပုဇွန်တောင်မြို့နယ်နေ (ဦးသိန်းအောင်)-ဒေါ်တင်တင်တို့၏သားသမက်၊ အမှတ် ၃၅၀၊ အင်ကြင်းလမ်း၊ (၁၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နေ ဒေါ်စန်းစန်းမြင့်၏ခင်ပွန်း၊ မောင်ကျော်သူရအောင်-မဝင်းမာဦး၊ မောင်အောင်ကိုလင်း-မနန်းချိုချိုဝင်းမောင်၊ မမီမီဝင်းမောင်၊ မမွန်ရည်ထွေးတို့၏ဖခင်သည် ၂၁-၅-၂၀၀၄ရက် နံနက် ၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၅-၂၀၀၄ရက်(တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ [အမှတ် ၃၅၀၊ အင်ကြင်းလမ်း၊ (၁၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။]

ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
ဦးခင်သိန်း
ညွှန်ကြားရေးမှူးချုပ်(အငြိမ်းစား)
(အခွန်အယူခံခုံအဖွဲ့)
အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ စုပေါင်းအိမ်ရာ၊ ခရေမြိုင်လမ်း၊ အမှတ် ၁၃/၄ နေ (ဦးစိုး-ဒေါ်ရင်)တို့၏သား၊ ဒေါ်တင်မြင့်၏ခင်ပွန်း၊ ဦးမောင်မောင်သိမ်း(အထွေထွေမန်နေဂျာ၊မြန်မာ့အာမခံလုပ်ငန်း)၊ ဒေါ်မွန်မွန်တာ(ပါမောက္ခ၊ ဥပဒေပညာဌာန၊ ပုသိမ်တက္ကသိုလ်)၊ ဒေါ်နွယ်နွယ်သိန်း(ဒုဦးစီးမှူး၊ လမ်းမတော်မြို့နယ်၊ အခွန်ရုံး)၊ ဒုတိယဗိုလ်မှူးကြီးလှအောင် (တပ်မတော်-လေ)-ဒေါ်နွယ်နွယ်သိန်း (ဒုတိယခရိုင်တရားသူကြီး၊ မိတ္ထီလာ)၊ ဦးသန့်ဇင်၊ ဦးဌေးဝင်း(Fugiyama Shipping Co.)-ဒေါ်ခင်ဝင်းနွယ်(လ/ထ ကထိက၊ မြန်မာစာဌာန၊ ငြိမ်း)၊ ဒေါ်တင်တင်စိန်၊ ဒေါ်ခိုင်ခိုင်တို့၏ဖခင်၊မြေးလေးယောက်တို့၏အဘိုးသည် ၂၁-၅-၂၀၀၄ရက် နံနက် ၁၀ နာရီ၌ ကွယ်လွန်သွားပါ၍ ၂၅-၅-၂၀၀၄ရက် (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီ ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း

ဗိုလ်ချုပ်ကိုကို-ဒေါ်စဝ်နွန်းခွန်ဆမ်တို့၏ညီမ ဒေါ်စဝ်ဆောင်းခွန်ဆမ်(ခ) မဆောင်းသည် ၅-၅-၂၀၀၄ရက်တွင် ကွယ်လွန်သွားကြောင်းသိရ၍ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးအုန်းပွင့်-ဒေါ်တင်မေထွန်း
ဦးဘိုလေး-ဒေါ်မေရီ
မြန်မာ-ထိုင်းနယ်ခြားကော်မတီ
တာချီလိတ်မြို့။

ကျေးဇူးတင်ရှိခြင်း

၇-၅-၂၀၀၄ရက်တွင် မော်လမြိုင်ကျွန်းမြို့၌ ကွယ်လွန်သွားသော ဦးသိမ်းထွန်း(ခ)သခင်သိမ်းထွန်း(နိုင်ငံ့ဂုဏ်ရည်ဒုတိယဆင့်)အား မကျန်းမာစဉ် ဂရုတစိုက်ကုသပေးသော ဆရာဝန်၊ စာနာစိတ်ဖြင့်အိမ်သို့ လာရောက် အားပေးနှစ်သိမ့်ကြသူများ၊ ဈာပနကို လိုက်လံပို့ဆောင်ကြသော ဖခင်ကြီး၏မိတ်ဆွေများ၊ မိသားစု၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ ဈာပနကိစ္စတွင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီကြသူများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးအား ကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဒေါ်ကြည်ကြည်အေး
ဗန်းမော်အသင်း(ရန်ကုန်)
အသက်(၆၈)နှစ်

တောင်ဥက္ကလာပမြို့နယ်နေ ဦးစောရွှေ- (ဒေါ်ဆွေ)တို့၏သမီးကြီး၊ အမှတ် ၁၆၇၊ စိန်ပန်းလမ်း၊ သန်လျင်တံတားစီမံကိန်းကိုယ်ပိုင်အိမ်ရာဝင်းနေ ဦးမြင့်ဆွေ၏ဇနီး၊ ဦးအောင်ကိုကို (မြို့နယ်အုပ်ချုပ်ရေးမှူး၊ သံတောင်)၊ ဒေါ်နီလာဆွေ (ရန်ကုန်တိုင်း စည်ပင်)၊ ဦးဝဏ္ဏဆွေ-ဒေါ်သန်းသန်းဝင်း (အမက-၁၈၊ သာကေတ)၊ ဦးသီဟဆွေ-ဒေါ်သင်းသင်း၊ ဦးတေဇဆွေ-ဒေါ်ဌေးနွယ် (ငါးလုပ်ငန်းဦးစီး၊ ဓာတ်ခွဲခန်း)၊ ဦးသူရဆွေ-ဒေါ်စန္ဒာဝင်း၊ ဦးမိုးကျော်သူဆွေ (သိရောမဏိကုမ္ပဏီ) - ဒေါ်လဲ့လဲ့စိုး၊ ဦးနန္ဒကျော်သူဆွေ (3/O Uniteam Marine)၊ ဒေါ်ဝင်းယုမောင် (မြန်မာ့မီးရထား)၊ ကိုရဲနိုင်ဆွေ-ဒေါ်သီဂီစိုး၊ ကိုမင်းမြတ်ဆွေတို့၏မိခင်၊ မြေး ၁၂ ယောက်တို့၏ဘွားဘွားကြီးသည် ၂၁-၅-၂၀၀၄ရက် (သောကြာနေ့) နံနက် ၅း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၅-၂၀၀၄ရက်(အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်း၊ဒါယကာကြီး
ဦးဇော်ဝင်း
(အောင်ချမ်းသာ ပဲမျိုးစုံနှင့် ဆီမျိုးစုံရောင်းဝယ်ရေး)
အသက်(၄၉)နှစ်

(ဦးကျင်နိုင်-ဒေါ်ခင်ဝင်း)တို့၏သား၊ ရန်ကုန်မြို့နေ ဦးခင်မောင်လွင်-ဒေါ်အမာရီတို့၏သားသမက်၊ ရန်ကုန်မြို့၊ အမှတ် ၈၈၊ ၄၀၊ ၂ လမ်း၊ လှိုင်မြို့နယ်နှင့် အမှတ် ဃ/၃၈၊ ရေတမာလမ်း၊ အောင်ချမ်းသာပွဲရုံတန်း၊ မရမ်းကုန်းမြို့နယ်နေ ဒေါ်ဥမ္မာလွင်(ခ)မမီး၏ခင်ပွန်း၊ ဦးမြင့်အောင်-ဒေါ်ခိုင်မာလွင်၊ ဦးမျိုးဇော်ထွန်း - ဒေါ်ကေသီလွင်၊ ဒေါက်တာဦးညွန့်ဝေ-ဒေါ်သီတာလွင်၊ ဦးကျော်ကျော်လွင် - ဒေါ်ရွှေရွှေသန်း၊ ဦးညီလွင်-ဒေါ်မွန်ချိုတို့၏ ညီ/အစ်ကို၊ ကိုဇာရဲလွင်(Sabic Asia Pacific Pte Ltd.)၊ မခိုင်ထက်ထက်သူ(Final Yr; Eng)၊ မအိမ့်သရသူ(အထက-၂၊ ကမာရွတ်)၊မမြတ်ပိုးသော်(အထက-၂၊ ကမာရွတ်)တို့၏ဖခင်၊ တူ တူမ ရှစ်ယောက်တို့၏ဦးလေး၊ မြေးတစ်ယောက်တို့၏ဘိုးဘိုးသည် ၂၁-၅-၂၀၀၄ရက် (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် အာရှတော်ဝင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၂၃-၅-၂၀၀၄ရက် (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်း သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယိကာမကြီး
ဒေါ်ဟန်နု
အသက်(၇၅)နှစ်

ရန်ကုန်တိုင်း၊ ဒေါပုံမြို့နယ်၊ ကြည်စုရပ်ကွက်နေ (ဦးသိန်းမြင့်)၏ဇနီး၊(ဦးတင်ချို-ဒေါ်ငွေကြည်)၊ ဒုရဲမှူး အောင်မြင့် (ယာဉ်ထိန်း)-ဒေါ်နီလာလွင်၊(ဦးတိုးလှ)-ဒေါ်အေးမြဖိုလ်ကြီး စိုးညွန့်(လက်ထောက် ရေကြောင်းမှူးချုပ်)-ဒေါ်သီတာ၊ ကိုအောင်မင်းထွေး-မစန္ဒာဝင်းတို့၏မိခင်၊ မြေး ၁၈ ယောက်၊ မြစ် ၁၀ ယောက်တို့၏အဘွားသည် ၂၁-၅-၂၀၀၄ရက် (သောကြာနေ့)တွင်ကွယ်လွန်သွားပါ၍ ၂၃-၅-၂၀၀၄ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁း၃၀ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဦးစောဆင်မြူရယ်ပြေ
(အလယ်တန်းပြ၊ ငြိမ်း)
အသက်(၆၄)နှစ်

ရန်ကုန်တိုင်း၊ အလုံမြို့နယ်၊ အမှတ် ၄၀၄(က)၊ အောက်ကြည့်မြင်တိုင်လမ်း၊ ကရင်ခြံရပ်ကွက်နေ (သိက္ခာတော်ရ ဆရာကြီးဦးစောပန်းပြေ-နော်ကဘိသာ)တို့၏သား၊ ဆရာဦးစောကလယ်စေး-နော်ဒွိုးနာတို့၏မောင်၊ ဦးစောတာညော (ရုပ်ရှင်လုပ်ငန်း၊ ငြိမ်း)တို့၏ အစ်ကို၊ စောဂေးလ်ဆင်-နော်နီထူး၊ နော်ဆာလောလတို့၏ဦးလေး၊ နော်အိုင်ရင်းထူး၊ နော်ထီးဆဲဂေး၊ နော်ဟဲဂေဂေး၊ စောဖရီးဒန်ဂေးတို့၏အဘိုးသည် ၂၀-၅-၂၀၀၄ရက် နံနက် ၃း၁၅ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၂၂-၅-၂၀၀၄ရက် (စနေနေ့) နံနက် ၉ နာရီတွင် ဘင်တန်အောက်မေ့ဖွယ်ဘုရားကျောင်း(အထက-၁)ဝင်း၌ဝတ်ပြုပြီး ရေဝေးကရင်နှစ်ခြင်းခရစ်ယာန်သုသာန်သို့ ပို့ဆောင်ဂူသွင်း သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဒေါ်ခင်ဖြူ(ခ)ဒေါ်သန်းနု
လ-န-စရုံးချုပ်(ဝါဒီ)
တောင်သာ(ကျောက္ကာ)
အသက်(၄၈)နှစ်

မန္တလေးတိုင်း၊ တောင်သာမြို့နယ်၊ ကျောက္ကောရွာနေ ဦးဘိုကေ-ဒေါ်တင်မြိုင်တို့၏သမီး၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၉)ရပ်ကွက်၊ ညောင်ပင်လမ်းနေ (ဦးစံဦး-ဒေါ်ပန်းခင်)တို့၏ချွေးမ၊ (ဦးမင်းအောင်)၏ဇနီး၊ မောင်ဖြိုးဝေအောင်၊ မခင်ဆုနိုင် (စက်မှု-၁)၊ မောင်အောင်ဖြိုးမင်းတို့၏ မိခင်သည် ၂၁-၅-၂၀၀၄ရက် နံနက် ၂း၃၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့်၂၃-၅-၂၀၀၄ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ပဓာနနာယကဆရာကြီး
ဒေါ်ဉာဏဝံသီ(ခ) ဖွားဖွားဝံ
သက်တော်(၉၇)နှစ်

စမ်းချောင်းမြို့နယ်၊ ကျွန်းတောလမ်း၊ သမိဒ္ဒေါဒယ သုခိတာရာမ ဒေါ်ဉာဏစာရီ မြန်အောင် သီလရှင်စာသင်တိုက်ကြီး၏ ပဓာနနာယက ဆရာကြီး ဒေါ်ဉာဏဝံသီ(ခ)ဖွားဖွားဝံသည် ၁၃၆၆ခုနှစ် နယုန်လဆန်း ၃ ရက်(၂၁-၅-၂၀၀၄ရက်) သောကြာနေ့ ညနေ ၄း၄၅ နာရီတွင် ကွယ်လွန်သွားပြီဖြစ်ပါ၍(၂၃-၅-၂၀၀၄ရက်) တနင်္ဂနွေနေ့ ညနေ ၃ နာရီတွင် အထက်ပါကျောင်းတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (ကျောင်းတိုက်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။)

နာယကဆရာကြီးများနှင့် တပည့်ဒါယကာ၊ဒါယိကာမများ။

ရဟန်းဒါယိကာမကြီး
ဒေါ်လှကြည်
အသက်(၈၁)နှစ်

အမှတ် ၂၂၊ အေးစေတီလမ်း၊ ဆရာစံမြောက်(အရှေ့)ရပ်ကွက်၊ ရန်ကုန်မြို့နေ (ဦးဖိုးသင်-ဒေါ်ထွား)တို့၏ သမီးကြီး၊ (ဦးဖိုးလှ-ဒေါ်ဖွားကြိုင်)တို့၏ သမီးချွေးမ၊ (ဦးခင်မောင်)၏ဇနီး၊ ဦးအောင်သန်း-ဒေါ်နှင်းကြည်၊ (ဦးအောင်ကြည်-ဒေါ်သို)၊ (ဦးသန်းညွန့်)-ဒေါ်သန်းသန်းစိန်၊ (ဦးတင်အုန်း)-ဒေါ်ခင်အေး၊ဦးတင်မြင့် - ဒေါ်ခင်ဆွေတို့၏ အစ်မကြီး၊ ဦးကျော်သိန်း-ဒေါ်မြင့်မြင့်သန်း(သိန်းသန်းရတနာ)၊ ဦးမျိုးမြင့်-(ဒေါ်ခင်ညို) ဒေါ်ခိုင်ဇာတင့်၊ ဒေါက်တာဦးကျော်ရှင်-ဒေါ်စမ်းစမ်းကြူ၊ ဦးစိုးတင့်-ဒေါ်လှခင်ကြည်၊ ဦးတင်ထွန်း၊ ဦးခင်ဌေး-ဒေါ်တင်တင်ရီ၊ ဦးအေးနိုင်-ဒေါ်ဖြူဖြူ၊ ဦးသန်းမိုး - ဒေါ်ကြည်ကြည်ခင်တို့၏ မိခင်ကြီးသည် ၂၀-၅-၂၀၀၄ရက် (ကြာသပတေးနေ့) နံနက်တွင်ကွယ်လွန်သွားပါသဖြင့် ၂၂-၅-၂၀၀၄ရက်(စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(ဂွတ္တလစ်၊အေးစေတီလမ်း၊ အိမ်အမှတ် ၂၂ မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ရဟန်းဒါယိကာမကြီး
ဒေါ်လှကြည်
အသက်(၈၁)နှစ်

အမှတ် ၂၂၊ အေးစေတီလမ်း၊ဆရာစံမြောက်(အရှေ့)ရပ်ကွက်၊ ရန်ကုန်မြို့နေ (ဦးဖိုးသင်-ဒေါ်ထွား)တို့၏ သမီးကြီး၊ (ဦးခင်မောင်)၏ဇနီး၊ ဦးကျော်သိန်းဦး (1/E Pil Shipping Co., Ltd.)-ဒေါ်ဖြူဖြူချို၊ ဦးဇော်ဆန်းအောင်-ဒေါ်နီလာကျော်သိန်း (Sweet Scent)၊ ဦးဝေမိုးကျော်သိန်း-ဒေါ်လဲ့လဲ့အောင်၊ မသီဂီကျော်သိန်း၊ Mr. Motoyori Yamaguchi-ဒေါ်မြတ်ကေသီကျော်သိန်း(ခ)မြသဥ္ဇာလီ၊ ဦးရဲလင်း-ဒေါ်တင်မျိုးမျိုး၊ ဦးကျော်မျိုး-ဒေါ်သီတာရွှေစင်၊ ဦးခင်ကိုလတ်-ဒေါ်ခင်မျိုးမျိုး၊ ဦးဝေဖြိုး (2/O RCL Shipping Co., Ltd.)-ဒေါ်နန်းဖြူဖြူသန့်၊ ဦးကိုကိုအောင် (JFE Co., Ltd.)-ဒေါ်ဥမ္မာကျော် (JFE Co., Ltd.)၊ ဦးစိန်တိုး-ဒေါ်မြတ်မင်းခိုင်၊ မဇေယျာမြင့်၊ ကိုစိုးလင်းနိုင်၊ ဦးကျော်မြင့်-ဒေါ်ခင်မာလာ၊ မောင်စည်သူ၊ မောင်ဟိန်းဆက်၊ မောင်ပြည့်စုံဆက်၊ မောင်စွမ်းထက်တို့၏အဘွား၊ မြစ် ၁၄ ယောက်တို့၏ ဘွားဘွားကြီးသည် ၂၀-၅-၂၀၀၄ရက်(ကြာသပတေးနေ့) နံနက်တွင်ကွယ်လွန်သွားပါသဖြင့် ၂၂-၅-၂၀၀၄ရက် (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (ဂွတ္တလစ်၊ အေးစေတီလမ်း၊အိမ်အမှတ် ၂၂ မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်မြညိမ်း
(ဖျာပုံ)
အသက်(၆၇)နှစ်

(ဦးမောင်မြင့်-ဒေါ်တင်မြိုင်)တို့၏ သမီးကြီး၊ အမှတ် ၈၄(ခ)၊ ၁၂ လမ်း၊ (၉)ရပ်ကွက်၊ ဖျာပုံမြို့နေ ဦးထွန်းရီ၏ဇနီး၊ မလှလှကြင်၊ ကိုဇော်မင်းထွန်း၊ ကိုမျိုးမင်းထွန်း၊ မအေးမာမာထွန်းတို့၏ မိခင်သည် ၂၀-၅-၂၀၀၄ရက် ည ၉ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၅-၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် ဖျာပုံမြို့ လိပ်ဥကုန်းသုသာန်တွင်သင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဆရာတော် ဘဒ္ဒန္တ ပညိန္ဒ မဟာထေရ်
သက်တော်(၈၂)နှစ်၊ သိက္ခာတော်(၆၂)ဝါ

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ကျောက်တန်းကျေးရွာ ကျောင်းပေါင်းကျောင်းတိုက်၏ ပဓာနနာယက မုမွန်တောင်ပိုင်း ပဝါရဏာဂိုဏ်းကြီး၏ မဟာနာယက ကျိုက်ဒါတ်သုတ်ဆံတော်ရှင်၊ ကျိုက်မုပွန်စေတီတော်တို့၏ ဩဝါဒါစရိယဖြစ်တော်မူသော ဆရာတော် ဘဒ္ဒန္တ ပညိန္ဒ မဟာထေရ်မြတ်သည် ၁၃၆၆ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၂ ရက် (၁၂-၅-၂၀၀၄ရက်) စနေနေ့ ညနေ ၂း၄၂ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (အန္တိမဈာပနပူဇာသဘင်ကျင်းပမည့်ရက်ကို ထပ်မံကြေညာပါမည်။)

တပည့်သံဃာ၊ဒါယကာ၊ဒါယိကာမများ
ကျောက်တန်းကျောင်းပေါင်း၊မော်လမြိုင်မြို့။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယိကာမကြီး
ဒေါ်ကျင်လှ
အသက်(၈၂)နှစ်

တိုက်ကြီးမြို့နေ(ဦးရှော်-ဒေါ်ပု)တို့၏သမီးထွေး၊ ရန်ကုန်မြို့နေ (ဦးတင်အုံး)၏ဇနီး၊ရန်ကုန်မြို့၊အမှတ် ၂၃/E°၊ စောမဟာလမ်း၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်နေ (ဒုတိယဗိုလ်မှူးကြီးဝင်းနိုင်)-ဒေါ်ခင်စန်းရီတို့၏မိခင်၊ဦးအောင်နိုင်ဦး-ဒေါ်တင်မိုးသိန်း၊ ဦးကျော်ဝင်းနိုင်-ဒေါ်သက်နှင်းဒါ၊ဦးထွန်းဝင်းနိုင်တို့၏အဘွား၊ မြစ်နှစ်ယောက်တို့၏ဘွားဘွားကြီးသည် ၂၁-၅-၂၀၀၄ရက်(သောကြာနေ့)နံနက် ၈း၅၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဦးအုန်းတင် (ဟင်္သာတ)
ရုံးအုပ်(ငြိမ်း)
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
အမှုဆောင်
(မိုးကောင်း/သဲအင်းဂူဓမ္မာရုံ)
အသက်(၇၃)နှစ်

ဟင်္သာတမြို့နေ (ဦးရွှေ-ဒေါ်စိန်တုတ်)တို့၏သား၊ ရန်ကုန်မြို့၊ အမှတ် ၂၆၂၊ ပုလောလမ်း၊ (၁၈-B)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)နေ (ဦးအေးရွှေ)-ဒေါ်ငွေကျင်တို့၏သားသမက်၊ ဒေါ်ခင်ညိုညိုတင်-ဦးသိန်းကျော်ဝင်း(A.B-Monsoon Shipping Co,Ltd.)၊ ဒေါ်ခင်စန္ဒာတင် - ဦးအောင်လွင်စိုး(Rhino Earth Work)၊ မမာမာခိုင်(ခ)ဒေါ်လီမာ၊ မခင်ဆွေတင့်(ခ)နီနီမာ၊ ကိုကျော်ဇေယျ၊မခင်မြတ်သူတို့၏ဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၁၉-၅-၂၀၀၄ရက် ညနေ ၄ နာရီတွင် အာရှတော်ဝင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၅-၂၀၀၄ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

မောင်အာကာထက်(ခ) ကမ္ဘာကျော်
အထက(သုဝဏ္ဏ)
အသက်(၁၄)နှစ်

သုံးဆယ်မြို့၊ စံရွှေးရွာနေ (ဦးလှကိုး-ဒေါ်စိန်ရင်)၊ ရန်ကုန်မြို့၊ တိုက် ၆၀၊ အခန်း ၄၊ ပေါ်ဆန်းမွှေး ၆ လမ်း၊ သုဝဏ္ဏ၊ သဃ်န်းကျွန်းမြို့နယ်နေ ဦးလှိုင် (အငြိမ်းစား၊အမှုဆောင်အရာရှိ၊ကညန)-(ဒေါ်သိန်းတန်)တို့၏မြေး၊ဦးဝင်းမောင်-ဒေါ်မူမူလှိုင် (ကညန၊ ဒဂုံတောင်)တို့၏ သားငယ်၊ မောင်ဝေယံထက်(ခ)မောင်ပြည်ကျော် (1st Year Eco)၏တစ်ဦးတည်းသောညီ၊ ဦးတင်မြင့်-ဒေါ်ဝင်းဝင်းသိန်း(အငြိမ်းစား၊ကညန)၊(ဦးဝင်းလှိုင်-ဒေါ်ကြေးမုံအေး)၊ ဦးကျော်ရွှေ(တောင်ကြီး၊ ကညန)၊ ဒေါ်မြတ်မွန်လှိုင်(ငြိမ်း၊ ကညန)၊ ဦးဟန်နီလှိုင်-ဒေါ်ရီရင်း(ကြွယ်ကြွယ်တံဆိပ်ရိုက်လုပ်ငန်း)၊ ဦးအုန်းဟန်-ဒေါ်သန်းသန်းဌေးတို့၏တူ၊ ဖူးမွန်စုလှိုင်(Final year Math)၊ မောင်အောင်ငြိမ်းချမ်းလှိုင် [B.E (Ec.)]၊ သဲမွန်ဆုလှိုင် (ကွန်ပျူတာ တက္ကသိုလ် 2nd Year)၊ ကိုထွန်းထွန်း-ငြိမ်း(2nd Year Law)၊ ထား(စက်မှု-၂၊တာရာ)၊ မောင်မြတ်ဟိန်းကျော်(TTC တောင်ကြီး)၊ မနွေးသီတာ၊ ချစ်ကိုကို၊ ချစ်စု၊ ချစ်ပု၊ ဖြိုးနေဇာဦး၊ ကျော်ဝေယံတို့၏ ညီ/မောင်သည် ၂၁-၅-၂၀၀၄ရက် (သောကြာနေ့) ညနေ ၃း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၅-၂၀၀၄ ရက်(တနင်္ဂနွေနေ့)မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်မြသန်း (ရေနံချောင်း)
အသက်(၈၄)နှစ်

ညောင်ရွှေမြို့၊နန်းသီတာရပ်ကွက်နေ (ဦးကျင်မောင်)၏ဇနီး၊ ဒေါ်စန်းမြင့်၊ ဒေါ်စန်းတင့်-(ဦးမြ)၊ ဦးညွန့်ဖေ-ဒေါ်ခင်သန်းဆွေ၊ ဦးညွန့်ရွှေ-ဒေါ်သန်းသန်းဌေး၊ ဦးညွန့်ဝေ-ဒေါ်မို့မို့၊ ဦးခင်မောင်ဇင်-ဒေါ်ခင်ချိုဦး၊ ဦးခင်မောင်သိန်းတို့၏မိခင်၊ မြေး/မြစ် ၂၆ ယောက်တို့၏အဘွားသည် ၂၀-၅-၂၀၀၄ရက်(ကြာသပတေးနေ့)တွင်အထက်ပါညောင်ရွှေမြို့ နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၂၂-၅-၂၀၀၄ရက်(စနေနေ့) ညနေ ၃ နာရီတွင် ညောင်ရွှေမြို့နန်းသီတာသုသာန်၌ သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဒေါ်သန်းကြည် (ပုဂံမြို့)
အသက်(၇၉)နှစ်

ပုဂံမြို့နေ(ဦးစိန်-ဒေါ်ဖွားစိန်)တို့၏ သမီး၊ အမှတ်(၁) စစ်မှုထမ်းဟောင်းစံပြရွာ၊ အမှတ် ၄/၆/၇ နေ (ဦးထွန်းရှိန်)၏ဇနီး၊ ကိုအေးဝင်း-(ဒေါ်လှလှ)၊ ဦးခင်မောင်ရှိန်-ဒေါ်ရီရီဝင်း၊ ကျိုင်းတုံမြို့နေ ဒေါ်ရီရီနု(အထက-၂)၊ ဦးစောအယ်ထူး(မထသခွဲ-၉)-ဒေါ်ရီရီစုတို့၏ မိခင်၊ မောင်ချစ်ဖုန်းပိုင်၊ မောင်ချစ်မင်းနိုင်တို့၏အဘွားသည် ၂၀-၅-၂၀၀၄ ရက် နံနက် ၁၀း၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၂-၅-၂၀၀၄ရက် မွန်းတည့် ၁၂ နာရီတွင် လေးထောင့်ကန်သုသာန်တွင် သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဗိုလ်ကြီးမြင့်ဟန် (ငြိမ်း)
အလုံမြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင်
(အထပြ၊ ငြိမ်း၊ အထက-၅၊အလုံ)
အသက်(၆၃)နှစ်

ဝဏ္ဏကျော်ထင်(ဦးကျော်ထင်)(တိုင်းပညာဝန်၊ ငြိမ်း)-(ဒေါ်ရင်မေ) (ဆရာမ၊ ငြိမ်း)တို့၏သားထွေး၊ (ဦးဘအောင်-ဒေါ်ဖွားတင်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ အမှတ် ၆၊ သရဖီလမ်း၊ အလုံမြို့နယ်နေ ဒေါ်လှကြည်(အထက်တန်းကျောင်းအုပ် ဆရာမကြီး၊ ငြိမ်း)၏ခင်ပွန်း၊ မအေးလှဟန်၊ မောင်ကျော်စိုးဟန်၊ မောင်မြင့်မြတ်ဟန်၊ မောင်ကျော်မိုးဟန်၊ မဇာဇာဟန်၊ မောင်တင်ညီညီလတ်ထွေး၊ မရွှေလှဟန် (MRTV)တို့၏ဖခင်၊ မမေသူအောင်၊ မရွှေသူအောင်တို့၏အဘိုးသည် ၂၀-၅-၂၀၀၄ ရက် ည ၉း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၅-၂၀၀၄ရက် နံနက် ၁၁ နာရီ တွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်တင်တင်မိုး(ခ) ဒေါ်မြရည်
မန်နေဂျာ(ငြိမ်း)၊
ရန်ကုန်တိုင်းသမအသင်းစု
အသက်(၅၅)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အမှတ်(၁၄)ရပ်ကွက်၊အရိယမဂ္ဂင်လမ်း၊အမှတ် ၁၅ နေ (ဦးအဖုန်-ဒေါ်ကြင်)တို့၏သမီး၊ ဦးစိုးတင့်(ရန်ကုန်တိုင်း သမအသင်းစု၊ မန်နေဂျာ၊ ငြိမ်း)၏ဇနီး၊ ဦးအေးနိုင်-ဒေါ်မြင့်မြင့်ကြည်(မင်္ဂလာဈေး)၊ဒေါက်တာဝင်းကြိုင် - ဒေါ်ကြူကြူလွင် (တွဲဖက်ပါမောက္ခ၊ ရုက္ခဗေဒဌာန၊ ထားဝယ်တက္ကသိုလ်)၊ ဦးဝင်းနိုင်-ဒေါ်စန်းစန်းရီတို့၏အစ်မ၊ မောင်ဇေယျာစိုး၊ မောင်တေဇာစိုးတို့၏မိခင်၊ မခင်မြတ်နိုးသူ၊ မောင်မြတ်ကိုကိုတို့၏အဒေါ်သည် ၂၀-၅-၂၀၀၄ရက် (ကြာသပတေးနေ့)နံနက် ၀၁း၀၅ နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါ၍ ၂၄-၅-၂၀၀၄ရက်(တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ်စာ မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။

R. 488

နိုင်ငံတော်အစိုးရက ကျေးလက်ပြည်သူများ၏ အခြေခံလိုအပ်ချက်များ ပြည့်ဆည်းပေးလျက်ရှိ တစ်နိုင်ငံလုံးနှင့်သက်ဆိုင်သည့် စီမံကိန်းများကိုလည်း ချမှတ်အကောင်အထည်ဖော်ပေးနေ မြို့နယ်အဆင့်ဌာနဆိုင်ရာများ မိမိဒေသဖွံ့ဖြိုးရေး မှန်ကန်သောဦးဆောင်မှုဖြင့် စေတနာထားဆောင်ရွက်

ရန်ကုန် မေ ၂၁

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ *စာမျက်နှာ ၃ ကော်လံ ၁* ■

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ သန်လျင်မြို့နယ် ခရမ်းရေထိန်းတံခါး တည်ဆောက်ရေးလုပ်ငန်းခွင်၌ ရေထိန်းတံခါးတည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)



ညီလာခံအစည်းအဝေးတက်ရောက်သူ ၉၇ ဒသမ ၆၂ ရာခိုင်နှုန်းရှိ၍ အစည်းအဝေးအထမြောက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့်တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများ ကဏ္ဍအလိုက်ရှင်းလင်းတင်ပြ

ရန်ကုန် မေ ၂၁

အမျိုးသားညီလာခံစုံညီအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပရာ **(အောက်ပုံ)** နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် ဥပဒေပြုရေး၊အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီက တရားစီရင်ရေးကဏ္ဍ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုဦးစီးအဖွဲ့များ၏ ဥပဒေပြုခွင့်အာဏာ၊ ပြည်ထောင်စု၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့ ဥပဒေပြုစာရင်းများတွင်ဖော်ပြမထားသော အခြားကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဥပဒေပြုအာဏာခွဲဝေအပ်နှင်းရေး ပြည်ထောင်စုနယ်မြေများအတွက် ဥပဒေပြုခွင့်အာဏာ၊ လွှတ်တော်အဆင့်ဆင့်နှင့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုဦးစီးအဖွဲ့များက ပြဋ္ဌာန်းသည့်ဥပဒေများ၏ အကျိုးသက်ရောက်မှုတို့ကို ရှင်းလင်းတင်ပြကြသည်။ *စာမျက်နှာ ၆ ကော်လံ ၁* ☆

လက်တွဲဝန်းရံ အမျိုးသားညီလာခံ

ကဏ္ဍအလိုက် ရှင်းလင်း တင်ပြချက်များ

* **အရည်အချင်းပြည့်စုံသည့် တရားသူကြီးများ တရားစီရင်ရေးယန္တရား မောင်းနှင်ပေးခြင်းဖြင့် တရားရုံးနှင့် တရားသူကြီးများအပေါ် ပြည်သူယုံကြည်ကိုးစားမှုတိုးပွားလာမည်။**
  တရားသူကြီးချုပ်ဦးအောင်တိုး၏ တရားစီရင်ရေးကဏ္ဍ ရှင်းလင်းတင်ပြချက် (စာ-၁)
* **ပြည်သူများ၏ စားဝတ်နေမှုဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသအခြေအနေ ပေါ်မူတည်ပြီးစီမံဆောင်ရွက်ပေးရမည်။**
  ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်၏ ဥပဒေပြုခွင့်အာဏာနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြချက် (စာ-၈)
* **ဘဏ္ဍာရေးဆိုင်ရာ အခွင့်အာဏာများ ခွဲဝေရာတွင် သင့်တင့်မျှတစွာ ခွဲဝေဆောင်ရွက်ပေးသည့် နည်းလမ်းကို ကျင့်သုံးရန် လိုအပ်သည်။**
  ရှေ့နေချုပ်ဦးအေးမောင်နှင့်လုပ်ငန်းကော်မတီအတွင်းရေးမှူး ဦးသောင်းညွန့်တို့၏ အခွန်တော်ကောက်ခံခြင်းနှင့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းတို့အတွက် ရှင်းလင်းပြောကြားချက် (စာ-၁၀)